# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**လွန်စွာကပ်ငြိသည့်စိတ်**

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွား၏။

ပုပ္ဖဝဂ်(ဓမ္မပဒ–၄၇)


၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် | ၂၀၂၁ ခုနှစ်၊ မတ် ၁၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၆၉)


# COVID-19 Fund မှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလ သက်တမ်းတစ်နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19) ကြောင့်

ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်

ကုစားရေးလုပ်ငန်းကော်မတီ

သတင်းထုတ်ပြန်ချက် (၁/၂၀၂၁)

၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်

၁။ Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက COVID–19 ကပ်ရောဂါကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား ချေးငွေသက်တမ်းတစ်နှစ် (အတိုးနှုန်း ၁ %) ဖြင့် COVID–19 Fund မှ ချေးငွေထုတ်ပေးခြင်းကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ အစောဆုံး ထုတ်ပေးခဲ့သည့် ချေးငွေများမှာ မကြာမီကာလအတွင်း တစ်နှစ်ပြည့်မြောက်ပြီး ပြန်လည်ပေးဆပ်ရမည့်ကာလ စေ့ရောက်တော့မည် ဖြစ်ပါသည်။

၂။ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရာတွင် လုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၃။ သို့ပါ၍ COVID–19 Fund မှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေပြန်ဆပ်ရန် ကာလကို ချေးငွေကာလ သက်တမ်းတစ်နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်ပေးပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

## သုခတော်ဝင်အိမ်ရာ ဒုတိယအဆင့် ဆောက်လုပ်ပြီးစီးသည့်တိုက်များမှ ငွေပေးသွင်းပြီးသော တိုက်ခန်းတို့အား မဲနှိုက်နေရာချထား

**နေပြည်တော် မတ် ၁၇**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ သုခတော်ဝင်အိမ်ရာတွင် ဒုတိယအဆင့် ဆောက်လုပ်ပြီးစီးသည့် တိုက်များမှ ငွေပေးသွင်းပြီးသော မြေညီထပ် အခန်း (၃၀)၊ ပထမထပ် (၂၂) ခန်းနှင့် ဒုတိယထပ် (၁၄) ခန်း၊ စုစုပေါင်း (၆၆) ခန်းတို့အား မဲနှိုက်နေရာချထားခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ ကျင်းပသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

*စာမျက်နှာ – ၉*

**လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ဖြန့်ဝေနေမှုများအပေါ် မိဘပြည်သူများအနေဖြင့် နားမယောင်မိစေရေး သတိပြုကြစေလို**

*စာမျက်နှာ – ၁၂*

## မော်လမြိုင်မြို့တွင် ကမ္ဘောဇဘဏ် (ဈေးကြိုဘဏ်ခွဲ) ပြန်လည်ဖွင့် ပြည်သူများ အေးချမ်းစွာ ငွေသွင်းငွေထုတ်လျက်ရှိ




မော်လမြိုင်မြို့ ကမ္ဘောဇဘဏ် (ဈေးကြိုဘဏ်ခွဲ)တွင် ပြည်သူများ ငွေသွင်းငွေထုတ်ပြုလုပ်နေမှုကို တွေ့ရစဉ်။

**မော်လမြိုင် မတ် ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပုဂ္ဂလိကပိုင်ဘဏ်များကို ဖေဖော်ဝါရီလမှစတင်ကာ ယာယီပိတ်ထားခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ကမ္ဘောဇဘဏ် (ဈေးကြိုဘဏ်ခွဲ) ပြန်လည်ဖွင့်လှစ်၍ ပြည်သူများ အေးချမ်းစွာ ငွေသွင်းငွေထုတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဇဘဏ် (ဈေးကြိုဘဏ်ခွဲ)တွင် ငွေသွင်းငွေထုတ်ခြင်းကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်သူတစ်ဦးကို တစ်ပတ်လျှင် ငွေကျပ်သိန်း ၂၀၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများအတွက် တစ်ပတ်လျှင် ငွေကျပ်သိန်း ၂၀၀ ထုတ်ပေးသွားမည်ဖြစ်သည်။

ကမ္ဘောဇဘဏ် (ဈေးကြိုဘဏ်ခွဲ)အပြင် အခြားပုဂ္ဂလိကပိုင် ဘဏ်ခွဲများကိုလည်း မတ်လအတွင်း ဖွင့်လှစ်နိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

**မြန်မာ့အလင်း**

# တကယ့်အမှန်တရားကို သတိဖြင့် စိစစ်ဖွေရှာ

သတင်းများက လူများအပေါ်တွင် ဩဇာသက်ရောက်မှု၊ လွှမ်းမိုးမှုတို့ ဖြစ်ပေါ်လေ့ရှိသည်။ အထူးသဖြင့် လူများအကြား အုတ်အော်သောင်းတင်း လှုပ်ခတ်သွားစေသည့် သတင်းမျိုး၊ ဖြစ်စဉ်မျိုးကို မိတ္တူကူး၍ နောက်မှလိုက်လုပ်တတ်ကြခြင်းဖြစ်သည်။ တစ်ခေတ်တစ်ခါက နာမည်ကြီး သတင်းစာတစ်စောင်တွင် အချစ်ရေးအဆင်မပြေသည့် မိန်းကလေးတစ်ဦး မြစ်ထဲသို့ခုန်ချပြီး မိမိကိုယ်ကိုယ် သတ်သေသည့် သတင်းတစ်ပုဒ်ကို အကြောင်းအရာ၊ အချက်အလက်စုံစုံလင်လင် ဖြစ်စဉ်နှင့်တကွ ဝေဝေဆာဆာ ဖော်ပြလိုက်ရာ သတင်းစာဖတ်ပရိသတ်များ လွန်စွာစိတ်ဝင်စားသည့် သတင်းတစ်ပုဒ် ဖြစ်သွားသည်။ များမကြာမီမှာပင် အချစ်ရေး အဆင်မပြေသဖြင့် မိမိကိုယ်ကိုယ် သတ်သေမှုများ တစ်ခုပြီးတစ်ခု၊ ဟိုနယ် ဒီနယ် စသည်တို့တွင် ဖြစ်ပေါ်လာခဲ့သည့်အတွက် သတင်းထည့်ခဲ့မိသည့်အပေါ် ကြီးစွာနောင်တရခဲ့မိကြောင်း သတင်းစာဆရာကြီးတစ်ဦးက ရေးသားခဲ့ဖူးသည်။

ယခုခေတ်တွင် သတင်းများက ပိုမို၍ လျင်မြန်စွာ စီးဆင်းပျံ့နှံ့သည်။ လူမှုကွန်ရက်မီဒီယာပလက်ဖောင်းအသစ်သည် အရုပ်များ၊ အသံများ၊ စာလုံးများ စသည်တို့ဖြင့် ဖွဲ့စည်းထားသည့် သတင်းအချက်အလက်များကို အရောင်အသွေးစုံလင်တောက်ပစွာဖြင့် မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း ကွန်ရက်နယ်ပယ်ကျယ်သမျှ အတားအဆီးမရှိ ဖြန့်ဝေနိုင်သည်။ လူတိုင်းသည် သတင်းသမားများလည်း ဖြစ်နိုင်သလို သတင်း စားသုံးသူများလည်း ဖြစ်နိုင်သည်။ အတားအဆီးမရှိ ကူးယူက်ဖြန့်ဝေနေကြသည့် သတင်းများထဲတွင် သတင်းတု၊ သတင်းယောင်၊ သတင်းမှားများလည်း အမြောက်အမြား ပါဝင်နေကြသည့်အတွက် သတင်းအစစ်အမှန်ကို ရရှိနိုင်ရန် သတိဖြင့် ခွဲခြမ်းစိတ်ဖြာ စိစစ်နိုင်ဖို့လည်း လိုအပ်လာသည်။

လူမှုကွန်ရက်ကို သုံးစွဲသူများပြားလာသည်နှင့်အမျှ နာမည်ကြီးသူများ၊ ဩဇာညောင်းသူများလည်း ပေါ်လာသည်။ လူမှုကွန်ရက်၏ လွှမ်းမိုးမှုက သတင်းစာထက် လျင်မြန်မှုအရရော နယ်ပယ်ကျယ်ဝန်းမှုအရပါ အဆပေါင်းများစွာ သာသည်။ ကောင်းစွာအသုံးချနိုင်သူတို့ အလုပ်ဖြစ်ကြသည်။ လူမှုကွန်ရက်တွင် သနားစရာကောင်းအောင်ရေးလျှင် ဝိုင်း၍သနားကြသည်။ သူ့ထက် သနားဖို့ကောင်းသူပင်လျှင် သူ့လောက် သနားစရာမကောင်းအောင် ခံစားကြသည်။ လူမှုကွန်ရက်တွင် ဆဲချင်စရာကောင်းအောင် ဖော်ပြလျှင် ဝိုင်း၍ဆဲကြသည်။ တကယ့်အဖြစ်မှန်က ပြောင်းပြန်ဖြစ်နေမလားဟု စဉ်းစားသူက လွန်စွာနည်းလှသည်။ သတင်းမီဒီယာများတွင် အသက်မွေးဝမ်းကျောင်းပြုနေကြသူများမှာ ကျင့်ဝတ်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ရှိကြသော်လည်း လူမှုကွန်ရက်တွင်မူ ဤသို့မဟုတ်။ အကောင့်တုများအောက်တွင် ပုန်းကွယ်ပြီး မသမာမှုများပြုလုပ်ရန် အခွင့်အလမ်းများ ရှိနေသည်။

ယနေ့လူမှုကွန်ရက်တွင် ဖော်ပြနေမှုများက တိုင်းပြည်ပျက်စီးရာ ပျက်စီးကြောင်းဆီသို့ တွန်းပို့နေကြသည်။ ပြည်ပကျူးကျော်စစ်၊ ပြည်တွင်းစစ်တို့ကို ဖိတ်ခေါ်နေကြသည်။ မြို့ရွာများ ပြာပုံဘဝရောက်အောင်၊ သွေးချောင်းစီးအောင်၊ ကပ်ကြီးသုံးပါးဆိုက်အောင် အကုသိုလ်တရားကြီးမားစွာဖြင့် ကြံဆောင်ပြုလုပ်နေကြခြင်းဖြစ်ရာ ရေးသမျှယုံ၊ ပြောသမျှ နောက်ကလိုက်လုပ်မိနေသလားဟု မိမိကိုယ်ကိုယ် ဆန်းစစ်ကြည့်ကြရန် တိုက်တွန်းလိုသည်။ ရုန်းရင်းဆန်ခတ်မှုများ၊ ပဋိပက္ခများချုပ်ငြိမ်းရေး၊ ရပ်ရွာများအေးချမ်းသာယာရေး၊ အနိဋ္ဌာရုံမြင်ကွင်းများ ရှင်းလင်းပျောက်ကွယ်သွားရေး၊ တရားဥပဒေစိုးမိုးရေး တို့သည်သာ လက်ငင်းလိုအပ်ချက်များဟု ရှုမြင်ပြီး စိတ်ကောင်းနှလုံးကောင်းဖြင့် စိတ်တူသဘောတူ ဝိုင်းဝန်းကူညီကြခြင်းကသာ အေးငြိမ်းချမ်းသာမှုကို ဆောင်ကြဉ်းနိုင်မည်။ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုးခြင်းဖြင့် ကောင်းကျိုးကိုယ်နှိုက် တည်စေမည်ဖြစ်ပါကြောင်း။ ။

## ဒေါက်တာ ဗညားအောင်မိုး အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်အဖြစ် ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၀၄ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ ဗညားအောင်မိုးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ် ခန့်အပ်လိုက်သည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မတ် ၁၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

**၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။**

**၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။**

**၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။**

**၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် အများကြည်ညိုလေးစားခံရပြီး ပါတီနိုင်ငံရေးကင်းရှင်းသူများကိုသာ တာဝန်ပေး

ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ အသစ်ပြန်လည်ခန့်အပ်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ သက်တမ်းမှာလည်း ဥပဒေအရလဲလှယ်ရမည့်အချိန်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် လက်မခံသည့်လုပ်ရပ်မျိုးများ လုပ်ဆောင်နေကြသည်ကို တွေ့ရကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် အများကြည်ညိုလေးစားခံရပြီး အတတ်နိုင်ဆုံး ပါတီနိုင်ငံရေး ကင်းရှင်းသူများကိုသာ တာဝန်ပေးအပ်လိုကြောင်း၊ ပါတီနိုင်ငံရေး အရောင်အသွေးမကင်းသည့်အတွက် ယခုလိုလက်မခံသည့်ဖြစ်စဉ်မျိုးများ ဖြစ်ပွားလာခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ကြိုက်နှစ်သက်သည်၊ မကြိုက်နှစ်သက်သည်ရှိနိုင်ကြောင်း၊ ဒီမိုကရေစီရင့်ကျက်သည့်နိုင်ငံများတွင် စည်းကမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်မှုကို လက်ခံကြကြောင်း၊ ရပ်ကွက် ကျေးရွာများနှင့် အနီးစပ်ဆုံးဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများသည် နိုင်ငံရေးအရောင်အသွေး ကင်းရှင်းရန်လိုအပ်ကြောင်း၊ ယင်းအတွက် စိစစ်ဆောင်ရွက်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# မြန်မြန်သိ ချက်ချင်းဖြေရှင်းစနစ်ဖြင့် နွေရာသီကျေးလက်ဒေသရေရှားပါးမှုပြဿနာကို အချိန်မီဖြေရှင်းပေးနိုင်ရေးဆောင်ရွက်

နေပြည်တော် မတ် ၁၇

**နွေရာသီရေရှားပါးကျေးရွာများ သောက်သုံးရေရရှိရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးများနှင့် မြို့နယ်ဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### Solar စနစ်သို့ ကူးပြောင်း

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံ၏ လက်ရှိ သောက်သုံးရေရရှိနိုင်မှုအခြေအနေမှာ ၇၇ ရာခိုင်နှုန်း ကျော် ရှိပြီဖြစ်ကြောင်း၊ သို့ရာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ဆည်ရေ၊ ကန်များ ဝင်ရေလျော့နည်းခြင်း၊ အပူချိန်တိုးမြင့်လာသဖြင့် ရေများလျော့နည်းခန်းခြောက်လာခြင်းများ ဖြစ်ပေါ်နေမှုကြောင့် နွေရာသီရေရှားပါးမှုပြဿနာများကို ဆက်လက်ကြုံတွေ့နိုင်ကြောင်း ခန့်မှန်းသုံးသပ်ချက်များအရ လိုအပ်သည့် လတ်တလောဖြေရှင်းရမည့်ကိစ္စရပ်များ၊ ကာလတိုနှင့် ကာလရှည်စီမံမှုများ ဆောင်ရွက်သွားရန် လိုအပ်သည့် အစီအစဉ်များနှင့် ရေဖြန့်ဝေမှုစံနှုန်းများတွင် အခြေအနေပေးသည့် ဒေသတိုင်း၌ ဒီဇယ်ရေတင်စနစ်မှ Solar စနစ်သို့ ကူးပြောင်းဆောင်ရွက်ရေးအစီအစဉ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က နွေရာသီ ရေရှားပါးပြတ်လပ်နိုင်မှုအခြေအနေများ၊ ရေရှားပါးပြတ်လပ်ပါက ကာလတို၊ ကာလလတ် နည်းလမ်းများဖြင့် ရေရရှိအောင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များ၊ ယခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နွေရာသီရေရှားပါးကျေးရွာများ သောက်သုံးရေရရှိရေး လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နွေရာသီရေရှားပါးပြတ်လပ်နိုင်မှု အခြေအနေများနှင့် ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကို လည်းကောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ယခင်က ပူပြင်းခြောက်သွေ့သောဒေသများသာ ကြုံတွေ့ကြရသည့် ရေရှားပါးမှုပြဿနာသည် ရာသီဥတုပြောင်းလဲလာမှုကြောင့် ယခုအခါ တောင်ပေါ်မြေပြန့်စသည့် နိုင်ငံအဝန်း ကြုံတွေ့နေကြရကြောင်း၊ အဆိုပါပြဿနာအား အောင်မြင်စွာ ဖြေရှင်းကျော်လွှားနိုင်ရန် ဦးစီးဌာနတစ်ခုတည်းသာမက အခြားသက်ဆိုင်သည့် ဆက်စပ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

### ရေရရှိရေးလုပ်ငန်း ၁၉၈၁ ခု

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေး အချက်အလက် စီမံခန့်ခွဲမှုစနစ် (Rural Water Supply – Management Information System RWS–MIS) ကို ဒီဂျစ်တယ်နည်းပညာအသုံးပြုပြီး ကျေးရွာများ၏ လက်ရှိရေသုံးစွဲမှုနှင့် လုပ်ငန်းလည်ပတ်မှုအခြေအနေများကို ကောက်ယူဆောင်ရွက်လျက်ရှိရာ ယမန်နှစ်နွေရာသီကာလတွင် ကျေးရွာပေါင်း ၃၉၄ ရွာ၌ ရေရှားပါးမှုအခက်အခဲကြုံတွေ့နိုင်ကြောင်း မျှော်မှန်းစီစဉ်ခဲ့ပြီး လက်တွေ့တွင် ကျေးရွာပေါင်း ၃၄၇ ရွာ၌ ရေဖြန့်ဝေခြင်းလုပ်ငန်းများ အချိန်မီ ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် နွေရာသီရေရှားပါးကျေးရွာပေါင်း ၃၀၀ ခန့် ရှိနိုင်ကြောင်း ခန့်မှန်းထားရှိပြီး မြန်မြန်သိ ချက်ချင်းဖြေရှင်း စနစ်ဖြင့် နွေရာသီရေရှားပါးမှုပြဿနာကို အချိန်မီ ဖြေရှင်းပေးနိုင်ရန် ကြိုတင် သတင်းအချက်အလက် ရယူခြင်း၊ မိုဘိုင်းဖုန်းဖြင့် ကျေးရွာများနှင့် ချိတ်ဆက်ဆက်သွယ်ခြင်းတို့ကို ဆောင်ရွက်ထားရှိကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း ၁၉၈၁ ခုကို ဆောင်ရွက်သွားမည်ဖြစ်၍ ကျေးရွာ ၁၉၃၂ ရွာရှိ လူဦးရေ ၁ ဒသမ ၄ သန်းခန့်ကို အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသည့် ကုန်ကြမ်းယူ၊ ကုန်ချောပေး လက်ခစားလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်   မတ် ၁၇

**မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသည့် ကုန်ကြမ်းယူ၊ ကုန်ချောပေး လက်ခစားလုပ်ငန်း (Cutting, Making, Packaging) CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီ တွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**





အစည်းအဝေးသို့ CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင်၊ ကော်မတီအတွင်းရေးမှူး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက ရန်ကုန်မြို့မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပါဝင်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားရေးနှင့် ဦးတည်ချက် (၉)ရပ်တွင်ပါဝင်သည့် စီးပွားရေးဦးတည်ချက် (၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားကုမ္ပဏီများ၊ တိုင်းရင်းသားကုမ္ပဏီများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ ဆောင်ရွက်နေသည့် (Cutting, Making, Packaging) CMP ကုန်ကြမ်းယူ၊ ကုန်ချောပေး လက်ခစားလုပ်ငန်းများကို သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရေး စစ်ဆေးဆောင်ရွက်နိုင်ရန် CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း။

### ဖွဲ့စည်းတာဝန်ပေးအပ်

CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို အထောက်အကူပြုနိုင်ရန်အတွက် CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ၊ CMP လုပ်ခနှင့် အခွန်ကြီးကြပ်ရေးဆပ်ကော်မတီ၊ CMP သွင်းကုန်ပို့ကုန်ဆိုင်ရာ ကြီးကြပ်ရေးဆပ်ကော်မတီစသည့် ဆပ်ကော်မတီ (၃)ခုနှင့် CMP လုပ်ငန်းအကြံပေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် CMP လက်ခစားလုပ်ငန်းများနှင့်ပတ်သက်၍ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရေးအတွက် မြေပြင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်ရန် လိုအပ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ်မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရင်းနှီးမြှုပ်နှံမှုကော်မတီများက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ငန်းအမျိုးအစားအလိုက် ခွဲခြား၍ လိုအပ်သလို ကွင်းဆင်းစစ်ဆေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေအရ မိမိတို့ကော်မတီ၏ မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့များ ဆက်လက်ဖွဲ့စည်းရန် သင့်/ မသင့် ယခုအစည်းအဝေးတွင် ဆွေးနွေးပေးစေလိုပါကြောင်း၊ CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီသည် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များက CMP စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်လိုကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သို့ လျှောက်ထားလာပါက သဘောထားမှတ်ချက် စိစစ် ပြန်ကြားဆောင်ရွက်ပေးခြင်းနှင့် CMP လုပ်ငန်းများကို တည်ဆဲဥပဒေများနှင့် အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိ၊ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများ လိုက်နာဆောင်ရွက်ခြင်း ရှိ/ မရှိ၊ အခွန်ပေးဆောင်ခြင်း ရှိ/ မရှိ၊ အလုပ်သမားများကို လုပ်ခခံစားခွင့်များ အပြည့်အဝ ထုတ်ပေးခြင်း ရှိ/ မရှိ၊ စာရင်းဇယားများ စနစ်တကျထားရှိခြင်း ရှိ/ မရှိ စသည်တို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ရပါကြောင်း။

မြန်မာနိုင်ငံတွင် CMP လက်ခစားလုပ်ငန်းကို အထည်ချုပ်လုပ်ငန်းများကစတင်ခဲ့ပြီး ဖိနပ်ချုပ်လုပ်ငန်း၊ ဦးထုပ်ချုပ်လုပ်ငန်း၊ ရော်ဘာပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်း၊ ထရန်စဖော်မာ အပိုပစ္စည်းလုပ်ငန်း၊ မှန်ဘီလူးလုပ်ငန်း၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာလုပ်ငန်း၊ အသက်ကယ်လှေနှင့် ဆက်စပ်ပစ္စည်းလုပ်ငန်း၊ ပီနံအိတ်လုပ်ငန်း၊ ဖဲပြားလုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ သတ္တုသမီးဝတ်စုံလုပ်ငန်း၊ ဆံပင်တုလုပ်ငန်းနှင့် ကျောက်စိမ်းပန်းကပ်လုပ်ငန်း စသည့်လုပ်ငန်းအမျိုးအပြား လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲလုပ်ကိုင်မှုများပြားလာပြီး လုပ်ငန်းများ အဆင်ပြေလွယ်ကူစေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးခဲ့သဖြင့် CMP လုပ်ငန်းများ ပိုမိုတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးမှုအတွက် CMP လက်ခစားစက်မှုလုပ်ငန်းများသည် အဓိကအားထားရသည့် လုပ်ငန်းများဖြစ်ပါကြောင်း။

CMP စက်မှုလုပ်ငန်းများ၏ လက်ရှိအခြေအနေ၊ CDM ပြုလုပ်သူများ၏ ခြိမ်းခြောက်မှု၊ မီးဘေးအပါအဝင် လုံခြုံရေးထိခိုက်မှုများ၊ ဘဏ်များတွင် ငွေသွင်းငွေထုတ်မှု အခက်အခဲများ၊ လုပ်ငန်းဆိုင်ရာ အားနည်းချက်များ၊ အားသာချက်များကိုလေ့လာ၍ လုပ်ငန်းများ တိုးတက်နိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ပါက အလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်ပြီး ကျွမ်းကျင်လုပ်သားများစွာ မွေးထုတ်ပေးနိုင်မည့်အပြင် နိုင်ငံတော်အတွက် အရင်းအနှီးနည်းပါးစွာဖြင့် နိုင်ငံခြားငွေအမြောက်အမြား ရှာဖွေပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများစွာ ဖန်တီးပေးနိုင်ခြင်း၊ နည်းပညာများရရှိခြင်း၊ နိုင်ငံတကာဈေးကွက်ဝေစုရရှိခြင်း၊ အခြေခံအဆောက်အအုံနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများစွာရရှိစေနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် CMP လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် တက်ရောက်လာကြသူများအနေဖြင့် အလေးထားဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဆပ်ကော်မတီ (၃) ရပ်နှင့် CMP လုပ်ငန်းအကြံပေးကော်မတီ ဖွဲ့စည်းနိုင်ရေးနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကိုကိုလွင်က CMP စက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်စပ်ဌာနများနှင့် ပေါင်းစပ် ဆောင်ရွက်နေမှုနှင့် CMP ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားရေးနှင့် ပြည်ပဈေးကွက်ဝေစုရရှိရေး ဆောင်ရွက်မှုအခြေအနေတို့ကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ အတည်ပြုဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ လက်ရှိတွေ့ကြုံနေရသည့် လုပ်ငန်းအခက်အခဲများနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် နိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုမည့် CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

❈ *ရွှေဖုံးမှ*





အခမ်းအနားသို့ သုခတော်ဝင်အိမ်ရာတည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ငွေပေးသွင်းပြီးသော တိုက်ခန်းဝယ်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သုခတော်ဝင်အိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက မဲနှိုက်မည့် မဲအရေအတွက်များကို စိစစ်ရေတွက်ခြင်း၊ လျှောက်ထားသည့် အမှတ်စဉ်အလိုက် တစ်ဦးချင်း မဲနှိုက်နေရာချထားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## ကျေးလက်မြို့ပြ၊ ဆင်းရဲချမ်းသာစသည့် မည်သည့်ခွဲခြားမှုမျှမရှိစေဘဲ ညီမျှသော သင်ယူမှုအခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးရန် အရေးကြီး

**နေပြည်တော် မတ် ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းနှင့် ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ကျောက်ချပ်)တို့၌ ဖွင့်လှစ်ပို့ချနေသည့် အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများ စီမံအုပ်ချုပ်ရေး (စီမံ၊ ဘဏ္ဍာ၊ ပညာ)အရည်အသွေးမြှင့် မွမ်းမံသင်တန်း (မြို့နယ်အဆင့်)သို့ သွားရောက်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ကျောင်းများ ပိတ်ထားရသည်မှာ တစ်နှစ်ဝန်းကျင် ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများကို ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်တားဆီးရေး အခြေခံစည်းမျဉ်းစည်းကမ်း (၂၂) ချက်နှင့်အညီ စိစစ်ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သက်ဆိုင်ရာပညာရေးမှူးများ၏ ပူးပေါင်း ဆောင် ရွက်မှုဖြင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍနှင့်ပတ်သက်ပြီး ဧပြီလဆန်းမှစတင်၍ ပါရဂူတန်းများကို လည်းကောင်း၊ မေလဆန်းမှစတင်၍ နောက်ဆုံးနှစ်ဘွဲ့သင်တန်းများကိုလည်းကောင်း ပြန်လည်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ထိုသို့ ဖွင့်လှစ်ပေးခြင်းဖြင့် သက်ဆိုင်ရာ ဘွဲ့အသီးသီးရရှိကာ အလုပ်အကိုင်အခွင့်အလမ်းများအတွက် အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း။

ကျောင်းအုပ်ကြီးများအနေဖြင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး၊ ကျောင်းဥပမိရုပ်ကောင်းမွန်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ မိမိကျောင်း၏ အထွေထွေလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် ဖြည့်ဆည်းဆောင်ရွက် စေလိုပါကြောင်း၊ ကျောင်းစာကြည့်တိုက်များအတွက် လိုအပ်သော စာအုပ်စင်၊ စာအုပ်ဗီရိုများ၊ သုတ၊ ရသ စာအုပ်စာစောင်များ ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ ကျောင်းများအားလုံးတွင် ကျောင်းသား၊ ဆရာအချိုးအစ ကျောင်းအတွက် လိုအပ်သော ပရိဘောဂပစ္စည်းများ၊ ရေ၊ မီး၊ ပြည့်စုံမှုတူညီရန်လိုသကဲ့သို့ သင်ကြားရေးနှင့်စီမံခန့်ခွဲရေး ပြည့်စုံကောင်းမွန်မှုများလည်း တူညီရန်လိုအပ်ပါကြောင်း၊ အနာဂတ်တွင် ခေါင်းဆောင်များဖြစ်ကြမည့် ကျောင်းသားကျောင်းသူများကို ကျေးလက်မြို့ပြ၊ ဆင်းရဲချမ်းသာစသည့် မည်သည့်ခွဲခြားမှုမျှ မရှိစေဘဲ ညီမျှသော သင်ယူမှုအခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း၊ ကျောင်းအုပ်ကြီးများအနေဖြင့် အရည်အသွေးမြှင့်မွမ်းမံသင်တန်းတွင် စီမံ၊ ဘဏ္ဍာနှင့် ပညာကဏ္ဍ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့လာဆွေးနွေးကာ မိမိတို့၏ စီမံအုပ်ချုပ်မှုအရည်အသွေးကို မြှင့်တင်လျက် ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပညာရေး အဆင့်အတန်း မြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသူ၊ သင်တန်းသားကျောင်းအုပ်ကြီးများက လုပ်ငန်းလိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်အောင် ညွှန်ကြားရေးမှူးချုပ် စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌရုံး မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ခ) | ဦးမျိုးမင်း ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌရုံး မြန်မာနိုင်ငံတော် ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ် စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးရွှေမော် | ညွှန်ကြားရေးမှူးချုပ် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန |
| (ခ) | ဦးညာဏ်ထွန်း | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန |

# လူငယ်များ အပြုသဘောဖွံ့ဖြိုးတိုးတက်ရေးနှင့် မျှော်လင့်ချက်အနာဂတ်များ

သိန်းထွန်း (IR)

**ကမ္ဘာ့နိုင်ငံတိုင်းတွင် လူငယ်များကို အနာဂတ်မျိုးဆက်သစ်များအဖြစ် သတ်မှတ်ကြသည်။ မိမိတို့နိုင်ငံ၏ အနာဂတ်ဆိုသည်က တစ်ချိန်တွင် လူငယ်များလက်သို့ လွှဲပြောင်းပေးကြရမည်မှာ သမိုင်းစဉ်ဆက်ပင် ဖြစ်သည်။ မြန်မာစကားတွင် ယနေ့ လူငယ် နောင်ဝယ်လူကြီးဟုဆိုရာ ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ၏ကဏ္ဍအသီးသီးကို လက်ပြောင်းတာဝန်ယူဦးဆောင်ကြရမည့်လူကြီးများ ဖြစ်လာမည်ဖြစ်သည်။ အလားတူပင် ယနေ့နိုင်ငံ၏ ကဏ္ဍအသီးသီးကို ဦးဆောင်နေကြသည့်သူများသည်လည်း တစ်ချိန်က လူငယ်ဘဝကို ဖြတ်သန်းခဲ့ရပြီးသူများသာဖြစ်သည်။**

နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတက်ရေးသည် ယင်းနိုင်ငံ၏ ပညာရေးတည်ဆောက်မှု၊ လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် လူငယ်များအပေါ် အလေးထားမှု၊ လေ့ကျင့်ပျိုးထောင်မှုတို့နှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ် တိုးတက်မြင့်မားရေးသည် လူငယ်များနှင့် သက်ဆိုင်နေသည့်အတွက် ယခင် ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဘင်ဂျမင်ဒစ်ရေးလီက The Youth of a Nation are the trustees of posterity. နိုင်ငံတစ်နိုင်ငံ၏ လူငယ်များဆိုသည်မှာ သားစဉ်မြေးဆက်တို့၏ ထိန်းသိမ်းစောင့်ရှောက်သူလို့ ဆိုညွှန်းဆိုခဲ့သည်။ သို့အတွက်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့တွင် လူငယ်တို့၏ အနာဂတ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံအဆင့်သာမက ကျောင်းတွင်း ပြုစုပျိုးထောင်ရေး၊ လူမှုဝန်းကျင်အတွင်း ပြုစုပျိုးထောင်ရေးနှင့် မိသားစုအတွင်း ပြုစုပျိုးထောင်ရေးကို အလေးထားလုပ်ဆောင်ကြပါသည်။

လူငယ်နှင့်ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂက အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းကို လူငယ်အဖြစ် သတ်မှတ်ထားပါသည်။ လူငယ်သတ်မှတ်ချက်နှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မတူညီသော လူ့အဖွဲ့အစည်းများတွင် သတ်မှတ်ချက်ကွဲပြားမှုများလည်း ရှိနေပါသည်။ မြန်မာနိုင်ငံတွင်မူ အသက် ၁၅ နှစ်နှင့် ၃၅ အတွင်းရှိ မြန်မာနိုင်ငံသားကို လူငယ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

### လူငယ်ဆိုသည်မှာ

ကမ္ဘာ့ကုလသမဂ္ဂက လူငယ်ဆိုသည့် အဓိပ္ပာယ်အား ဖွင့်ဆိုရာတွင် လူငယ်ဆိုသည့် အချိန်ကာလသည် ကလေးဘဝ၏ မှီခိုမှုမှ အရွယ်ရောက်ပြီးသူ၏ လွတ်လပ်မှုသို့ ကူးပြောင်းသည့် အချိန်ကာလဟု ဖွင့်ဆိုပါသည်။ ထို့ကြောင့် လူငယ်ဆိုသည်မှာ အခြားသတ်မှတ်ထားသည့် အသက်အရွယ်အုပ်စုများထက် ပိုမို၍ ပြုပြင်ပြောင်းလဲလွယ်သည်။ အသက်အရွယ်အရ အထူးသဖြင့် ပညာရေးနှင့် အလုပ်အကိုင်နှင့် ပတ်သက်၍ လူငယ်အားသတ်မှတ်ရန် အလွယ်ကူဆုံး ဖြစ်သည်။ အကြောင်းမှာ လူငယ်ဆိုသည်မှာ မသင်မနေရပညာရေးစနစ်မှ စွန့်ခွာသော အသက်အရွယ်နှင့် ၎င်းတို့၏ ပထမဆုံးသော အလုပ်အကိုင်ရှာဖွေသည့် အသက်အရွယ်အကြားရှိ လူတစ်ဦးကို ရည်ညွှန်းလေ့ရှိသောကြောင့် ဖြစ်သည်။

### အပြောင်းအလဲပြုလုပ်ရန် စွမ်းရည်ရှိ

ပိုမိုပြုပြင်ပြောင်းလဲရန်လွယ်ကူသည့် လူငယ်များသည် ၎င်းတို့ကိုယ်တိုင်အတွက်၊ ၎င်းတို့၏ လူ့အဖွဲ့အစည်းနှင့် ကမ္ဘာပေါ်မှ ကျန်ရှိသောသူများအတွက် ဖန်တီးနိုင်စွမ်းအား၊ အနာဂတ်အလားအလာနှင့် အပြောင်းအလဲပြုလုပ်ရန် စွမ်းရည်ရှိကြကြောင်း ယူနက်စကိုက ဆိုပါသည်။ သို့အတွက် လူမှုရေးဆန်းသစ်တီထွင်မှုနှင့် တိုးတက်ပြောင်းလဲရေးကို တွန်းအားပေးရန်၊ လူငယ်များ၏ လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အပြည့်အဝပါဝင်ဆောင်ရွက်ရန်၊ ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှုများ ပပျောက်စေရန်နှင့် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသော ယဉ်ကျေးမှုတစ်ရပ် မြှင့်တင်ရန်စသည့် လုပ်ငန်းများတွင် ယူနက်စကိုသည် လူငယ်များနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။

> **“လူငယ်များဆိုသည်က ကျောက်အရိုင်းတုံးများနှင့် တင်စားနိုင်သည်။ ထိုကျောက်အရိုင်းတုံးလေးများကို တန်ဖိုးမြင့်ကျောက်အဖြစ် မြှင့်တင်ကြမှသာ နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာမည်ဖြစ်သည်။ လူငယ်များ၏ သဘာဝများတွင် ဆန္ဒပြင်းပြမှုနှင့် စိတ်ကူးစိတ်သန်းကောင်းမွန်မှု၊ ကြိုးစားအားထုတ်မှု၊ ရိုးသားမှု၊ အခက်အခဲများ ကျော်ဖြတ်နိုင်စွမ်း၊ အခြားသူများအပေါ် နားလည်လက်ခံပေးနိုင်မှုနှင့် အများအကျိုးလိုလားမှုတို့ကို တွေ့မြင်ရလေ့ ရှိပါသည်။ အဖိနှိပ်မခံလိုခြင်း၊ အကြောက်အရွံ့ကင်းခြင်း၊ လွတ်လပ်ခြင်း၊ ပွင့်လင်းခြင်းတို့ကိုလည်း လူကြီးများထက် လူငယ်များတွင် ပိုမိုတွေ့ရှိရလေ့ ရှိပေသည်။ ထို့အပြင် စူးစမ်းလိုစိတ်၊ စွန့်စားလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်တို့မှာလည်း လူငယ်တစ်ယောက်၏ အရည်အသွေးများဖြစ်ရာ ယင်းအရည်အသွေးများသည် သမားရိုးကျလူကြီးတစ်ယောက်နှင့် နှိုင်းယှဉ်မည်ဆိုလျှင် ပြောင်းလဲတိုးတက်လိုစိတ်များပြားသည်ဟု ဆိုရပါမည်”**

ဤနေရာတွင် လူငယ်များဆိုသည်က ကျောက်အရိုင်းတုံးများနှင့် တင်စားနိုင်သည်။ ထိုကျောက်အရိုင်းတုံးလေးများကို တန်ဖိုးမြင့်ကျောက်အဖြစ် မြှင့်တင်ကြမှသာ နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာမည်ဖြစ်သည်။ လူငယ်များ၏ သဘာဝများတွင် ဆန္ဒပြင်းပြမှုနှင့် စိတ်ကူးစိတ်သန်းကောင်းမွန်မှု၊ ကြိုးစားအားထုတ်မှု၊ ရိုးသားမှု၊ အခက်အခဲများ ကျော်ဖြတ်နိုင်စွမ်း၊ အခြားသူများအပေါ် နားလည်လက်ခံပေးနိုင်မှုနှင့် အများအကျိုး လိုလားမှုတို့ကို တွေ့မြင်ရလေ့ ရှိပါသည်။ အဖိနှိပ်မခံလိုခြင်း၊ အကြောက်အရွံ့ကင်းခြင်း၊ လွတ်လပ်ခြင်း၊ ပွင့်လင်းခြင်းတို့ကိုလည်း လူကြီးများထက် လူငယ်များတွင် ပိုမိုတွေ့ရှိရလေ့ရှိပေသည်။ ထို့အပြင် စူးစမ်းလိုစိတ်၊ စွန့်စားလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်တို့မှာလည်း လူငယ်တစ်ယောက်၏ အရည်အသွေးများ ဖြစ်ရာ ယင်းအရည်အသွေးများသည် သမားရိုးကျလူကြီးတစ်ယောက်နှင့် နှိုင်းယှဉ်မည်ဆိုလျှင် ပြောင်းလဲတိုးတက်လိုစိတ် များပြားသည်ဟု ဆိုရပါမည်။

လူငယ်များ၏ အနာဂတ်ကို မြှင့်တင်ရာတွင် လူငယ်တို့၏ ထူးခြားသော ထိုအရည်အသွေးများနှင့် လူကြီးများ၏ ရင့်ကျက်မှု၊ အတွေ့အကြုံ၊ နားလည်လက်ခံပေးနိုင်မှု၊ လက်ဆင့်ကမ်းပေးနိုင်မှု၊ ပူးပေါင်းဆောင်ရွက်လိုမှုများတို့ ပေါင်းစပ်နိုင်ကြရန် လိုအပ်ပါမည်။ တက်သစ်စ ထိုလူသားရင်းမြစ်များကို ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးခြင်း၊ နေရာပေးခြင်း၊ အခွင့်အလမ်းနှင့် အသိအမှတ်ပြုခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်းများဖြင့် လူငယ်များအတွက်၊ နိုင်ငံအတွက်နှင့် လူ့အဖွဲ့အစည်းအတွက် တန်ဖိုးမဖြတ်နိုင်သော ရင်းမြစ်များ မွေးထုတ်နိုင်ပါသည်။ ကမ္ဘာ့ရွာကြီးတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ နည်းပညာ၊ ယဉ်ကျေးမှု၊ တီထွင်ဖန်တီးနိုင်စွမ်းကဲ့သို့သော နယ်ပယ်စုံ ယှဉ်ပြိုင်မှုများ ပြင်းထန်လာနေချိန်တွင် လူငယ်များကို တန်ဖိုးထားရန်၊ အသိအမှတ်ပြုရန်၊ အခွင့်အလမ်းများ ဖွင့်ပေးရန် လိုအပ်မည်ဖြစ်သည်။

### ကြီးမားသော စွမ်းရည်များ ပိုင်ဆိုင်ထား

လူငယ်များသည် ကလေးဘဝ၏ မှီခိုမှုမှ အရွယ်ရောက်ပြီးသူ၏ လွတ်လပ်မှုသို့ ကူးပြောင်းသည့် အချိန်ကာလဟု ဆိုထားရာ လူငယ်များဆိုသည်က ရွှံ့ရုပ်ငယ်များပမာ လိုရာပုံသွင်းနိုင်ပါသည်။ သို့ရာတွင် သူတို့တွင် ကြီးမားသော စွမ်းရည်များ ပိုင်ဆိုင်ထားကြသဖြင့် မည်သို့ ပုံသွင်းကြမည်ဆိုသည်က ပို၍အရေးကြီးလှပါ၏။ လူငယ်များတွင် တွေ့ရှိရတတ်သော စွမ်းရည်များအပြင် လူငယ်လူဦးရေမှာလည်း ကြီးမားပါသည်။ ၂၀၁၉ ခုနှစ်က ကမ္ဘာ့လူငယ်လူဦးရေမှာ ၁ ဒသမ ၂ ဘီလီယံရှိသည့်အတွက် ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်း ရှိနေပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူဦးရေစုစုပေါင်းမှာ ၉ သန်းကျော်ရှိသဖြင့် နိုင်ငံ့လူဦးရေ၏ ၁၇ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သည်။ အသက် ၁၅ နှစ်မှ အသက် ၃၅ နှစ်အတွင်း သတ်မှတ်ချက်အရဆိုပါက လူဦးရေ ၁၈ သန်းကျော်ရှိနေသဖြင့် နိုင်ငံ့ လူဦးရေ၏ ၃၆ ရာခိုင်နှုန်း ရှိပါသည်။ နိုင်ငံတစ်နိုင်ငံအတွက် ကြီးမားသော လူဦးရေအချိုးအစားအဖြစ် တွေ့မြင်ကြရပါသည်။ သို့ဖြစ်ရာ လူငယ်များ၏ အရည်အသွေးနှင့် အရေအတွက်သည် နိုင်ငံအတွက် အကျိုးပြုနိုင်စွမ်းကို ချိန်ဆနိုင်ပါသည်။

ထိုကဲ့သို့ လူငယ်များ၏ အရည်အသွေးနှင့် အရေအတွက်အရ လူငယ်များသည် နိုင်ငံတစ်နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော စွမ်းအားများဖြစ်သည်ကို သတိပြုကြရပါမည်။ လူငယ်များသည် မိမိတို့နိုင်ငံအတွက် အဓိကကျသော အမျိုးသားလူသားအရင်းအမြစ်ဖြစ်ရုံသာမက နိုင်ငံအနာဂတ်၏ အမွေဆက်ခံသူများလည်း ဖြစ်ကြပါသည်။ ထို့ထက်ပိုပါက လူငယ်များကို ယနေ့ပညာရေးရည်မှန်းချက်နှင့်အညီ တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ရေး လေ့ကျင့်ပျိုးထောင်ပေးနိုင်မည်ဆိုပါလျှင် လူငယ်များ၏ အနာဂတ်၊ နိုင်ငံ၏အနာဂတ်သည် အတိုင်းထက်အလွန် တံခွန်နှင့် ကုက္ကားဟု ဆိုရပေလိမ့်မည်။ သို့ဖြစ်၍လည်း ဂရိဒဿနပညာရှင် ဒိုင်အိုဂျီးနီးစ်က The foundation of every state is the education of its youth. နိုင်ငံတိုင်း၏အခြေခံသည် ယင်းနိုင်ငံမှ လူငယ်များ၏ ပညာရေးဖြစ်သည်ဟု ဆိုခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

*စာမျက်နှာ ၇ သို့*

> **“ပညာသင်ကြားရေးတွင် စာသင်ကျောင်းများသည် စာပေသင်ကြားသည့်နေရာသက်သက်ထက် ပညာရေး၏ အနှစ်သာရဖြစ်သော အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများ ပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြား သုံးသပ်နိုင်စွမ်း၊ နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များ သင်ကြားပေးနိုင်ရန် လိုအပ်မည်ဖြစ်သည်။ သို့မှလည်း မိမိကိုယ်ကိုမိမိ အကျိုးပြုနိုင်သော၊ လူမှုဝန်းကျင်ကို အကျိုးပြုနိုင်သော၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သော လူကောင်းလူတော် နိုင်ငံသားကောင်းများ မွေးထုတ်နိုင်မည် ဖြစ်ပါသည်။ စဉ်းစားမှုမပါသည့် ပညာသည် အချိန်စွမ်းအား အရင်းအမြစ်များကို ဆုံးရှုံးစေပြီး ပညာမပါသည့် စဉ်းစားခြင်းသည် အန္တရာယ်ကြီးသည့်လမ်းဖြစ်ကြောင်း ကွန်ဖြူးရှပ်က ဆိုထားပါသည်”**

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကြီးနှင့် ရွှေတိဂုံစေတီတော်ကြီးတို့အား ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံ

ရန်ကုန် မတ် ၁၇

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့နံနက် ၁၀ နာရီတွင် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။**



ထို့နောက် စေတီတော် ဂေါပကအဖွဲ့ရုံးခန်း၌ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက စေတီတော်မြတ်ကြီး၏ တည်ထားကိုးကွယ်မှုဆိုင်ရာ သမိုင်းကြောင်းများနှင့် ဘက်စုံ ပြုပြင်မွမ်းမံပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စေတီတော်မြတ်ကြီးအား ရဟန်းရှင်လူပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်- ၁၉ ရောဂါထိန်းချုပ်မှု၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရန်နှင့် စေတီတော်နှင့် ပတ်သက်၍ တိုးတက်စည်ပင်အောင် ဆောင်ရွက်စေလိုကြောင်း၊ စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် သာသနာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဂေါပကအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်မည့် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဂေါပကအဖွဲ့ဝင်များသည် စေတီတော်ကြီး၏ ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သာသနာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရန် လိုအပ်ကြောင်း၊ ဘုရားဖူးရဟန်းရှင်လူ ပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် လိုအပ်သည်များကို အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က သာသနာရေး ဆိုင်ရာများကို ဖြည့်စွက်ဆွေးနွေး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ **သတင်းစဉ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၁၇**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက် အမှာစကားပြောကြားသည်။ **(ဓါတ်ပုံ)**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်၊ နေပြည်တော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာအချောထည်တစ်ပိုင်တစ်နိုင်လုပ်ငန်းများ၊ လက်လုပ်လက်စား၊ အသေးစားနှင့် အငယ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

နိုင်ငံ၏ အနာဂတ်စွမ်းအားဖြစ်သော လူငယ်များကို ယင်းတို့၏ အရည်အသွေးကို မြေတောင်မြှောက်ပေးရာတွင် မည်သို့ မြေတောင်မြှောက်ပေးမည်ဆိုသည်ကလည်း လူငယ်များအနာဂတ် အဆုံးအဖြတ်ဖြစ်ပါသည်။ ကျေးညီနောင်ပုံပြင်သကဲ့သို့ ဝန်းကျင်၏ သက်ရောက်မှု၊ သွန်သင်မှုနည်းလမ်း၊ လေ့ကျင့်ပျိုးထောင်နည်းလမ်းနှင့် အသုံးချမှုနည်းလမ်းတို့သည် လူငယ်များအတွက် အရေးကြီးပေသည်။ သို့ဖြစ်သည့်အတွက် လူငယ်များ အပြုသဘောဖွံ့ဖြိုးတိုးတက်ရေးသည် စာသင်ခန်းမများတွင် သာမက လူမှုဝန်းကျင်အတွင်း၊ မိသားစုအတွင်းအထိ အရေးပါနေသည်ကို သတိချပ်ကြရပါမည်။

လူငယ်များ အပြုသဘော ဖွံ့ဖြိုးတိုးတက်ရေးသည် ရည်ရွယ်ချက်ရှိရှိနှင့် အကျိုးဖြစ်ထွန်းစေသည့် ချဉ်းကပ်မှုနည်းလမ်းဖြစ်ပါသည်။ ယင်းနည်းလမ်းသည် လူငယ်များကို ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများ၊ ကျောင်းများ၊ အဖွဲ့အစည်းများ၊ သက်တူရွယ်တူအုပ်စုများနှင့် မိသားစုများအတွင်း၌ အကျိုးဖြစ်ထွန်း၍ အပြုသဘောဆောင်သော အပြုအမူဖြင့် ဆက်ဆံခြင်းဖြစ်သည်။ လူငယ်များ အပြုသဘောဖွံ့ဖြိုးတိုးတက်စေရေးတွင် အသိအမှတ်ပြုခြင်း၊ တာဝန်ပေးအပ်ခြင်းနှင့် လူငယ်များ၏ စွမ်းရည်များကို မြှင့်တင်ပေးခြင်း၊ လူငယ်များကို အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းဖြင့် အပြုသဘောရလဒ်များ ပိုမိုရရှိစေခြင်းနှင့် လူငယ်များ၏ ခေါင်းဆောင်မှုစွမ်းရည်များ တည်ဆောက်ရန် လိုအပ်သောအထောက်အပံ့များ ပံ့ပိုးပေးခြင်းတို့ ပါဝင်သည်။

လူငယ်များအတွက် ကောင်းမွန်သော လူမှုဝန်းကျင်တည်ဆောက်ရန်ဆိုသည်မှာ လွဲမှားသည့် လူမှုဝန်းကျင် ဖယ်ရှားရုံဖြင့် မှန်ကန်ကောင်းမွန်သော ဝန်းကျင်ကောင်းတစ်ရပ် ဖြစ်လာနိုင်မည်ဟု မဆိုနိုင်။ လွဲမှားသောဝန်းကျင်အား ဖယ်ရှားခြင်းနှင့်အတူ မှန်ကန်သောဝန်းကျင် တည်ဆောက်နိုင်မှသာ ကောင်းမွန်သောမျိုးဆက်ပြတ်မှု လေဟာနယ်ဖြစ်ပေါ်ခြင်းနှင့် ယင်း၏ ဆိုးကျိုးများကို ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။ လူငယ်များ အပြုသဘောဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်၊ ပတ်ဝန်းကျင် အသိုက်အဝန်း၊ မိသားစုအသိုက်အဝန်းတို့က ဟန်ချက်ညီ ထိန်းကျောင်းပြုစု ပျိုးထောင်နိုင်မှသာ လူငယ်များအတွက် မှန်ကန်၍ အပြုသဘောဆောင်သော ဝန်းကျင်ကောင်းများ ရရှိနိုင်မည် ဖြစ်သည်။

အလားတူပင် ပညာသင်ကြားရေးတွင် စာသင်ကျောင်းများသည် စာပေသင်ကြားသည့် နေရာသက်သက်ထက် ပညာရေး၏ အနှစ်သာရဖြစ်သော အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများ ပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်း၊ နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များ သင်ကြားပေးနိုင်ရန် လိုအပ်မည်ဖြစ်သည်။ သို့မှလည်း မိမိကိုယ်ကိုမိမိ အကျိုးပြုနိုင်သော၊ လူမှုဝန်းကျင်ကို အကျိုးပြုနိုင်သော၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သော လူကောင်းလူတော် နိုင်ငံသားကောင်းများ မွေးထုတ်နိုင်မည် ဖြစ်ပါသည်။ စဉ်းစားမှုမပါသည့် ပညာသည် အချိန်စွမ်းအားအရင်းအမြစ်များကို ဆုံးရှုံးစေပြီး ပညာမပါသည့် စဉ်းစားခြင်းသည် အန္တရာယ်ကြီးသည့် လမ်းဖြစ်ကြောင်း ကွန်ဖြူးရှပ်က ဆိုထားပါသည်။

ပညာရေးကဲ့သို့ပင် လူငယ်များကို ယနေ့ မိမိတို့ပြုမူဆက်ဆံသည့်ပုံစံနှင့် နည်းလမ်းတို့သည် အနာဂတ်ငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်များအတွက် အဆုံးအဖြတ်များ ဖြစ်လာမည် ဖြစ်သည်။ မိမိတို့နိုင်ငံ၏ အနာဂတ်ကို မည်ကဲ့သို့ ပုံဖော်ဖန်တီးကြမည်နည်း၊ မည်သို့ မျှော်မှန်းကြမည်နည်း။ ယနေ့မိမိတို့၏ အနာဂတ်မျှော်မှန်းချက်များသည် လူငယ်များကို မည်သို့ပြုစုပျိုးထောင်ကြမည်ဆိုသည့် လုပ်ဆောင်ချက်နှင့် ကိုက်ညီရန် လိုအပ်မည်ဖြစ်သည်။ သို့ဆိုပါလျှင် လူငယ်များကို အပြုသဘောဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ကြမည်လား၊ အပျက်သဘော လုပ်ဆောင်ကြမည်လားဆိုသည်ကို ခွဲခြားသုံးသပ်ကြရမည် ဖြစ်သည်။

အထက်တွင်ဆိုခဲ့သကဲ့သို့ လူငယ်များဆိုသည်က နုနယ်လှသောရွှံ့ရုပ်လေးများပမာ မည်သို့ပုံသွင်းကြမည်ဆိုသည်က မိမိတို့နိုင်ငံအတွက် အရေးကြီးလှပါသည်။ မျိုးဆက်တစ်ခုမှ နောက်မျိုးဆက်တစ်ခုသို့ မှန်ကန်သော ပညာနှင့်အတွေ့အကြုံများ မျှဝေပေးခြင်း၊ တော်တည့်မှန်ကန်စွာ ဦးဆောင်လမ်းညွှန်ပေးခြင်းသည် နိုင်ငံတည်ဆောက်ခြင်းဟုလည်း ဆိုနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ သဘာဝသယံဇာတရင်းမြစ်များကို နောက်မျိုးဆက်များအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရသကဲ့သို့ အဖိုးမဖြတ်နိုင်သော လူငယ်လူသားရင်းမြစ်များကိုလည်း မှန်မှန်ကန်ကန်ပြုစုပျိုးထောင်ခြင်း၊ ဦးဆောင်ခြင်းသည်လည်း လူသားရင်းမြစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်း ဖြစ်ပါသည်။ သို့မှသာ လူငယ်များ၏ အနာဂတ်မျှော်လင့်ချက်များ လှပလာမည်ဖြစ်ပြီး နိုင်ငံတော်၏ အနာဂတ်များလည်း လှပလာနိုင်မည်ဖြစ်ပေသည်။ ။

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁၇**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ရခိုင်ပြည်နယ်အတွင်း ကာလရှည် ဖြစ်ပွားခဲ့သော ပဋိပက္ခများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိသော လူမှုအသိုက်အဝန်းအားလုံး အကျိုးဖြစ်ထွန်းစေရေးအတွက် အစိုးရအဆက်ဆက် ဖြေရှင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ်က ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက လက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့ကြသည့်အတွက် ပြောင်းလဲတိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ရှေ့ဆက်၍ ရခိုင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ရခိုင်ပြည်နယ်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖွဲ့စည်းခဲ့မှု၊ အဆိုပါကော်မရှင်များ၏ ရခိုင်ပြည်နယ်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ ကော်မတီ၏ အကြံပေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုနှင့် ကော်မတီ၏အကြံပေးအဖွဲ့၏ အကြံပြုချက်များ၊ အကြံပြုချက်ကဏ္ဍများအလိုက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု၊ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပြည်သူသို့ အစီရင်ခံစာ ပြုစုထုတ်ပြန်ခဲ့မှုများ၊ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သုံးသပ်တွေ့ရှိချက် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးခြင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူများခရီးသွားလာနိုင်အောင် မော်တော်ယာဉ်လိုင်းများ ပြန်လည်ဖွင့်လှစ်ခြင်း၊ ခရီးသွားကန့်သတ်ချက်များဖြေလျှော့ပေးခြင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အရာထမ်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနရှိ နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပြည်သူအများ ကိုဗစ်-၁၉ ကာလ အလွန်မွန်းကျပ်နေသော စိတ်ခံစားမှုများ လျော့ပါးပြီး စိတ်လက်ပေါ့ပါးကာ ပျော်ရွှင်ချမ်းမြေ့စွာ ခရီးသွားလာ/ အပန်းဖြေနိုင်ရေးအတွက် အထူးအလေးထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ပြည်တွင်းခရီးသွားလုပ်ငန်းများကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ညွှန်ကြားထားရှိပြီး ပုဂံ- မန္တလေး- ပြင်ဦးလွင်- ငပလီ- ချောင်းသာနှင့် ငွေဆောင်ဒေသများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် ကိုဗစ်- ၁၉ ကြောင့် မွန်းကျပ်နေမှုအပေါ် ကိုဗစ်- ၁၉ စည်းမျဉ်းစည်းကမ်းနှင့် အညီ ခရီးသွားလာနိုင်အောင် မော်တော်ယာဉ်လိုင်းများ ပြန်လည်ဖွင့်လှစ်ခြင်း၊ ခရီးသွားကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာန အနေဖြင့် ဟိုတယ်များ အမြန်ပြန်လည်ဖွင့်လှစ်ပြီး ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ညွှန်ကြားချက်များ ရရှိပြီးဖြစ်ပါကြောင်း၊ ဟိုတယ်များ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းနှင့်အညီ ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာနမှ ရေးဆွဲထားသည့် Enchanting Myanmar Health & Safety Protocols နှင့်အညီ စစ်ဆေးပြီး အဆင့် သတ်မှတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ထဲထဲဝင်ဝင်နှင့် ဦးဆောင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်သည့်အချိန်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို ကိုဗစ်- ၁၉ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး သက်ဆိုင်ရာ ဆက်စပ် ဝန်ကြီးဌာနများဖြင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ဌာနတာဝန်ခံများ အနေဖြင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိကိုယ်တိုင်အရာရာကို ချင့်ချိန်တွေးတော ကြံဆပြီး လုပ်ငန်းတာဝန်များအား ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်သလို မိမိတို့ကြီးကြပ်ကွပ်ကဲမှုပြုသော ဝန်ထမ်းများကိုလည်း ပါတီနိုင်ငံရေး ကင်းရှင်းပြီး ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းတာဝန်များကို အလေးထား လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရာတွင် ဝန်ထမ်းအားလုံး ပူးပေါင်းပါဝင် လုပ်ကိုင်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနတာဝန်ခံများက ဌာနအလိုက် ဝန်ထမ်းခန့်အပ်ထားရှိမှု၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်များက ဌာနများမှ လုပ်ငန်းများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းစည်းမျဉ်းနှင့် အညီ တာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဖြည့်စွက် ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




❋ *ကျောဖုံးမှ*

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီးမြို့နယ်များရှိ ကာလတန်ဖိုးသတ်မှတ်ပေးသည့် စံနှုန်းများနှင့် အခွန်စည်းကြပ်နှုန်းထားများအရ တွက်ချက်မည်ဆိုပါက တစ်နှစ်လျှင် ငွေကျပ် (၂၆၀၇ ဒသမ ၁၀) သန်း (ကျပ်၂ ဒသမ ၆ ဘီလျံ) နစ်နာမှုရှိကြောင်း၊ အလားတူ ပုဂ္ဂလိက အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ငှားလုပ်ငန်းများ၏ ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း ငှားရမ်းခ နှုန်းထားများအရ တွက်ချက်မည် ဆိုပါက တစ်နှစ်လျှင် ငွေကျပ် (၁,၄၄၀.၃၈၉) သန်း (ကျပ် ၁.၄ ဘီလျံ) နစ်နာမှုရှိကြောင်းကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ သုံးသပ်ချက်အရ သိရှိရပါသည်။

ငှားရမ်းခသတ်မှတ်ရာတွင် နိုင်ငံပိုင်မြေအဆောက်အဦတည်ရှိရာဒေသ၏ ကာလပေါက်ဈေးနှုန်း အတိုင်းသတ်မှတ်ရန်၊ နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေး အထောက်အကူပြုစေရန် ဦးစားပေး ဆောင်ရွက်သင့်သောလုပ်ငန်းဖြစ်ပါက ငှားရမ်းခကို ကာလပေါက်ဈေးဖြင့် သတ်မှတ်ခြင်းကို လျှော့ပေါ့စဉ်းစားနိုင်ကြောင်း နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ် ညွှန်ကြားချက်အရ ဖော်ပြထားသော်လည်း အဆိုပါညွှန်ကြားချက်မှာ လူမှုရေးအဖွဲ့အစည်းနှင့် သက်ဆိုင်မှုမရှိကြောင်း တွေ့ရှိရသည်။

နေပြည်တော်ရှိ လရောင်တောစိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်း (HTA)၊ Facility Site၊ လက်တွေ့စိုက်ခင်းတို့နှင့် ပတ်သက်၍ တစ်ကေငွေကျပ်သိန်း(၅၀)နှုန်းဖြင့် ဝယ်ယူခွင့်ပြုခဲ့ခြင်းနှင့် ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်သီရိ(၅) မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ပြည်ထောင်စုနယ်မြေ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မြေရောင်း/ ဝယ်ခြင်းအပေါ် အခွန်စည်းကြပ်ရန် နှုန်းထားများအရ လမ်းကျယ်သတ်မှတ်နှုန်းဖြင့် တွက်ချက်မည်ဆိုပါက ငွေကျပ်(၂၆,၄၃၇.၆၇၅)သန်း (ကျပ် ၂၆ ဒသမ ၄၃ ဘီလျံ)၊ အတွင်းလမ်း သတ်မှတ်နှုန်းဖြင့် တွက်ချက်မည်ဆိုပါက ငွေကျပ် (၁၈,၁၅၁.၈၂၅)သန်း (ကျပ် ၁၈ ဒသမ ၁၅ ဘီလျံ)ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် သက်သာမှုရရှိခဲ့ကြောင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သုံးသပ်ချက်အရ တွေ့ရှိရသည်။

နေပြည်တော်၊ လရောင်တောစိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်း (Horticulture Training Academy-HTA)၌ (၁၀၅x၆၄)ပေနှင့်(၁၄၄x၅၆)ပေရှိ L ပုံသဏ္ဌာန်(၁)ထပ်တိုက်အထောက်အပံ့အဆောက်အဦ (Facility Site) ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဖောင်ဒေးရှင်းပိုင်မြေရေိယာပေါ်တွင် ကျပ် ၁ ဒသမ ၀၆ ဘီလျံအကုန်အကျခံ၍ ဒေါ်အောင်ဆန်းစုကြည်နေထိုင်ရန်အတွက် လူနေအိမ်ဆောက်လုပ်ပြီး နောင်တစ်ချိန်တွင် ပြတိုက်အဖြစ် အသုံးပြုရန်ရည်ရွယ်ခဲ့ကြောင်း သီဟမင်းဆွေကုမ္ပဏီ၏ ထွက်ဆိုချက်အရ သိရှိရသည်။

သို့ဖြစ်၍ နိုင်ငံတော်ပိုင်မြေသုံးစွဲမှုနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ထိုက်သင့်သည့် အခကြေးငွေ မရရှိဘဲ နစ်နာမှုရှိခြင်း၊ ဖောင်ဒေးရှင်းပိုင် အလှူငွေများကိုအသုံးပြု၍ ဖောင်ဒေးရှင်းဥက္ကဋ္ဌ နေထိုင်ရန် လူနေအိမ်အဆောက်အဦ ဆောက်လုပ်ခြင်းမှာ ဖောင်ဒေးရှင်း၏ မူလရည်ရွယ်ချက်ဖြစ်သည့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝမြှင့်တင်ရေးတို့နှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသည့်ဘဏ္ဍာရန်ပုံငွေ သုံးစွဲမှုမျိုးဖြစ်သဖြင့် မူလရည်ရွယ်ချက်နှင့် ကိုက်ညီမှုမရှိခြင်းတို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သုံးသပ်ချက်အရ စစ်ဆေးတွေ့ရှိခဲ့ရပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ အလှူငွေလက်ခံရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်ငွေအခြေအနေများအား အသေးစိတ်စစ်ဆေးလျက်ရှိရာ စစ်ဆေးပြီးစီးပါက အသေးစိတ် အချက်အလက်များ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ ဒဂုံမြို့နယ်နှင့် ဆိပ်ကြီး/ခနောင်တိုမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ်ကော်မရှင်စာရင်း | လဝက စာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မဲရုံပေါင်း ၂၆ ရုံ | ၃၅၈၇၁ | ၂၇၃၉၀ | ၅၂၁ | ၁၈ | ၁၀၃၀ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မဲရုံပေါင်း ၈၇ ရုံ | ၁၄၁၄၄၂ | ၁၀၀၇၅၀ | ၆၁၄၅ | ၁၂၆ | ၅၃၄၆ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မဲရုံပေါင်း ၃၇ ရုံ | ၇၀၉၉ | ၆၂၉၅၆ | ၁၅၀၅ | ၄၀ | ၂၃၂၂ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မဲရုံပေါင်း ၁၃ ရုံ | ၂၁၀၀၄ | ၂၀၉၄၃ | ၃၇၃ | ၃ | ၃၂၈ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီး/ ခနောင်တိုမြို့နယ် မဲရုံပေါင်း ၃၅ ရုံ | ၂၆၀၅၅ | ၂၅၅၇၄ | ၃၆၅၁ | ၆ | ၄၀၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ ဒဂုံမြို့နယ်နှင့် ဆိပ်ကြီး/ ခနောင်တိုမြို့နယ်များ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၅ မြို့နယ်တွင် မဲရုံပေါင်း ၁၉၈ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၁၁၆၅၁ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၉၅၀၅၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၁၆၅၉၆၊ မြေပြင်လက်ကျန် ၁၀၉၆၇၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၃၀၅၉ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၆၁၃၆ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲခဲ့ကြောင်း တွေ့ရှိ ရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက်ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များမြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပုဇွန်တောင်မြို့နယ် | ၂၆ | ၃၉၉၈၇ | ၂၃၀၀၁ | ၁၆၉၈၆ | ၁၆၁၆၁ | ၁၃၇၈ | ၅၅၃ |
| ၂ | လှိုင်မြို့နယ် | ၈၇ | ၁၄၉၂၁၅ | ၉၁၃၂၀ | ၅၇၈၉၅ | ၅၃၀၄၄ | ၇၉၃၆ | ၃၀၈၅ |
| ၃ | ကမာရွတ်မြို့နယ် | ၃၇ | ၇၀၄၉၀ | ၄၃၉၉၂ | ၂၆၄၉၈ | ၂၅၄၈၇ | ၂၈၁၆ | ၁၈၀၅ |
| ၄ | ဒဂုံမြို့နယ် | ၁၃ | ၂၂၂၅၂ | ၁၅၆၆၃ | ၆၅၈၉ | ၆၁၆၇ | ၅၃၇ | ၁၁၅ |
| ၅ | ဆိပ်ကြီး/ ခနောင်တို မြို့နယ် | ၃၅ | ၂၉၇၀၇ | ၂၁၀၇၉ | ၈၆၂၈ | ၈၈၁၄ | ၃၉၂ | ၅၇၈ |
| | စုစုပေါင်း | ၁၉၈ | ၃၁၁၆၅၁ | ၁၉၅၀၅၅ | ၁၁၆၅၉၆ | ၁၀၉၆၇၃ | ၁၃၀၅၉ | ၆၁၃၆ |

### ပုဇွန်တောင်မြို့နယ်ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်တွင် ရပ်ကွက် ၁၀ ရပ်ကွက်၊ မဲရုံပေါင်း ၂၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၃၉၉၈၇ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၃၀၀၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၉၈၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၆၁၆၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၃၆၄၅၀ | ၂၂၂၈၀ | ၁၄၁၇၀ | ၁၃၃၃၃ | ၁၃၇၈ | ၅၄၁ |
| ၂ | မြို့နယ်မဲလက်မှတ် | ၃၅၃၇ | ၇၂၁ | ၂၈၁၆ | ၂၈၂၈ | – | ၁၂ |
| စုစုပေါင်း | | ၃၉၉၈၇ | ၂၃၀၀၁ | ၁၆၉၈၆ | ၁၆၁၆၁ | ၁၃၇၈ | ၅၅၃ |

၆။ ပုဇွန်တောင်မြို့နယ်၊ ရပ်ကွက် ၁၀ ရပ်ကွက်ရှိ မဲရုံ ၂၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၃၇၈ ပျောက်ဆုံးနေပြီး ၅၄၁ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၂၈၁၆ ဖြစ်သော်လည်း မြေပြင်တွင် ၂၈၂၈ ကျန်ရှိနေသည်။

၇။ ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်သည်–

| စဉ် | ရပ်ကွက်အမည် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁) ရပ်ကွက် | ၅ | ၅၃၀၀ | ၂၄၀၆ | ၂၈၉၄ | ၂၃၇၂ | ၅၇၁ | ၄၉ |
| ၂ | အမှတ်(၂) ရပ်ကွက် | ၄ | ၇၅၀၀ | ၄၀၈၃ | ၃၄၁၇ | ၃၃၅၂ | ၆၅ | |
| ၃ | အမှတ်(၃) ရပ်ကွက် | ၂ | ၂၃၅၀ | ၁၇၉၉ | ၅၅၁ | ၇၀၈ | ၂၀ | ၁၇၇ |
| ၄ | အမှတ်(၄) ရပ်ကွက် | ၁ | ၅၅၀ | ၄၄၀ | ၁၁၀ | ၈၅ | ၂၅ | |
| ၅ | အမှတ်(၅) ရပ်ကွက် | ၂ | ၂၅၀၀ | ၁၇၀၀ | ၈၀၀ | ၇၂၀ | ၈၀ | |
| ၆ | အမှတ်(၆) ရပ်ကွက် | ၁ | ၁၃၅၀ | ၁၀၆၅ | ၂၈၅ | ၂၅၅ | ၃၀ | |

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

| စဉ် | ရပ်ကွက်အမည် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၇ | အမှတ်(၇) ရပ်ကွက် | ၄ | ၅၉၀၀ | ၃၇၈၃ | ၂၁၁၇ | ၂၀၀၅ | ၁၂၇ | ၁၅ |
| ၈ | အမှတ်(၈) ရပ်ကွက် | ၂ | ၃၄၀၀ | ၂၄၂၇ | ၉၇၃ | ၁၁၆၃ | ၃၀ | ၂၂၀ |
| ၉ | အမှတ်(၉) ရပ်ကွက် | ၃ | ၄၄၀၀ | ၃၀၀၈ | ၁၃၉၂ | ၁၄၂၂ | ၅၀ | ၈၀ |
| ၁၀ | အမှတ်(၁၀) ရပ်ကွက် | ၂ | ၃၂၀၀ | ၁၅၆၉ | ၁၆၃၁ | ၁၂၅၁ | ၃၈၀ | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၂၆ | ၃၆၄၅၀ | ၂၂၂၈၀ | ၁၄၁၇၀ | ၁၃၃၃၃ | ၁၃၇၈ | ၅၄၁ |
| | မြို့နယ်မဲလက်ကျန် | | ၃၅၃၇ | ၇၂၁ | ၂၈၁၆ | ၂၈၂၈ | | ၁၂ |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၃၉၉၈၇ | ၂၃၀၀၁ | ၁၆၉၈၆ | ၁၆၁၆၁ | ၁၃၇၈ | ၅၅၃ |

## လှိုင်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၆ ရပ်ကွက်၊ မဲရုံပေါင်း ၈၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၉၂၁၅ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၁၃၂၀ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၅၇၈၉၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၃၀၄၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ပျောက်ဆုံး/ အပို စိစစ်တွေ့ရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၄၅၉၅၀ | ၈၉၁၃၄ | ၅၆၈၁၆ | ၄၈၈၈၀ | ၇၉၃၆ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၁၈၆ | ၂၁၈၆ | - | - | - | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၇၉ | - | ၁၀၇၉ | ၄၁၆၄ | - | ၃၀၈၅ |
| | စုစုပေါင်း | ၁၄၉၂၁၅ | ၉၁၃၂၀ | ၅၇၈၉၅ | ၅၃၀၄၄ | ၇၉၃၆ | ၃၀၈၅ |

၉။ လှိုင်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၆ ရပ်ကွက်ရှိ မဲရုံပေါင်း ၈၇ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၇၉၃၆ ပျောက်ဆုံးနေပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ် အရေအတွက်စုစုပေါင်းမှာ ၁၀၇၉ ဖြစ်သော်လည်း မြေပြင်တွင်မဲလက်မှတ် ၄၁၆၄ တွေ့ရှိရသဖြင့် မဲလက်မှတ်အပို ၃၀၈၅ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁၀။ လှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေး တွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အမည် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁) ရပ်ကွက် | ၆ | ၁၂၆၅၀ | ၈၀၁၇ | ၄၆၃၃ | ၄၅၃၀ | ၁၀၃ | |
| ၂ | အမှတ်(၂) ရပ်ကွက် | ၇ | ၁၀၆၀၀ | ၆၅၁၀ | ၄၀၉၀ | ၃၃၄၂ | ၇၄၈ | |
| ၃ | အမှတ်(၃) ရပ်ကွက် | ၄ | ၅၀၅၀ | ၂၄၂၂ | ၂၆၂၈ | ၁၅၇၇ | ၁၀၅၁ | |
| ၄ | အမှတ်(၄) ရပ်ကွက် | ၃ | ၄၂၀၀ | ၂၆၈၄ | ၁၅၁၆ | ၁၄၂၁ | ၉၅ | |
| ၅ | အမှတ်(၅) ရပ်ကွက် | ၄ | ၇၁၀၀ | ၄၀၃၀ | ၃၀၇၀ | ၂၇၆၈ | ၃၀၂ | |
| ၆ | အမှတ်(၆) ရပ်ကွက် | ၄ | ၄၅၀၀ | ၂၇၉၈ | ၁၇၀၂ | ၁၅၀၇ | ၁၉၅ | |
| ၇ | အမှတ်(၇) ရပ်ကွက် | ၈ | ၁၄၆၅၀ | ၉၅၀၅ | ၅၁၄၅ | ၄၅၂၈ | ၆၁၇ | |
| ၈ | အမှတ်(၈) ရပ်ကွက် | ၄ | ၄၄၅၀ | ၂၈၂၉ | ၁၆၂၁ | ၁၄၂၀ | ၂၀၁ | |
| ၉ | အမှတ်(၉) ရပ်ကွက် | ၅ | ၇၄၅၀ | ၄၃၄၇ | ၃၁၀၃ | ၃၀၅၃ | ၅၀ | |
| ၁၀ | အမှတ်(၁၀) ရပ်ကွက် | ၆ | ၇၂၀၀ | ၃၉၈၆ | ၃၂၁၄ | ၂၄၈၅ | ၇၂၉ | |
| ၁၁ | အမှတ်(၁၁) ရပ်ကွက် | ၆ | ၈၆၀၀ | ၅၃၃၄ | ၃၂၆၆ | ၂၉၉၄ | ၂၇၂ | |
| ၁၂ | အမှတ်(၁၂) ရပ်ကွက် | ၇ | ၁၄၃၀၀ | ၈၆၇၇ | ၅၆၂၃ | ၄၇၆၃ | ၈၆၀ | |
| ၁၃ | အမှတ်(၁၃) ရပ်ကွက် | ၉ | ၂၀၄၀၀ | ၁၂၆၆၇ | ၇၇၃၃ | ၆၆၈၂ | ၁၀၅၁ | |
| ၁၄ | အမှတ်(၁၄) ရပ်ကွက် | ၃ | ၄၃၅၀ | ၂၂၁၄ | ၁၈၂၆ | ၉၇၆ | ၈၅၀ | |
| ၁၅ | အမှတ်(၁၅) ရပ်ကွက် | ၃ | ၄၃၀၀ | ၂၅၈၆ | ၁၇၁၄ | ၁၄၆၄ | ၂၅၀ | |
| ၁၆ | အမှတ်(၁၆) ရပ်ကွက် | ၈ | ၁၆၁၅၀ | ၁၀၂၁၈ | ၅၉၃၂ | ၅၃၇၀ | ၅၆၂ | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၈၇ | ၁၄၅၉၅၀ | ၈၉၁၃၄ | ၅၆၈၁၆ | ၄၈၈၈၀ | ၇၉၃၆ | |
| | မြို့နယ်ကြိုတင်မဲ | | ၂၁၈၆ | ၂၁၈၆ | - | - | - | |
| | မြို့နယ်မဲလက်ကျန် | | ၁၀၇၉ | - | ၁၀၇၉ | ၄၁၆၄ | - | ၃၀၈၅ |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၁၄၉၂၁၅ | ၉၁၃၂၀ | ၅၇၈၉၅ | ၅၃၀၄၄ | ၇၉၃၆ | ၃၀၈၅ |

## ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၁။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်တွင် မဲရုံပေါင်း ၃၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၇၀၆၄၆ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၃၉၉၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မဲလက်မှတ်အပို/ ပျောက်ဆုံးများတွေ့ရှိရပြီး ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၂၈၁၆ ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်း မရှိဘဲ ပိုမိုအသုံးပြုထားသော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၈၀၅ ကို တွေ့ရှိရသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | အပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၆၉၃၂၄ | ၄၂၈၂၆ | ၂၆၄၉၈ | ၂၅၄၆၇ | ၂၈၁၆ | ၁၇၈၅ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၁၆၆ | ၁၁၆၆ | - | ၂၀ | - | ၂၀ |
| | စုစုပေါင်း | ၇၀၄၉၀ | ၄၃၉၉၂ | ၂၆၄၉၈ | ၂၅၄၈၇ | ၂၈၁၆ | ၁၈၀၅ |

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

၁၂။ ခရိုင်မှထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက် ၇၀၆၄၆ ဖြစ်ပြီး မြို့နယ်မှ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများသို့ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်မှာ ၆၉၄၈၀ ဖြစ်ပါသည်။ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မဲရုံများသို့ ထုတ်ပေးသော ဆန္ဒမဲလက်မှတ်မှာ ၆၉၃၂၄ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် မဲလက်မှတ်အရေအတွက် ၁၅၆ မှာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများထံတွင် အသုံးမပြုဘဲ ပျောက်ဆုံးနေသော မဲလက်မှတ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ထုတ်ပေးစာရင်းအရ မဲရုံ ၁၀ ရုံတွင် လျော့နည်းပျောက်ဆုံးမှုများရှိပြီး မြို့နယ် အရန်လက်ကျန်နှင့် မဲရုံ ၁၁ ရုံတို့တွင် အပိုမဲလက်မှတ်များတွေ့ရှိရသဖြင့် မဲလက်မှတ်များကို ပိုမိုရိုက်နှိပ်သုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။ ရပ်ကွက်အလိုက် ဆန္ဒမဲလက်မှတ် ပျောက်ဆုံး/ အပို စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ရပ်ကွက်အမည် | မဲရုံအမှတ် | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်ကွက် (၁) | ၂ | ၁၁၀၀ | ၁၀၀၄ | ၉၆ | ၁၀၆ | | ၁၀ |
| ၂ | ရပ်ကွက် (၁) | ၃ | ၁၄၅၀ | ၉၅၆ | ၄၉၄ | ၅၉၄ | | ၁၀၀ |
| ၃ | ရပ်ကွက် (၂) | ၁ | ၁၈၅၀ | ၁၁၇၄ | ၆၇၆ | ၈၃၀ | | ၁၅၄ |
| ၄ | ရပ်ကွက် (၂) | ၂ | ၁၄၅၀ | ၇၉၄ | ၆၅၆ | ၆၅၂ | ၄ | |
| ၅ | ရပ်ကွက် (၂) | ၃ | ၁၀၅၀ | ၅၉၆ | ၄၅၄ | ၅၀၄ | | ၅၀ |
| ၆ | ရပ်ကွက် (၃) | ၁ | ၂၂၉၈ | ၁၁၅၅ | ၁၁၄၃ | ၃၀၆ | ၈၃၇ | |
| ၇ | ရပ်ကွက် (၃) | ၂ | ၂၂၀၀ | ၁၃၈၈ | ၈၁၂ | ၇၈၅ | ၂၇ | |
| ၈ | ရပ်ကွက် (၃) | ၃ | ၁၉၀၀ | ၁၂၄၆ | ၆၅၄ | ၅၂၂ | ၁၃၂ | |
| ၉ | ရပ်ကွက် (၃) | ၄ | ၂၉၀၀ | ၁၆၇၉ | ၁၂၂၁ | ၁၂၈၈ | | ၆၇ |
| ၁၀ | ရပ်ကွက် (၃) | ၅ | ၂၃၀၀ | ၁၀၆၅ | ၁၂၃၅ | ၆၈၅ | ၅၅၀ | |
| ၁၁ | ရပ်ကွက် (၃) | ၆ | ၂၄၅၀ | ၁၄၂၆ | ၁၀၂၄ | ၃၅၈ | ၆၆၆ | |
| ၁၂ | ရပ်ကွက် (၃) | ၇ | ၁၅၀၀ | ၁၀၀၂ | ၄၉၈ | ၅၂၈ | | ၃၀ |
| ၁၃ | ရပ်ကွက် (၄) | ၃ | ၁၈၂၆ | ၁၀၂၆ | ၈၀၀ | ၈၂၄ | | ၂၄ |
| ၁၄ | ရပ်ကွက် (၅) | ၁ | ၁၄၅၀ | ၁၄၁၈ | ၃၂ | ၇၃၂ | | ၇၀၀ |
| ၁၅ | ရပ်ကွက် (၅) | ၂ | ၁၈၅၀ | ၁၁၄၁ | ၇၀၉ | ၆၀၉ | ၁၀၀ | |
| ၁၆ | ရပ်ကွက် (၅) | ၃ | ၂၀၅၀ | ၉၉၆ | ၁၀၅၄ | ၇၅၄ | ၃၀၀ | |
| ၁၇ | ရပ်ကွက် (၆) | ၁ | ၂၁၀၀ | ၁၄၇၂ | ၆၂၈ | ၇၇၈ | | ၁၅၀ |
| ၁၈ | ရပ်ကွက် (၆) | ၂ | ၁၁၀၀ | ၁၀၄၂ | ၅၈ | ၃၀၈ | | ၂၅၀ |
| ၁၉ | ရပ်ကွက် (၈) | ၂ | ၁၃၀၀ | ၈၈၈ | ၄၁၂ | ၂၆၂ | ၁၅၀ | |
| ၂၀ | ရပ်ကွက် (၈) | ၄ | ၉၅၀ | ၇၃၄ | ၂၁၆ | ၄၆၆ | | ၂၅၀ |
| ၂၁ | ရပ်ကွက် (၁၀) | ၁ | ၁၃၅၀ | ၆၃၆ | ၇၁၄ | ၆၆၄ | ၅၀ | |
| | မြေပြင်လက်ကျန် | | | | | ၂၀ | | ၂၀ |
| စုစုပေါင်း | | | ၃၆၄၂၄ | ၂၂၈၃၈ | ၁၃၅၈၆ | ၁၂၅၇၅ | ၂၈၁၆ | ၁၈၀၅ |

## ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၃။ မြေပြင်စစ်ဆေးချက်များအရ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်တွင် မဲရုံပေါင်း ၁၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၂၂၅၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ် ဖြတ်ပိုင်းများမှာ ၁၅၆၆၃ ဖြစ်ကာ ကျန်ရှိရမည့်အရေအတွက်မှာ ၆၅၈၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၁၆၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၀၇၃၆ | ၁၄၈၇၂ | ၅၈၆၄ | ၅၄၄၂ | ၅၃၇ | ၁၁၅ |
| ၂ | မြို့နယ်မဲလက်မှတ် | ၁၅၁၆ | ၇၉၁ | ၇၂၅ | ၇၂၅ | - | |
| | စုစုပေါင်း | ၂၂၂၅၂ | ၁၅၆၆၃ | ၆၅၈၉ | ၆၁၆၇ | ၅၃၇ | ၁၁၅ |

၁၄။ ဒဂုံမြို့နယ်၊ ရပ်ကွက် ၅ ရပ်ကွက်ရှိ မဲရုံ ၁၃ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၅၃၇ ပျောက်ဆုံးနေပြီး မဲရုံအလိုက် မဲလက်မှတ်ရွက်ရေ ၁၁၅ ပိုမိုနေကြောင်း စစ်ဆေးတွေ့ရှိရသည်။ ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက်မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်အမည် | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ယောမင်းကြီးရပ်ကွက် | ၅၇၅၀ | ၃၆၀၅ | ၂၁၄၅ | ၁၉၄၇ | ၂၄၅ | ၄၇ |
| ၂ | ဦးဝိစာရရပ်ကွက် | ၂၇၅၀ | ၁၈၆၃ | ၈၈၇ | ၈၈၇ | - | - |
| ၃ | ပြည်လမ်းအရှေ့ရပ်ကွက် | ၅၆၅၀ | ၄၀၅၀ | ၁၆၀၀ | ၁၄၀၂ | ၂၂၄ | ၂၆ |
| ၄ | ပြည်လမ်းအနောက်ရပ်ကွက် | ၃၆၅၀ | ၃၀၀၉ | ၆၄၁ | ၅၉၅ | ၄၆ | - |
| ၅ | ဘုရားကြီးရပ်ကွက် | ၂၉၃၆ | ၂၃၄၅ | ၅၉၁ | ၆၁၁ | ၂၂ | ၄၂ |
| ရပ်ကွက်ချုပ်စုစုပေါင်း | | ၂၀၇၃၆ | ၁၄၈၇၂ | ၅၈၆၄ | ၅၄၄၂ | ၅၃၇ | ၁၁၅ |
| မြို့နယ်ကြိုတင်ဆန္ဒမဲလက်မှတ် | | ၈၀၀ | ၇၉၁ | ၉ | ၉ | | |
| မြို့နယ်လက်ကျန် | | ၇၁၆ | | ၇၁၆ | ၇၁၆ | | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၂၂၂၅၂ | ၁၅၆၆၃ | ၆၅၈၉ | ၆၁၆၇ | ၅၃၇ | ၁၁၅ |

## ဆိပ်ကြီး/ခနောင်တိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီး/ခနောင်တိုမြို့နယ်တွင် ရပ်ကွက် ၉ ရပ်ကွက်၊ မဲရုံပေါင်း ၃၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၉၇၀၇ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၁၀၇၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၆၂၈ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၈၈၁၄ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၇၇၀၀ | ၂၀၉၄၀ | ၆၇၆၀ | ၆၆၀၂ | ၃၈၀ | ၂၂၂ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၅၁ | ၁၃၉ | ၁၂ | - | ၁၂ | - |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၈၅၆ | - | ၁၈၅၆ | ၂၂၁၂ | - | ၃၅၆ |
| စုစုပေါင်း | | ၂၉၇၀၇ | ၂၁၀၇၉ | ၈၆၂၈ | ၈၈၁၄ | ၃၉၂ | ၅၇၈ |

၁၆။ ဆိပ်ကြီး/ခနောင်တိုမြို့နယ်၊ ရပ်ကွက် ၉ ရပ်ကွက်ရှိ မဲရုံ ၃၅ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၃၈၀ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၂၂၂ အပိုတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့်လက်ကျန်အရေအတွက် ၁၈၅၆ ဖြစ်သော်လည်း မြေပြင်တွင် ၂၂၁၂ ကျန်ရှိနေသည်။

၁၇။ ဆိပ်ကြီး/ခနောင်တိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဆိပ်ကြီးအရှေ့ရပ်ကွက် | ၅၅၀၀ | ၄၀၈၇ | ၁၄၁၃ | ၁၃၆၀ | ၉၄ | ၄၁ |
| ၂ | ဆိပ်ကြီးအနောက်ရပ်ကွက် | ၄၇၅၀ | ၃၃၁၅ | ၁၄၃၅ | ၁၄၁၆ | ၃၆ | ၁၇ |
| ၃ | ခနောင်တိုအရှေ့ရပ်ကွက် | ၅၉၅၀ | ၄၅၈၆ | ၁၃၆၄ | ၁၄၃၁ | ၄၈ | ၁၁၅ |

*စာမျက်နှာ ၁၂ သို့*

# ဦးမန်းဝင်းခိုင်သန်း(ဘ)ဦးမန်းသန်းရှိန် ကို ဥပဒေနှင့်အညီ တရားစွဲဆို

**နေပြည်တော် မတ် ၁၇**

ဦးမန်းဝင်းခိုင်သန်း(ဘ)ဦးမန်းသန်းရှိန် ကို ဥပဒေနှင့်အညီ တရားစွဲဆိုထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးမန်းဝင်းခိုင်သန်း(ဘ)ဦးမန်းသန်းရှိန်သည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်နေသော တရားမဝင်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ၏ ခေတ္တဒုတိယသမ္မတအဖြစ် ခန့်အပ်ခြင်းကိုလက်ခံပြီး နိုင်ငံတော်အစိုးရအား သစ္စာဖောက်ဖျက်ကာ လူမှုကွန်ရက်မှနေ၍ စင်ပြိုင်အစိုးရသဖွယ် နိုင်ငံတော်အကြီးအကဲတစ်ဦးကဲ့သို့ မိန့်ခွန်းပြောကြားခြင်း၊ ၎င်း၏ ပြောကြားချက်များတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဝင်ရပ်တည်လျက်ရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (အစိုးရ) အား ဆန့်ကျင်ဖြိုဖျက်ရန် လှုံ့ဆော်တိုက်တွန်းမှုများ ပြုလုပ်သဖြင့် ၎င်းအား ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၁)ဖြင့် မတ် ၁၇ ရက်တွင် မြဝတီခရိုင်တရားရုံးသို့ တရားစွဲဆိုထားရှိရာ ရာဇဝတ်ကြီးမှုအမှတ် (၂၁/၂၀၂၁) ဖြင့် လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဦးကျော်မိုးထွန်း ကို ဥပဒေနှင့်အညီ တရားစွဲဆို

**နေပြည်တော် မတ် ၁၇**

ဦးကျော်မိုးထွန်း ကို ဥပဒေနှင့်အညီ တရားစွဲဆိုထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်အရ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးကျော်မိုးထွန်းသည် ဖေဖော်ဝါရီ ၂၆ ရက်က နယူးယောက်မြို့၊ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့သည့် အထွေထွေညီလာခံ အလွတ်သဘော အစည်းအဝေးတက်ရောက်စဉ် ၎င်းသည် NLD ဦးဆောင်သည့် ရွေးကောက်ခံအစိုးရကို ကိုယ်စားပြုကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၏ သတင်းစကားကို အစည်းအဝေး၌ ထည့်သွင်းပြောကြားသည်။ ယင်းသို့ ပြောကြားရာတွင် တပ်မတော်အစိုးရကို ဆန့်ကျင်ရန်၊ ထိုသို့ ဆန့်ကျင်မှုများအား နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများပေးရန်၊ CRPH ကို ထောက်ခံရန်၊ ဖမ်းဆီးခံရသူခေါင်းဆောင်များကို ပြန်လွှတ်ပေးရန်နှင့် စစ်အာဏာသိမ်းမှုအဆုံးသတ်ရေး ဆောင်ရွက်နေမှုများ ဆက်လက်ဆောင်ရွက်ရန် ထည့်သွင်းပြောကြားခဲ့ကြောင်း တွေ့ရှိရသည်။

၎င်းသည် နိုင်ငံတော်မှပေးအပ်သည့် အမိန့်နှင့်ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိဘဲ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ခြင်း၊ နိုင်ငံတော်အစိုးရအား ကိုယ်စားပြုခြင်းမရှိသည့် တရားမဝင်အဖွဲ့အစည်းအား သစ္စာခံလျက် ကူညီကိုယ်စားပြုဆောင်ရွက်ခြင်းတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအရ ၎င်းအား ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ပြီးဖြစ်သည်။

ဦးကျော်မိုးထွန်းသည် နိုင်ငံတော်အား သစ္စာဖောက်ဖျက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဝင်ရပ်တည်လျက်ရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(အစိုးရ)ကို ဖြိုဖျက်ရန် အားထုတ်လုပ်ဆောင်ခြင်း၊ နိုင်ငံတော်အစိုးရအား ဆန့်ကျင်ဖြိုဖျက်ရန် တိုက်တွန်းလှုံ့ဆော်ခြင်းကြောင့် ၎င်းအား မတ် ၁၇ရက်တွင် ဒက္ခိဏခရိုင်တရားရုံးသို့ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ရာဇသတ်ကြီးပုဒ်မ ၁၂၂(၂) ဖြင့် တရားစွဲဆိုထားရှိရာ ရာဇဝတ်ကြီးမှုအမှတ် (၃၂/၂၀၂၁)ဖြင့် လက်ခံစစ်ဆေးလျက်ရှိပြီး ဒက္ခိဏခရိုင်တရားရုံးမှ ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၄ | ခနောင်တိုအနောက်ရပ်ကွက် | ၂၆၀၀ | ၁၉၈၅ | ၆၁၅ | ၅၆၉ | ၅၀ | ၄ |
| ၅ | အမှတ် ၅၊ ၆၊ ၇ ရပ်ကွက် | ၃၈၀၀ | ၂၆၇၉ | ၁၁၂၁ | ၉၈၀ | ၁၅၂ | ၁၁ |
| ၆ | ပန်းပင်ချောင်ရပ်ကွက် | ၁၃၅၀ | ၁၀၈၈ | ၂၆၂ | ၂၆၇ | | ၅ |
| ၇ | ဦးထွန်းအိုရပ်ကွက် | ၁၅၅၀ | ၁၃၅၆ | ၁၉၄ | ၂၀၄ | | ၁၀ |
| ၈ | ချောင်းဝိုင်းလေးရပ်ကွက် | ၉၅၀ | ၈၁၂ | ၁၃၈ | ၁၅၀ | | ၁၂ |
| ၉ | သခင်ဘသောင်းရပ်ကွက် | ၁၂၅၀ | ၁၀၃၂ | ၂၁၈ | ၂၂၅ | | ၇ |
| | ရပ်ကျေး စုစုပေါင်း | ၂၇၇၀၀ | ၂၀၉၄၀ | ၆၇၆၀ | ၆၆၀၂ | ၃၈၀ | ၂၂၂ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၅၁ | ၁၃၉ | ၁၂ | | ၁၂ | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၈၅၆ | | ၁၈၅၆ | ၂၂၁၂ | | ၃၅၆ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၉၇၀၇ | ၂၁၀၇၉ | ၈၆၂၈ | ၈၈၁၄ | ၃၉၂ | ၅၇၈ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ စေပိုင်ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင် ဦးမောင်ဝိတ်၏ ထွက်ဆိုချက်အား သတင်းထုတ်ပြန်ချက်

**နေပြည်တော်၊ မတ် – ၁၇**



၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ထံ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက အမေရိကန်ဒေါ်လာ ၆ သိန်းနှင့် အကယ်ဒမီရွှေ ၇ ပိဿာ (၁၁ ဒသမ ၄၃၁ ကီလိုဂရမ်) အား ပေးအပ်ခဲ့ကြောင်း ထုတ်ပြန်ရှင်းလင်းခဲ့ပြီး ဖြစ်ပါသည်။

စုံစမ်းစစ်ဆေးရန် လိုအပ်သော ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ၎င်းတို့နှင့်ပတ်သက်ဆက်နွှယ်သည့် စီးပွားရေးလုပ်ငန်းရှင်များအား ထပ်မံစစ်ဆေးခဲ့ရာ စေပိုင်ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီပိုင်ရှင် ဦးမောင်ဝိတ်က “ ကျွန်တော်ကတော့ စေပိုင်ကုမ္ပဏီပိုင်ရှင်ဥက္ကဋ္ဌ ဦးမောင်ဝိတ် ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့စေပိုင်ဆောက်လုပ်ရေးကုမ္ပဏီကို ၂၀၁၄ ခုနှစ်မှာစတင်တည်ထောင်ခဲ့ပြီး ယနေ့အချိန်အထိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုလုပ်ကိုင်ဆောင်ရွက်နေစဉ်အတွင်း ကျွန်တော့်ရဲ့ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်များကို ငွေကြေးကူညီခြင်း၊ လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ်မှာ ကျွန်တော့်ရဲ့ ကုမ္ပဏီဝန်ထမ်းတစ်ဦးက မိတ်ဆက်ပေးလို့ ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်း အလုပ်လုပ်ကိုင်ဆောင်ရွက်ပေးနေတဲ့ ဒေါ်ခင်ခင်ဦးနဲ့ ရင်းနှီးခဲ့ပါတယ်။

၂၀၁၈ ခုနှစ် မေလခန့်မှာ ဒေါ်ခင်ခင်ဦးရဲ့ အကူအညီနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို သူ့အိမ်မှာ သွားရောက်ကန်တော့ခဲ့ပါတယ်၊ အဲဒီအချိန်မှာပဲ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွက် အမေရိကန်ဒေါ်လာ တစ်သိန်းကို စက္ကူလက်ဆောင်အိတ်ငယ်ထဲထည့်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်ကိုယ်တိုင် ဦးရှောက်စန်းနဲ့ ဦးလှမျိုးမိသားစုရှေ့မှာပဲ ပေးအပ်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ်မှာလည်း အဲဒီအတိုင်းပါပဲ။ အမေရိကန်ဒေါ်လာတစ်သိန်းခွဲကို ဒေါ်အောင်ဆန်းစုကြည်အိမ်မှာပဲ ကိုယ်တိုင်စက္ကူလက်ဆောင်အိတ်ငယ်ထဲထည့်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ပေးအပ်ခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာလည်း အရင်အတိုင်းပါပဲ။ အမေရိကန်ဒေါ်လာငါးသောင်းကို ဒေါ်အောင်ဆန်းစုကြည်အိမ်မှာပဲ ဒေါ်အောင်ဆန်းစုကြည်ကို ထပ်မံပေးအပ်ခဲ့ပါတယ်။ ဧပြီလမှာလည်း အမေရိကန်ဒေါ်လာ နှစ်သိန်းခွဲကို စက္ကူအိတ်နဲ့ထည့်ပြီး ဒေါ်အောင်ဆန်းစုကြည် ကို ကိုယ်တိုင်သွားရောက်တွေ့ဆုံပြီးပေးအပ်ခဲ့ပါတယ်။ အဲဒီလို ပေးတဲ့အချိန်တွေမှာ အနားမှာဘယ်သူမှ မရှိပါဘူး ” ဟု ထွက်ဆိုခဲ့သည်။

အထက်ပါထွက်ဆိုချက်များအရ ဦးမောင်ဝိတ်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ(NLD) ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံ ၂၀၁၈ ခုနှစ်၊ မေလတွင် ပထမအကြိမ် အမေရိကန်ဒေါ်လာတစ်သိန်း၊ ၂၀၁၉ ခုနှစ်၊ မေလတွင် ဒုတိယအကြိမ် အမေရိကန်ဒေါ်လာ တစ်သိန်းခွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် တတိယအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ငါးသောင်းနှင့် ဧပြီလတွင် စတုတ္ထအကြိမ်အဖြစ် အမေရိကန်ဒေါ်လာနှစ်သိန်းခွဲ၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ငါးသိန်းခွဲအား ၎င်းကိုယ်တိုင် လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ စေပိုင်ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးမောင်ဝိတ်၏ ထွက်ဆိုချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် အဂတိလိုက်စားမှုများရှိကြောင်း ပဏာမစိစစ်တွေ့ရှိရသဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ဖော်ထုတ်စစ်ဆေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ဖြန့်ဝေနေမှုများအပေါ် မိဘပြည်သူများအနေဖြင့် နားမယောင်မိစေရေး သတိပြုကြစေလို

**နေပြည်တော် မတ် ၁၇**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌနှင့် သတ္တမအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော် သိမ်တော်ကြီး၌ မတ် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အကြိုညှိနှိုင်းအစည်းအဝေးများကို ကျင်းပလျက်ရှိသည်။

ထိုသို့ အကြိုညှိနှိုင်းအစည်းအဝေးပြုလုပ်နေမှုများကို အကြောင်းပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဘာသာ သာသနာထွန်းကားပြန့်ပွားမှုကို မလိုလားသည့် မီဒီယာအချို့နှင့် လူပုဂ္ဂိုလ်အချို့တို့က လူမှုကွန်ရက်စာမျက်နှာများတွင် **“ လုံခြုံရေးတပ်ဖွဲ့ဝင်များက သံဃာ့မဟာနာယက ဆရာတော်ကြီးများကို အကျယ်ချုပ်ဖြင့် ဖမ်းဆီးချုပ်နှောင်ဖို့ စီစဉ်နေကြောင်း၊ ဆရာတော်ကြီးများ၏ ဘွဲ့အမည်များကို အသုံးပြု၍ ထုတ်ပြန်ချက်အတုများ ထုတ်လာနိုင်ကြောင်း”** စသည့် မဟုတ်မမှန်သတင်းများကို ပျံ့နှံ့အောင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဘာသာရေးအရ တည်တံ့ထွန်းကားနေမှုကို မလိုလားမရှုဆိတ်သူများက ယခုကဲ့သို့ ဘာသာရေးခေါင်းဆောင်များ၊ သက်ဆိုင်ရာ ဘာသာအလိုက် ယုံကြည်ကိုးကွယ်နေကြသူများကို နည်းမျိုးစုံဖြင့် ထိုးနှက်တိုက်ခိုက်နေကြောင်း သိရသည်။

တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် ရှေးယခင်ကတည်းကပင် အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ပြီး သာသနာတော်ထွန်းကားပြန့်ပွားအောင် အစဉ်အဆက် သယ်ပိုးထမ်းဆောင်လျက်ရှိပြီး ယခုကဲ့သို့ သံဃမဟာနာယကဆရာတော်ကြီးများအား ဖမ်းဆီးချုပ်နှောင်မည်ဟု မဟုတ်မမှန်သတင်းဖြန့်ဝေနေမှုများကို မိဘပြည်သူများအနေဖြင့် နားမယောင်မိစေရေး သတိပြုကြစေလိုကြောင်း အသိပေးအပ်ပါသည်။ **သတင်းစဉ်**

# ဥရောပဆေးဘက်ဆိုင်ရာ အာဏာပိုင်များက ကိုဗစ်-၁၉ ကာကွယ်ဆေးများအားလုံး၏ ဆိုးကျိုးများအားလုံးကို စုံစမ်းစစ်ဆေးမှုများပြုလုပ်

**သည်ဟိတ် မတ် ၁၇**

ဥရောပဆေးဘက်ဆိုင်ရာ အာဏာပိုင်များက ကိုဗစ်–၁၉ ကာကွယ်ဆေးအားလုံး၏ ပြင်းထန်သည့် ဘေးထွက်ဆိုးကျိုးများကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း မတ် ၁၆ ရက်က ပြောကြားလိုက်သည်။ အက်စ်ထရာဇနီကာ ကိုဗစ်–၁၉ ကာကွယ်ဆေးနှင့်ပတ်သက်ပြီး သွေးကြောပိတ်နိုင်ခြေများကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မိမိတို့သည် ကိုဗစ်–၁၉ ကာကွယ်ဆေးများနှင့်ပတ်သက်ပြီး ဆိုးကျိုးများအားလုံးကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ဥရောပဆေးဘက်ဆိုင်ရာ အေဂျင်စီအကြီးအကဲ အီမာကွတ်ကီက ပြောကြားလိုက်သည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုတွင် ဖိုက်ဇာ–ဘိုင်ရွန်တက်ခ်နှင့် မော်ဒါနာကာကွယ်ဆေးများကြောင့် သွေးကြောပိတ်ဆို့မှုများရှိသည်ဆိုသည့် သတင်းဖော်ပြမှုများကြောင့် အဆိုပါကာကွယ်ဆေးများကိုလည်း စစ်ဆေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

အခုလတ်တလောတွင် ဥရောပတွင် အက်စ်ထရာဇနီကာ ကိုဗစ်–၁၉ ကာကွယ်ဆေးနှင့်ပတ်သက်ပြီး သွေးကြောပိတ်နိုင်ခြေရှိသည့် ဖြစ်ရပ်များဖြစ်ပွားမှုကြောင့် အက်စ်ထရာဇနီကာကို ပိုပြီးအာရုံစိုက်စစ်ဆေးလျက်ရှိကြောင်း ၎င်းကသတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

လတ်တလောထုတ်လုပ်လျက်ရှိသော ကိုဗစ်–၁၉ကာကွယ်ဆေးများ၏ ကာကွယ်ဆေးထုတ်လုပ်သည့် အရေအတွက်နှုန်းများကို ကြည့်ရှုစစ်ဆေးနေကြောင်း၊ သို့သော်လည်း မိမိတို့ကော်မတီအနေဖြင့် ချင့်ချိန်တွက်ချက်ရမည့်အရာများရှိကြောင်း ၎င်းက ပြောသည်။

ဥရောပနိုင်ငံအတော်များများ အက်စ်ထရာဇနီကာ ကိုဗစ်–၁၉ ကာကွယ်ဆေးအသုံးပြုခြင်းကို ရပ်နားလိုက်ပြီးနောက် အက်စ်ထရာဇနီကာ ကိုဗစ်–၁၉ ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုသည် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်ဖြစ်နိုင်ခြေများအားလုံးအတွက် အလေးသာနေသည်ကို ဥရောပဆေးဘက်ဆိုင်ရာ အေဂျင်စီအနေဖြင့် အခိုင်အမာယုံကြည်ကြောင်း ကွတ်ကီက အစောပိုင်းက ပြောကြားထားသည်။

**အေအက်ဖ်ပီ**



ဥရောပဆေးဘက်ဆိုင်ရာ အေဂျင်စီအကြီးအကဲ အီမာကွတ်ကီကို တွေ့ရစဉ်။

# ဘရာဇီးနိုင်ငံက ဖိုက်ဇာ–ဘိုင်ရွန်တက်ခ် ကိုဗစ်–၁၉ ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ မှာယူ

**ဘရာဆီးလီးယား မတ် ၁၇**

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုဒဏ်ကို အဆိုးဆုံး ခံစားနေရသောနိုင်ငံကို ကာကွယ်ဆေးထိုးလှုပ်ရှားဆောင်ရွက်မှုများ ပိုမိုပြုလုပ်နိုင်ရန် ဘရာဇီးနိုင်ငံသည် ဖိုက်ဇာ–ဘိုင်ရွန်တက်ခ် ကိုဗစ်–၁၉ ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ကို မှာယူခဲ့ကြောင်းနှင့် နောက်ထပ် ကိုဗစ်–၁၉ ကာကွယ်ဆေး ၃၈ သန်းကို ဂျွန်ဆင်နှင့် ဂျွန်ဆင်ထံမှ မှာယူခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ကြီး အက်ဒွါဒိုပါဇူလိုက ဘရာဇီးနိုင်ငံသည် ယခုနှစ်ကုန်တွင် ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၅၆၃ သန်း ရရှိပိုင်ဆိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ ကာကွယ်ဆေးများတွင် တချို့မှာ တစ်ကြိမ်ထိုး ကာကွယ်ဆေးများဖြစ်ပြီး တချို့မှာ နှစ်ကြိမ်ထိုးကာကွယ်ဆေးများ ဖြစ်ကြောင်း သိရသည်။ လက်ယာစွန်းရောက် သမ္မတ ဂျာဘော်ဆွန်နာရိုက ဘရာဇီးနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်မှုများနှင့် သေဆုံးမှုများ မြင့်တက်လာနေစဉ်အတွင်း သူ့နေရာတွင် အစားထိုးရန် သင့်တော်သူများကို ရှာဖွေနေခဲ့သည်ကို သိသော်လည်း ကျန်းမာရေးဝန်ကြီးက ၎င်း၏ ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်မှုများနှင့် ပတ်သက်ပြီး အကောင်းဆုံးလုပ်ဆောင်လျက်ရှိကြောင်း ခုခံကာကွယ်ပြောကြားလိုက်သည်။




ဖိုက်ဇာ–ဘိုင်ရွန်တက်ခ် ကိုဗစ်–၁၉ ကာကွယ်ဆေး။

၂၁၂ သန်းရှိသော ဘရာဇီးနိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ကြောင့် ဆေးရုံများကို မနိုင်ဝန်ထမ်းစေပြီး သေဆုံးသူဦးရေမှာလည်း အမေရိကန်ပြည်ထောင်စုပြီးလျှင် ၂၈၀၀၀၀ ဖြင့် ဒုတိယသေဆုံးမှုအများဆုံးစာရင်းတွင် ရပ်တည်လျက်ရှိသည်။

ဘော်ဆိုနာရိုအစိုးရအဖွဲ့သည် ကိုဗစ်–၁၉ ကာကွယ်ဆေး အလုံအလောက်ဝယ်ယူရန် ပျက်ကွက်မှုနှင့် ပတ်သက်ပြီး ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။ အကျိုးဆက်အားဖြင့် ဒေသတွင်းသက်ဆိုင်ရာအရာရှိများက တချို့ဒေသများတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးမှု လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရသည်။

ပါဇူလိုသည် ဘရာဇီးနိုင်ငံ၏ ကိုဗစ်–၁၉ ကပ်ရောဂါဆိုင်ရာ တတိယမြောက် ကျန်းမာရေးဝန်ကြီးတစ်ဦး ဖြစ်ခဲ့သည်။ ၎င်းက သူ့နေရာတွင် အစားထိုးမည့်သူကို သမ္မတက စဉ်းစားဆုံးဖြတ်နေကြောင်း အတည်ပြုပြောကြားလိုက်သည်။

ဘော်ဆွန်နာရို၏ အိမ်တွင်း၌ နေထိုင်ရန် အမိန့်များနှင့် နှာခေါင်းစည်းတပ်ဆင်ရေး အမိန့်များအပါအဝင် ကိုဗစ်–၁၉ ဆန့်ကျင်ရေးဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး မကြာခဏပြဋ္ဌာန်းချက်ထုတ်နေမှုများအပေါ် တောင်အမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံအနေဖြင့် အကြီးအကျယ် သဘောထားကွဲလျက်ရှိသည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံသည် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထောက်ပံ့မည်

**ပေကျင်း မတ် ၁၇**

တရုတ်နိုင်ငံသည် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအတွက် ကိုဗစ်–၁၉ ကာကွယ်ဆေးအလုံးရေ ၃၀၀၀၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ တရုတ်သံတမန်အဖွဲ့က ပြောကြားခဲ့သည်။ ထို့အပြင် ငြိမ်းချမ်းရေးတာဝန် ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင် ၁၀၀၀၀၀ အတွက် အိန္ဒိယနိုင်ငံက ကိုဗစ်–၁၉ ကာကွယ်ဆေးအလုံးရေ ၂၀၀၀၀၀ ပေးဆောင်ရန် ကတိပြုပြီးဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ဂျွန်က ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးအဖွဲ့များသို့ ကာကွယ်ဆေးလှူရခြင်းနှင့် ပတ်သက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်အား ပြောကြားခဲ့သည်ဟု တရုတ်သံတမန်အဖွဲ့က ပြောကြားခဲ့သည်။ အထူးသဖြင့် အဆိုပါကာကွယ်ဆေးများကို အာဖရိကတွင် ငြိမ်းချမ်းရေးထိန်းသိမ်းနေသူများအတွက် ဦးစားပေးကြောင်း ပြောကြားသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီးက တရုတ်နိုင်ငံသည် ငြိမ်းချမ်းရေး ထိန်းသိမ်းသူများအတွက် ကိုဗစ်–၁၉ ကာကွယ်ဆေးများကို ထောက်ပံ့ရန် ရည်ရွယ်ခဲ့ကြောင်း လွန်ခဲ့သောလက လုံခြုံရေးကောင်စီသို့ ပြောကြားခဲ့သည်။ သို့သော်လည်း ဘယ်လောက်များများ ထောက်ပံ့မှု လုပ်ဆောင်သွားမလဲဆိုသည်နှင့်ပတ်သက်ပြီး ထုတ်ပြန်ပြောကြားသွားခြင်း မရှိပေ။



တရုတ်နိုင်ငံ၏ ကိုဗစ်–၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

အဆိုပါအစည်းအဝေး၌ပင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက အိန္ဒိယနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်း ဖြန့်ကြက်လျက်ရှိသော ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၁၀၀၀၀၀ အတွက် ကိုဗစ်–၁၉ ကာကွယ်ဆေး ၂၀၀၀၀၀ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံလုံးအနေဖြင့် မည်သည့် ကိုဗစ်–၁၉ ကာကွယ်ဆေးကိုထောက်ပံ့ပေးသွားမလဲဆိုသည်ကိုအသိပေးပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် နိုင်ငံပေါင်း ၆၉ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့နှစ်ဖွဲ့သို့ ကာကွယ်ဆေးများ ထောက်ပံ့ပေးခဲ့ပြီး နိုင်ငံပေါင်း ၂၈ နိုင်ငံသို့ ကာကွယ်ဆေးများ တင်ပို့ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၀၀၀ ကျော်တိုးလာ

**ဂျကာတာ မတ် ၁၇**

အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၈၂၅ ဦး တိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်–၁၉ အတည်ပြုလူနာ၁၄၃၇၂၈၃ ဦးဖြစ်လာခဲ့သည်။ အလားတူ တစ်နေ့အတွင်း ကိုဗစ်–၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၆၂ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကြောင့် နိုင်ငံအတွင်း စုစုပေါင်း သေဆုံးသူ ၃၈၉၁၅ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မတ် ၁၇ ရက်တွင် ပြောကြားလိုက်သည်။


ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ဆေးရုံမှ နောက်ထပ်ဆင်းလာသူပေါင်း ၉၀၁၀ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ မှ ပြန်လည်ကောင်းမွန်လာသူပေါင်းမှာ ၁၂၆၆၇၃ ဦး ရှိလာခဲ့သည်။ ကိုဗစ်–၁၉ သည် နိုင်ငံ၏ ပြည်နယ်ပေါင်း ၃၄ ပြည်နယ်သို့ ပျံ့နှံ့လျက်ရှိသည်။

မတ် ၁၆ ရက်က အနောက်ဂျာဗားတွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၄၇ ဦး၊ ဂျကာတာတွင် ၁၃၃၀ ၊ ဘန်တန်းတွင် ၈၆၁ ဦး၊ အလယ်ဂျာဗားတွင် ၆၄၇ ဦးနှင့် အရှေ့ဂျာဗားတွင် ၃၂၁ ဦးတို့ ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကာကွယ်ဆေးနှင့်သွေးခဲမှုဖြစ်စဉ်အကြား ဆက်စပ်မှုမရှိဟု အက်စ်ထရာဇနီကာကုမ္ပဏီကပြော

**နှင်းမိုးအိမ်**



ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သည့် အက်စ်ထရာဇနီကာကုမ္ပဏီက ၎င်းတို့ထုတ်လုပ်သည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးနှင့်ပတ်သက်ပြီး ရှင်းလင်းချက် ထုတ်ပြန်ခဲ့သည်။

**သက်သေအထောက်အထားမရှိ**

ဥရောပတွင် လတ်တလော ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးခဲ့ပြီးနောက် သွေးခဲမှုဖြစ်ပေါ်ပြီး လူသေဆုံးမှုများဖြစ်ပေါ်ခဲ့ရာ ယင်းဖြစ်ရပ်နှင့် အက်စ်ထရာဇနီကာမှ ထုတ်လုပ်သည့် ကိုဗစ် -၁၉ ကာကွယ်ဆေးတို့ကြား ဆက်စပ်မှုရှိသည်ဟူသော ထင်ရှားသည့် သက်သေအထောက်အထားမတွေ့ရှိရဟု မတ် ၁၄ ရက်နှောင်းပိုင်းတွင် အက်စ်ထရာဇနီကာကုမ္ပဏီက ပြောသည်။

**ဆိုင်းငံ့ထားမည်ဟုကြေညာ**

ယခုအခါ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးနောက် သွေးခဲမှုဖြစ်စဉ်ကြောင့် နိုင်ငံအချို့တွင် အက်စ်ထရာဇနီကာ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံမှုကို ယာယီရပ်တန့်ထားခဲ့ကြသည်။ ယခုအချိန်ထိ အက်စ်ထရာဇနီကာမှ ထုတ်လုပ်သည့် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသူ ၁၇ သန်းရှိပြီး ၎င်းတို့ထဲမှ ၁၅ ဦးသာ သွေးကြောပိတ်ခြင်းခံစားရသည်ဟု ရှင်းလင်းခဲ့သည်။ ယင်းပမာဏမှာ ခန့်မှန်းထားသည် ထက်ပင်နည်းပါးသည့် ဘေးထွက်ဆိုးကျိုးခံစားရသည့် အရေအတွက်ဖြစ်သည်ဟု ကုမ္ပဏီဘက်က ပြောသည်။ မတ် ၁၄ ရက် နှောင်းပိုင်းကလည်း နယ်သာလန်အစိုးရက အက်စ်ထရာဇနီကာမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးတွင် လုံခြုံစိတ်ချရမှု ရှိ မရှိ စစ်ဆေးနေစဉ်အတွင်း ကာကွယ်ဆေးထိုးနှံပေးမှုကို ယာယီအားဖြင့် ဆိုင်းငံ့ထားမည်ဟု ကြေညာခဲ့သည်။

**ရပ်တန့်ထားခဲ့**

လာမည့်သီတင်းနှစ်ပတ်တာကာလအတွင်း ယင်းကာကွယ်ဆေးအသုံးပြုမှုကို ဆိုင်းငံ့ထားမည်ဟု သိရသည်။ အလားတူပင် အိုင်ယာလန်နှင့် အီတလီနိုင်ငံတို့တွင်လည်း အဆိုပါ ကိုဗစ်- ၁၉ ကာကွယ်ဆေး အသုံးပြုမှုကို ယာယီဆိုင်းငံ့ထားသည်။ လွန်ခဲ့သည့် သီတင်းပတ်အတွင်းက ကာကွယ်ဆေးထိုးပြီးနောက် သွေးခဲမှုဖြစ်ပေါ်ကာ လူသေဆုံးမှု ဖြစ်ပေါ်ခဲ့သည့်အတွက် နော်ဝေ၊ ဒိန်းမတ်နှင့် အချို့သောနိုင်ငံများတွင် အဆိုပါ ကာကွယ်ဆေးထိုးနှံပေးမှုကို ရပ်တန့်ထားခဲ့သည်။ အက်စ်ထရာဇနီကာ ကာကွယ်ဆေးနှင့် သွေးခဲမှု ဖြစ်စဉ်မှာ ဆက်စပ်မှုမရှိဟု ဥရောပသမဂ္ဂ ဆေးဘက်ဆိုင်ရာ ကြီးကြပ်သူများက ပြောသည်။ ဒိန်းမတ်နှင့် နော်ဝေနိုင်ငံတို့တွင် ယင်းကာကွယ်ဆေးကို အသုံးပြုမှုဆိုင်းငံ့လိုက်ပြီးနောက် ယခုလို ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ အီတလီနိုင်ငံတွင် အသက် ၅၀ အရွယ် အမျိုးသားတစ်ဦးမှာ ကာကွယ်ဆေးထိုးပြီးနောက် သွေးခဲမှုဖြစ်စဉ် ပေါ်ပေါက်ပြီး အသက်ဆုံးရှုံးခဲ့ရသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။ ယင်းအခြေအနေဖြစ်ပေါ်ရခြင်းမှာ ကာကွယ်ဆေးနှင့် ဆက်စပ်မှုရှိသည်ဟူသော အကြောင်းပြချက် မရှိဟု ဥရောပဆေးဘက်ဆိုင်ရာအေဂျင်စီက မတ် ၁၁ ရက်တွင် ပြောကြားခဲ့သည်။ သွေးခဲမှုဖြစ်စဉ်ကို စုံစမ်းနေဆဲအတွင်း ကာကွယ်ဆေးထိုးနှံပေးမှုကို ဆက်လက်လုပ်ဆောင်၍ရကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။ ကာကွယ်ဆေးကို လူသားများတွင် စမ်းသပ်စဉ်ကတည်းက ဆေး၏ လုံခြုံစိတ်ချရမှု အတွက် တင်းတင်းကျပ်ကျပ် စိစစ်ခဲ့ပြီးဖြစ်ကြောင်း အက်စ်ထရာဇနီကာ ဆေးကုမ္ပဏီဘက်က ပြောသည်။

**သက်သေပြချက်မရှိသေး**

စစ်ဆေးကြီးကြပ်သူများကလည်း ဆေး၏ အကျိုးသက်ရောက်မှုကို ရှင်းရှင်းလင်းလင်း သိရှိနားလည်အောင် လုပ်ဆောင်ခဲ့ကြပြီးဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ဗြိတိန်နိုင်ငံရှိ ဆေးပညာနှင့် ကျန်းမာရေးစောင့်ရှောက်မှု ထုတ်ကုန်များ ကြီးကြပ်ရေးအေဂျင်စီကလည်း ကာကွယ်ဆေးတွင် ပြဿနာများရှိနိုင်သည်ဟူသော သက်သေပြချက်မရှိသေးကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ကာကွယ်ဆေးဆက်လက်ထိုးသင့်သည်ဟု ၎င်းကပြောသည်။ သွေးခဲခြင်းမှာ ပုံမှန်အားဖြင့် ဖြစ်တတ်သည့် သဘောရှိကြောင်း အဆိုပါအေဂျင်စီက ပြောသည်။ ယခုအခါ ဗြိတိန်နိုင်ငံတစ်လွှား အက်စ်ထရာဇနီကာမှ ထုတ်လုပ်သည့် ကာကွယ်ဆေးထိုးပြီးသူ ၁၁ သန်းကျော်ရှိသည်ဟု ယင်းအေဂျင်စီမှ ပြောသည်။ ပြီးခဲ့သည့် မတ်လ ၁၁ ရက်ကလည်း Johnson & Johnson ကာကွယ်ဆေးကို ဥရောပဆေးဘက်ဆိုင်ရာအေဂျင်စီက အသိအမှတ်ပြုခဲ့သည်။

**ခန့်မှန်းထားကြ**

ယင်းကာကွယ်ဆေးမှာ အခြားသော ကိုဗစ် -၁၉ ကာကွယ်ဆေးများလို နှစ်ကြိမ်ထိုးနှံစရာမလိုဘဲ တစ်ကြိမ်သာ ထိုးနှံရန် လိုအပ်သည်ဟု သိရသည်။ လုံခြုံစိတ်ချရပြီး အကျိုးသက်ရောက်မှုရှိသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဈေးကွက်အတွင်းသို့ ရောက်ရှိလာတော့မည်ဖြစ်သော်လည်း Johnson & Johnson ကာကွယ်ဆေးမှာမူ ဧပြီလမတိုင်မီအချိန်အထိ ဈေးကွက်အတွင်းသို့ ရောက်ရှိလာမည်မဟုတ်ဟု ခန့်မှန်းထားကြသည်။ အမေရိကန်မှ ထုတ်လုပ်သည့် နိုဗက်ကာကွယ်ဆေးသည် ၉၉ ရာခိုင်နှုန်းသက်ရောက်မှုရှိပြီး ဗြိတိန်တွင် တွေ့ရှိရသည့် ဗီဇပြောင်းကိုဗစ်-၁၉ကို ၈၆ ရာခိုင်နှုန်း သက်ရောက်မှုရှိသည်ဟု လေ့လာမှုများ ပေါ်ထွက်လာသည်။

**ကြိုတင်ကာကွယ်မှုအနေဖြင့်ဆိုင်းငံ့**

၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းတွင် အဆိုပါ ကာကွယ်ဆေး ဗြိတိန်တွင် ထိုးနှံခွင့်ရရှိမည်ဟု မျှော်လင့်ထားကြသည်။ ယခုအခါ ဒိန်းမတ်၊ နော်ဝေ၊ အီတလီနှင့် ဩစတြေးလျတို့တွင် အက်စ်ထရာဇနီကာကာကွယ်ဆေးထိုးနှံမှုကို ဆိုင်းငံ့ထားကြသည်။ အက်စတိုးနီးယား၊ လစ်သူနီးယားနှင့် လူဇင်ဘတ်တို့တွင်လည်း အက်စ်ထရာဇနီကာ ကာကွယ်ဆေးထိုးနှံမှုကို ရပ်တန့်ထားသည်။ ရိုမေးနီးယားနိုင်ငံတွင်လည်း ကာကွယ်ဆေး ၄၂၀၀ ရရှိထားပြီး ဆေးထိုးနှံပေးမှုကို ယာယီရပ်ဆိုင်းထားသည်။ ဒိန်းမတ်နိုင်ငံတွင်လည်း သွေးခဲမှုဖြစ်စဉ်ကြောင့် လူတစ်ဦးသေဆုံးခဲ့သည်။ လက်ရှိဖြစ်ပေါ်နေသည့်ဆိုးကျိုးများနှင့် ကာကွယ်ဆေးတို့ကြား ဆက်နွယ်မှုမတွေ့ရှိရသေးသော်လည်း ကြိုတင်ကာကွယ်မှုအနေဖြင့် ဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း အီတလီနိုင်ငံ၏ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းက ပြောသည်။

**ဆုံးဖြတ်ချက်ချခဲ့**

ကာကွယ်ဆေးထိုးပြီးနောက် အီတလီနှစ်ဦး သေဆုံးခဲ့သည်ဟုလည်း သတင်းများထွက်ပေါ်လာခဲ့သည်။ ကာကွယ်ဆေးထိုးပြီးနောက် ၁၀ ရက်အကြာတွင် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီးနောက် ဩစတြေးလျနိုင်ငံတွင် အဆိုပါ ကာကွယ်ဆေး အသုံးပြုမှုကိုဆိုင်းငံ့ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ဒိန်းမတ်နိုင်ငံကမူ ကြိုတင်ကာကွယ်သည့်အနေဖြင့် ကာကွယ်ဆေးထိုးနှံမှုကို ၁၄ ရက် ရပ်နားထားမည်ဟု ဒိန်းမတ် ကျန်းမာရေးဝန်ကြီး မက်ဂ်နက်စ် ဟူနကီက ပြောကြားခဲ့သည်။ နော်ဝေနိုင်ငံ ပြည်သူ့ကျန်းမာရေးအင်စတီကျုကလည်း ဒိန်းမတ်နိုင်ငံက ဆုံးဖြတ်သကဲ့သို့ပင် လုပ်ဆောင်သွားမည်ဟု ပြောသည်။ ကာကွယ်ဆေးနှင့် သွေးခဲမှုဖြစ်စဉ်အကြား ဆက်စပ်မှု ရှိ မရှိ စုံစမ်းစစ်ဆေးမှုရလဒ်ကို စောင့်ဆိုင်းသွားမည်ဟု ပြောသည်။

**အငြင်းပွားမှုဖြစ်ပေါ်ခဲ့**

မတ် ၁၁ ရက်က ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့တွင် ယင်းကာကွယ်ဆေးကို ထိုးနှံမှုဆက်လက်ပြုလုပ်သွားမည်ဟု ပြောကြားခဲ့သည်။ ကာကွယ်ဆေးကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးနှင့်ယှဉ်လျှင် အကျိုးအမြတ်က ပိုမိုရရှိမည်ဟု ပြင်သစ်ကျန်းမာရေးဝန်ကြီး အိုလီဗာဗီရန်က ပြောသည်။ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း စပိန်နိုင်ငံတွင် အသက် ၅၅ နှစ်နှင့် ၆၅ နှစ်ကြား လူများကို ကာကွယ်ဆေးထိုးပေးရန် ကြန့်ကြာနေခဲ့ရသည်။ မကြာသေးမီအချိန်ကလည်း အက်စ်ထရာဇနီကာကုမ္ပဏီနှင့် ဥရောပသမဂ္ဂတို့အကြား ကာကွယ်ဆေးတင်ပို့မှုပမာဏနှင့် ပတ်သက်ပြီး အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ။

**ကိုးကား – ဝါရှင်တန်ပို့စ်၊ ဘီဘီစီ**

> **“သွေးခဲမှု ဖြစ်စဉ်ကို စုံစမ်းနေဆဲအတွင်း ကာကွယ်ဆေးထိုးနှံပေးမှုကို ဆက်လက်လုပ်ဆောင်၍ရကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။ ကာကွယ်ဆေးကို လူသားများတွင် စမ်းသပ်စဉ်ကတည်းက ဆေး၏လုံခြုံစိတ်ချရမှု အတွက် တင်းတင်းကျပ်ကျပ် စိစစ်ခဲ့ပြီးဖြစ်ကြောင်း အက်စ်ထရာဇနီကာ ဆေးကုမ္ပဏီဘက်ကပြော”**

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၇–၃–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၆–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၇–၃–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၂၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၁၇,၁၉၇) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၁၉၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၅၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

**** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –**

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁၇-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၂၄၀၁၅ | ၂၂၃၅၉၀၄၅ | ၅၄၉၄၃၄ |
| ၂။ | ဘရာဇီး | ၁၁၆၀၉၆၀၁ | ၁၀၂၀၄၅၄၁ | ၂၈၂၄၀၀ |
| ၃။ | အိန္ဒိယ | ၁၁၄၃၈၇၃၄ | ၁၁၀၄၅၂၈၄ | ၁၅၉၀၇၉ |
| ၄။ | ရုရှား | ၄၄၁၈၄၃၆ | ၄၀၂၄၉၇၅ | ၉၃၃၆၄ |
| ၅။ | ဗြိတိန် | ၄၂၆၈၈၂၁ | ၃၅၄၈၇၃၁ | ၁၂၅၆၉၀ |
| ၆။ | ပြင်သစ် | ၄၁၀၈၁၀၈ | ၂၇၅၃၅၀ | ၉၁၁၇၀ |
| ၇။ | အီတလီ | ၃၂၅၈၇၇၀ | ၂၆၁၉၆၅၄ | ၁၀၃၀၀၁ |
| ၈။ | စပိန် | ၃၂၀၀၀၂၄ | ၂၈၅၇၇၁၄ | ၇၂၅၆၅ |
| ၉။ | တူရကီ | ၂၉၁၁၆၄၂ | ၂၇၃၄၈၆၂ | ၂၉၆၂၃ |
| ၁၀။ | ဂျာမနီ | ၂၅၉၄၆၇၅ | ၂၃၈၃၆၀၀ | ၇၄၄၁ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၇ – ၃ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၃၇၂၈၃ | ၁၂၆၆၆၇၃ | ၃၈၉၁၅ |
| ဖိလစ်ပိုင် | ၆၃၆၅၉၈ | ၅၆၁၀၉၉ | ၁၂၈၆၆ |
| မလေးရှား | ၃၂၇၂၅၃ | ၃၁၀၉၅၈ | ၁၂၂၀ |
| မြန်မာ | ၁၄၂၁၉၀ | ၁၃၁၇၅၁ | ၃၂၀၃ |
| စင်ကာပူ | ၆၀၁၃၇ | ၅၉၉၈၄ | ၃၀ |
| ထိုင်း | ၂၇၄၀၂ | ၂၆၃၃၉ | ၈၈ |
| ဗီယက်နမ် | ၂၅၆၇ | ၂၁၉၈ | ၃၅ |
| ကမ္ဘောဒီးယား | ၁၅၀၅ | ၈၄၀ | ၁ |
| ဘရူနိုင်း | ၂၀၂ | ၁၈၆ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |

### ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ နှစ်လဲသက်တမ်းတိုး ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ရန် အသိပေးကြေညာခြင်း

❖ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁–၁၂–၂၀၂၀ ရက်နေ့မှစ၍ ကနဦး မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ရုံးများအားလုံး၌ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီခွင့်ပြုချက်အရ နှစ်လဲသက်တမ်းတိုး ယာဉ်မှတ်ပုံတင်ဝန်ဆောင်မှုလုပ်ငန်းများကို ၂၂–၃–၂၀၂၁ ရက် (တနင်္လာနေ့) မှ စတင်၍ ပြန်လည်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

❖ မော်တော်ယာဉ် / မော်တော်ဆိုင်ကယ်များကို ၎င်းတို့၏ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် လအလိုက် အောက်ပါ သတ်မှတ်ကာလအတွင်း သက်တမ်းတိုး မပျက်မကွက်လာရောက်ဆောင်ရွက်ရန်ဖြစ်ပါသည် –

(က) ယခင်ကျန်ရှိသည့် (၆/၂၀၂၀) လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များနှင့် (၉/၂၀၂၀)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂–၃–၂၀၂၁ ရက်မှ ၃၁–၅–၂၀၂၁ ရက်နေ့အတွင်း၊

( ခ ) (၁၀/၂၀၂၀) လ နှင့် (၁၁/၂၀၂၀)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂–၃–၂၀၂၁ ရက်မှ ၃၀–၆–၂၀၂၁ ရက်နေ့အတွင်း၊

( ဂ ) (၁၂/၂၀၂၀) လနှင့် (၁/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂–၃–၂၀၂၁ ရက်မှ ၃၁–၇–၂၀၂၁ ရက်နေ့အတွင်း၊

(ဃ) (၂/၂၀၂၁) လ နှင့် (၃/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂–၃–၂၀၂၁ ရက်မှ ၃၁–၈–၂၀၂၁ ရက်နေ့အတွင်း။

❖ (၄/၂၀၂၁)လ မှ (၉/၂၀၂၁)လအတွင်း မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် သတ်မှတ်သက်တမ်းကာလအတွင်း အချိန်မီသက်တမ်းတိုးရန် ဖြစ်ပါသည်။

❖ သတ်မှတ်ကာလအတွင်း အချိန်မီလာရောက်ဆောင်ရွက်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည် ဖြစ်ပါသည်။ ၎င်းအပြင် အများပြည်သူသယ်ယူပို့ဆောင်သည့် ခရီးသည်တင်ယာဉ်များမှအပ ကျန်ယာဉ်များအားလုံးကို ယာဉ်စစ်ဆေးခြင်း ကင်းလွတ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

❖ ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးရန် ပျက်ကွက်ခြင်း တစ်ဆက်တည်း (၅)နှစ်ကျော်၍ မှတ်ပုံတင်ဖျက်သိမ်းရတော့မည့်ယာဉ်များသည် အောက်ပါသတ်မှတ်ကာလအတွင်း လာရောက်သက်တမ်းတိုးဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းမည်ဖြစ်ပါသည် –

(က) သက်တမ်းကုန်ဆုံးရက် (၃၀–၆–၂၀၁၅)နှင့် (၃၀–၉–၂၀၁၅) ယာဉ်များသည် ၂၂–၃–၂၀၂၁ ရက်နေ့မှ ၃၁–၅–၂၀၂၁ ရက်နေ့အတွင်း (၇/၂၀၁၅ လနှင့် ၈/၂၀၁၅ လ သက်တမ်းကုန်ဆုံးသည့်ယာဉ်များမပါ)၊

( ခ ) သက်တမ်းကုန်ဆုံးရက် (၃၁–၁၀–၂၀၁၅) ယာဉ်များနှင့် (၃၀–၁၁–၂၀၁၅) ယာဉ်များသည် ၂၂–၃–၂၀၂၁ ရက်နေ့မှ ၃၀–၆–၂၀၂၁ ရက်နေ့အတွင်း၊

( ဂ ) သက်တမ်းကုန်ဆုံးရက် (၃၁–၁၂–၂၀၁၅) ယာဉ်များနှင့် (၃၁–၁–၂၀၁၆) ယာဉ်များ သည် ၂၂–၃–၂၀၂၁ ရက်နေ့မှ ၃၁–၇–၂၀၂၁ ရက်နေ့အတွင်း၊

(ဃ ) သက်တမ်းကုန်ဆုံးရက် (၂၉–၂–၂၀၁၆) ယာဉ်များနှင့် (၃၁–၃–၂၀၁၆) ယာဉ်များသည် ၂၂–၃–၂၀၂၁ ရက်နေ့မှ ၃၁–၈–၂၀၂၁ ရက်နေ့အတွင်း၊

❖ သက်တမ်းကုန်ဆုံးရက် (၃၀–၄–၂၀၁၆)၊ (၃၁–၅–၂၀၁၆)၊ (၃၀–၆–၂၀၁၆)၊ (၃၁–၇–၂၀၁၆)၊ (၃၁–၈–၂၀၁၆) လနှင့် (၃၀–၉–၂၀၁၆) လ တို့တွင် သက်တမ်းကုန်ဆုံးမည့်ယာဉ်များသည် သတ်မှတ်သက်တမ်းကာလအတွင်း အချိန်မီ သက်တမ်းတိုးရန်ဖြစ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ၁၁-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*(ယမန်နေ့မှအဆက်)*

ဆက်လက်၍ **သူရိယနေဝန်းသတင်းဌာနမှ ဦးမိုးဟိန်းက** ဒုတိယမေးခွန်း ဖြည့်စွက် မေးချင်ကြောင်း၊ ကမ္ဘာ့သမိုင်းတစ်လျှောက်မှာ နိုင်ငံတော်တစ်ခုကို အုပ်ချုပ်သည့် အစိုးရဆိုတာသည် ရွေးကောက်ပွဲနှင့် တက်လာသည့် အစိုးရဆိုတာရှိကြောင်း၊ ရွေးကောက်ပွဲမကျင်းပဘဲ တိုင်းပြည်ကို တည်ငြိမ်ပြီး တိုးတက်အောင် အုပ်ချုပ်နိုင်သည့် အစိုးရဆိုတာလည်းရှိကြောင်း၊ ဥပမာ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင် အင်အားကြီးနိုင်ငံ ငါးနိုင်ငံထဲမှာမှ ဟိုတုန်းက ဆိုဗီယက် ယူနီယံ၊ နောက်ပိုင်းမှာ ရုရှားဖက်ဒရေးရှင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒီနှစ်ခုစလုံးသည် ရွေးကောက်ပွဲနှင့် တက်လာသည့်အစိုးရများ မဟုတ်ဟု ကျွန်တော်မြင်ထားကြောင်း၊ ရုရှားဖက်ဒရေးရှင်းသည် ၁၉၁၇ ခုနှစ် Bolshevik တော်လှန်ရေးမှ ဘောဒိရစ်ဆင်ဖြစ်သည့် ကာလအထိ ဘာရွေးကောက်ပွဲမှမရှိကြောင်း၊ သို့ပေမယ့် ၎င်းကို နိုင်ငံတစ်ခုအစိုးရတစ်ရပ်အနေနှင့် တစ်ကမ္ဘာလုံးမှလက်ခံပြီး ဆက်ဆံကြောင်း၊ ကျင့်သုံးရကြောင်း၊ ဘာကြောင့်လဲဆိုတာသည် အချုပ်အခြာအာဏာသုံးရပ်ကို ၎င်းတို့ပိုင်ပိုင်နိုင်နိုင် ကျင့်သုံးနိုင်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုရင်လည်း ၁၉၄၉ ခုနှစ် မော်စီတုံး တော်လှန်ရေးအောင်မြင်သည့်အချိန်မှ ယနေ့အချိန်အထိ ဘာရွေးကောက်ပွဲမှ မရှိကြောင်း၊ ဒါပေမယ့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အစိုးရတစ်ရပ်အဖြစ်တောင်မဟုတ် ကမ္ဘာ့အင်အားကြီးနိုင်ငံ၊ ကမ္ဘာ့နံပါတ်တစ်၊ နှစ်အထိ ရောက်သွားကြောင်း၊ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံများမှာ ဆိုလျှင်လည်း ဘာရွေးကောက်ပွဲမရှိဘဲ တရားဝင် အစိုးရခန့်သည့် ဗီယက်နမ် ဆိုရှယ်လစ်နိုင်ငံ၊ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နောက်ဆုံး ကမ္ဘောဒီးယားတောင်မှ ရွေးကောက်ပွဲဆိုသည်မှာ စတာသိပ်မကြာသေးကြောင်း၊ ကျွန်တော်တို့သည် ရွေးကောက်ပွဲမရှိသည့် ကာလများကိုကျော်လာပြီး အခုမှ ရွေးကောက်ပွဲစနစ် တပ်မတော်မှခွင့်ပြုပြီး ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်၊ ယခု ၂၀၂၀ ပြည့်နှစ်ဆိုသည်မှာ သုံးကြိမ်မြောက်ဖြစ်လာကြောင်း၊ ဒီကာလမှ ကျွန်တော်တို့ ဒီလိုပြိုင်ဘက်ဖြစ်ရသည့်အခါမှာ ဒီနေ့ နစကအစိုးရအနေနှင့် အာဏာသိမ်း အစိုးရလည်း မဟုတ်ကြောင်း၊ အာဏာထိန်းထားသည်ဖြစ်ကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အထဲမှနေပြီး လက်ရှိအာဏာသုံးရပ်ကို ကျင့်သုံးနေသည်ဖြစ်သည့်အတွက်ကြောင့် ယခုအစိုးရပေါ်မှာ ဝေဖန်နေကြသည့် **"အစိုးရဖြစ်ကြောင်း၊ မဖြစ်ကြောင်း၊ တရားမဝင်ကြောင်း၊ CRPH မှ တရားဝင်ကြောင်း ဘယ်ဒေါက်တာသည် တရားဝင်ဖြစ်သည်"** ဆိုသည့် အချက်များနှင့် ပတ်သက်ပြီး ဗိုလ်ချုပ်အနေနှင့် ထပ်ပြီးတော့ အကျယ်တဝင့် ရှင်းလင်းစေလိုပါကြောင်း ပြောကြားသည်။

**အငြင်းပွားနေစရာအကြောင်းမရှိ**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က တရားဝင်ခြင်း၊ မဝင်ခြင်းသည် တချို့လည်း ရေးကြကြောင်း၊ ပြောနေကြောင်း၊ နိုင်ငံတကာမှ မြန်မာအစိုးရဟု အသိအမှတ်မပြုကြောင်း၊ ဘယ်နိုင်ငံသည် ဘယ်လိုဘာဖြစ်ကြောင်း၊ ဘယ်လို အသိအမှတ်မပြုကြောင်း၊ အာဆီယံမှ အသိအမှတ်ပြုရန် ခက်နေကြောင်း

"ပြည်ပတွင် မိမိတို့အချုပ်အခြာအာဏာနှင့် ပတ်သက်ပြီး ရှိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာဥပဒေနှင့် ပတ်သက်ပြီး ပြောဆိုလေ့လာမည်ဆိုပါကလည်း နိုင်ငံတစ်နိုင်ငံကို အသိအမှတ်ပြုခြင်း၊ နိုင်ငံတစ်နိုင်ငံနှင့်ပတ်သက်ပြီး တရားဝင်ခြင်းဆိုသည်များနှင့် ပတ်သက်ပြီး အားလုံးပြည့်စုံပြီးဖြစ်သည့်အတွက် ထပ်ပြီး အငြင်းပွားနေစရာ အကြောင်းမရှိပါကြောင်း"

ဒီလိုပြောကြကြောင်း၊ နံပါတ်တစ် တပ်မတော်သည် အတွေ့အကြုံမရှိသည့် တပ်မတော်မဟုတ်ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းအပြီးတွင် တပ်မတော်မှ တာဝန်ယူလိုက်ကြောင်း၊ တာဝန်ယူလိုက်သည့် အချိန်တွင် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးအဆင့်အတန်းကို ကြည့်သင့်ကြောင်း၊ အမေရိကန်သည် ဒီမှာ ယာယီသံမှူး သံရုံးယာယီတာဝန်ခံဖြင့် ထားခဲ့ကြောင်း၊ အခြားနိုင်ငံများလည်းရှိကြောင်း၊ ယခု ကျွန်တော်ပြောချင်တာသည် ဒါတွေနှင့် နှိုင်းယှဉ်ပြီးတော့ ပြောချင်တာဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ နိုင်ငံကို ကိုယ်စားပြုသည့် သံအမတ်ကြီးများ အားလုံးရှိကြောင်း၊ မြန်မာနိုင်ငံမှနေပြီး ကျန်သည့် နိုင်ငံများမှာလည်း ကိုယ်စားပြုသည့် သံအမတ်ကြီးများ အားလုံးရှိကြောင်း၊ ဆက်သွယ်ဆက်ဆံမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ လိုရာဆွဲရေးသားမှုများရှိကောင်းရှိနိုင်သော်လည်း ဆက်သွယ်၊ ဆက်ဆံမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ အချုပ်အခြာအာဏာသုံးရပ်ဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးအာဏာများ ကောင်းစွာလည်ပတ်လျက်ရှိပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ကောင်းမွန်စွာ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိကြောင်း၊ ဒီအချက်များနှင့် ပြည့်စုံနေလျှင် State ဆိုသည့် နိုင်ငံတစ်ခု၊ Country ဆိုသည့် နိုင်ငံတစ်ခု ပြည့်စုံရန်အတွက် မည်သည့်အချက်အလက်တွေ ပြည့်စုံရမည်ဆိုသည်မှာ ရှိပြီးဖြစ်ကြောင်း၊ ဒီအရာများနှင့် ပြည့်စုံစွာအုပ်ချုပ်နေသည့် အစိုးရကို တရားဝင်အစိုးရ မဟုတ်ကြောင်းပြောဖို့ရာ လေလွှင့်းပေါ်မှ အုပ်ချုပ်နေသည့်အစိုးရကို တရားဝင်အစိုးရလိုလို၊ လေလွှင့်းပေါ်မှအုပ်ချုပ်နေသည့်၊ အွန်လိုင်းပေါ်မှ အုပ်ချုပ်နေသည့် မျက်နှာတောင်မမြင်ဖူးသည့်သူကို တရားဝင်အစိုးရလိုလို ပြောနေကြကြောင်း၊ သူများပြောလို့ လိုက်ပြောနေသည့်သူများသည် မြန်မာစကားပုံနှင့်ပြောရလျှင် **"လေဖမ်း ဒန်းစီး"** ဒါမျိုးပုံစံလို့ ပြောချင်ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဘယ်ဟာက ဘယ်လိုဖြစ်သည်ဆို၍ အချက်အလက်များနှင့် ငြင်းခုံနေရန် မလိုကြောင်း၊ ငြင်းခုံခြင်းမပြုလိုကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မဟုတ်မှန်းသိလျက်နှင့် မဟုတ်တာပြောနေသူကို အရေးတယူပြုလုပ်ကာ အဖက်လုပ် ပြောဆိုငြင်းခုံနေစရာ အကြောင်းမရှိပါကြောင်း၊ ထိုသို့ငြင်းခုံရန် မိမိတို့တွင် အချိန်လည်း မရှိပါကြောင်း၊ လက်ရှိတွင် ပြည်တွင်းအချုပ်အခြာအာဏာနှင့် ပတ်သက်ပြီး ရှိပြီးဖြစ်ပါကြောင်း၊ ပြည်ပတွင် ယခုလိုပဲ ထိုးနှက်နေကြောင်း၊ ပြည်ပတွင် မိမိတို့ အချုပ်အခြာအာဏာနှင့်ပတ်သက်ပြီး ရှိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာဥပဒေနှင့် ပတ်သက်ပြီး ပြောဆိုလေ့လာမည်ဆိုပါကလည်း နိုင်ငံတစ်နိုင်ငံကို အသိအမှတ်ပြုခြင်း၊ နိုင်ငံတစ်နိုင်ငံနှင့်ပတ်သက်ပြီး တရားဝင်ခြင်းဆိုသည်များနှင့် ပတ်သက်ပြီး အားလုံးပြည့်စုံပြီးဖြစ်သည့်အတွက် ထပ်ပြီး အငြင်းပွားနေစရာ အကြောင်းမရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**One News သတင်းဌာနမှ သတင်းထောက် ဦးမင်းဇင်ထက်**က ယခုရက်ပိုင်း အချို့မြို့နယ်များ၏ ရပ်ကွက်အချို့၌ လုံခြုံရေးတပ်ဖွဲ့များက ညဘက်တွင် အသံဗုံးဖောက်ခြင်း၊ ပစ်ခတ်ခြင်းများ၊ အော်ဟစ်ကြိမ်းမောင်းခြင်းများ၊ အိမ်များကို လက်နှိပ်ဓာတ်မီးများနှင့်ထိုးပြီး နေအိမ်တိုက်ခန်းများကို ပစ်ခတ်ခြင်းများတွေ့ရပါကြောင်း၊ အချို့ဆိုင်ခန်းများကိုလည်း ဝင်ရောက်ဖျက်ဆီးခြင်း၊ ဆိုင်ထဲမှ လူများကို ဖမ်းဆီးခြင်း၊ လမ်းထဲရှိကား၊ ဆိုင်ကယ်များကို ကန်ကျောက်ဖျက်ဆီးခြင်းများကိုလည်း တွေ့ရပါကြောင်း၊ ထိုအတွက်ကြောင့် ရပ်ကွက်နေပြည်သူလူထုများမှာ စိုးရိမ်ပူပန်လျက်ရှိသည်ဟု သိရပါကြောင်း၊ ရပ်ကွက်နေ ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုလျော့နည်းအောင် နစကအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

*စာမျက်နှာ ၁၇ သို့*



*စာမျက်နှာ ၁၆ မှ*

## ဘက်နှစ်ဖက်လုံးကြည့်ရန်လိုအပ်

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ရပ်ကွက်တိုင်းကို ဖမ်းဆီးနေခြင်းမျိုး မရှိပါကြောင်း၊ ရပ်ကွက်သူ ရပ်ကွက်သားများကို ထိုသို့ပြုမူဆောင်ရွက်နေခြင်းမျိုးလည်း မရှိပါကြောင်း၊ ဆန္ဒပြခေါင်းဆောင်များ၊ လှုံ့ဆော်နေသူများ၏ သတင်းရလျှင် ဝင်ရောက်ဖမ်းဆီးပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဝင်ရောက်မဖမ်းဆီးမီ အသိပေးပါကြောင်း၊ အသိပေးပြီးမှ ဝင်ရောက်ဖမ်းဆီးခြင်း ဖြစ်ပါကြောင်း၊ တစ်ဖက်တည်းကို မကြည့်စေလိုကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဖြစ်စေ၊ တပ်မတော်မှဖြစ်စေ၊ လုံခြုံရေးအဖွဲ့များ ဝင်ရောက်သည့်အခါ အချို့က အပေါ်မှနေ၍ အော်ဟစ်ကြိမ်းမောင်းခြင်းများ၊ သံပုံးတီးခြင်းများ၊ လမ်းတစ်လျှောက်လုံး၌ ဆူပူခြင်းများ၊ အကြမ်းဖက်ဆန္ဒပြခေါင်းဆောင်များကို ပုန်းအောင်းစေခြင်းများ လုပ်ကိုင်လျက်ရှိကြောင်းကို တွေ့ရပါကြောင်း၊ သတင်းထောက်ကြီးပြောသလို ဘယ်ရပ်ကွက်၊ ဘယ်နေရာဟူ၍ ရပ်ကွက်အလိုက် ပစ်မှတ်ထားခြင်းမျိုး မရှိပါကြောင်း၊ မိမိတို့သည် လူပုဂ္ဂိုလ်အပေါ်သာ မူတည်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဆူပူအကြမ်းဖက်မှုကို လှုံ့ဆော်နေသော ပုဂ္ဂိုလ်၊ အကြမ်းဖက်မှုကို ဦးဆောင်နေသော ပုဂ္ဂိုလ်များဖြစ်ပါက ဖမ်းဆီးရမှာဖြစ်ကြောင်း၊ သတင်းထောက်ကြီးပြောတဲ့ဖြစ်စဉ်မျိုး ရှိကောင်းရှိနိုင်ပါကြောင်း၊ သို့သော် ထိုကိစ္စမျိုးကို အကြောင်းမဲ့ ပစ်ခတ်ခြင်းမျိုး မရှိနိုင်ပါကြောင်း၊ သို့သော် နှောင့်ယှက်မှုများ လုပ်လာသည့်အခါတွင်မူ အသံပေးခြောက်လှန့်မှုများ ရှိကောင်းရှိနိုင်ပါကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းသည် ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် အိပ်မပျော်ပါဟူသော ရေးသားချက်များကိုလည်း တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန် လှည့်ကင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် လှည့်ကင်းကို ပြဿနာရှာခြင်းမျိုး၊ မလို အပ်ဘူးဟု ဆိုခြင်းမျိုးများလည်း ရှိပါကြောင်း၊ ပြဿနာရှာသည်ဆိုရာမှာလည်း ဒေသခံပြည်သူထက် လူမှုကွန်ရက်စာမျက်နှာများတွင်လည်း ရှိနေပါကြောင်း၊ ရပ်ကွက်ထဲ၌ သံပုံးတီးသောကြောင့် အိပ်မပျော်၍ ကန့်ကွက်ကြကြောင်း၊ သက်ဆိုင်ရာကို တိုင်ကြားကြကြောင်း၊ တိုင်ကြားသည့်အခါ ဝိုင်းပြီးရန်လုပ်သည့်ကိစ္စများရှိကြောင်း၊ အဓိကပြောလိုသည်မှာ ဘက်နှစ်ဖက်လုံးကို တွေ့အောင်မြင်အောင်ကြည့်ရန် လိုအပ်သည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး **One News သတင်းဌာနမှ သတင်းထောက် ဦးမင်းဇင်ထက်**က ဆန္ဒထုတ်ဖော်သည့် လူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ် ဖြို့ခွင်းတာရှိပါကြောင်း၊ ဒဏ်ရာရရှိသည့်လူများလည်းရှိကြောင်း၊ သေဆုံးသူများ၊ ဖမ်းဆီးခံရသူများလည်းရှိကြောင်း၊ ဖမ်းဆီးခံရသည့်အထဲတွင် လူငယ်များ များပြားကြောင်း၊ ပြန်လွတ်လာသည့် လူငယ်အချို့သည်လည်း ဒဏ်ရာဒဏ်ချက်များ ရရှိတာကို အွန်လိုင်းတွင် မိမိတို့တွေ့ရပါကြောင်း၊ ဖမ်းဆီးခံရသည့်လူငယ်များကို ဘယ်တော့ပြန်လွှတ်ပေးမလဲ၊ ပြန်လွှတ်ပေးမည်လားဆိုသည်ကို သိလိုပါကြောင်း၊ မိဘအုပ်ထိန်းသူများအနေဖြင့် မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်ပြီး ခေါ်ရမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မနေ့ကအထိ ဖမ်းဆီးထားသူများရှိကြောင်း၊ မနေ့ကအထိ ပြန်လွှတ်ပေးသည့် လူပေါင်း ၂၁၇၉ ဦး ရှိကြောင်း၊ ဆန္ဒပြမှုများနှင့် ပတ်သက်ပြီး မလွဲမရှောင်သာ၍ ဖမ်းဆီးရခြင်းများရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆန္ဒပြမှုများသည် အကြမ်းဖက်မှုအသွင် ပြောင်းလဲလာသည့်အတွက် လူစုလူဝေးဖြိုခွဲရန် ဖမ်းဆီးလိုက်ရသည်များရှိသကဲ့သို့ ဖမ်းဆီးပြီးပါက သက်ဆိုင်ရာနေရာများကို ခေါ်သွားကြောင်း၊ ခေါ်သွားပြီး ပြန်လွှတ်ကြောင်း၊ ပြန်လွှတ်ပြီးပါကလည်း ဘယ်အချိန်တွင် ပြန်လွှတ် ပြီးကြောင်းကို ထုတ်ပြန်လေ့ရှိကြောင်း၊ ကျန်ခဲ့သူများလည်း ရှိကောင်း ရှိလိမ့်မည်ဖြစ်ကြောင်း၊ ကျန်ခဲ့ရခြင်းအကြောင်းမှာ ၎င်းတို့၏ လုပ်ဆောင်ချက်အပေါ် မူတည်ပြီး ကျန်ခဲ့တာဖြစ်ကြောင်း၊ နံပါတ်တစ်အနေဖြင့် ၎င်းသည် ဆူပူအကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်သူဖြစ်ခြင်း၊ နံပါတ်နှစ် လူကို အန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်နှင့်အတူ တွေ့ရှိရခြင်း၊ နံပါတ်သုံးအနေဖြင့် ၎င်းကို စစ်ဆေးသည့်အခါ ၎င်းသည် ဆူပူအကြမ်းဖက်မှုကို ဆက်လက်ဦးဆောင်သူ၊ လုပ်ဆောင်မည့်သူဖြစ်ခြင်း စသည့် အချက်များကြောင့် ကျန်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဆန္ဒပြရုံသက်သက်ကြောင့် အကြောင်းမဲ့ မထိန်းသိမ်းပါကြောင်း၊ လိုအပ်သည့်ထိန်းသိမ်းမှုပြုလုပ်ပြီးပါက ပြန်လွှတ်ပေးပါကြောင်း ပြန်လည်ဖြေကြားသည်။

**“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်အတိုင်း ရှေ့ဆက် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်၊ ပြည်သူလူထု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်အတိုင်း ဆက်လက် ဆောင်ရွက်သွားမည်”**

**One News သတင်းဌာနမှ သတင်းထောက် ဦးမင်းဇင်ထက်**က ယခု အသစ်ဖွဲ့ထားသည့် UEC အနေဖြင့် မဲစာရင်းများကို စိစစ်ထုတ်ပြန်ရာတွင် United National တို့၊ အာဆီယံတို့၊ International Audit ကဲ့သို့ဘက်မလိုက်သည့် အဖွဲ့အစည်းတစ်ခုကို ဖိတ်ခေါ်ပြီး ထုတ်ဖော်ပြသရန် အခြေအနေ ရှိမရှိ သိလိုကြောင်း မေးမြန်းသည်။

### ပွင့်လင်းမြင်သာစွာလုပ်ကိုင်သွားမည်

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က UEC အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးခြင်းများ လုပ်နေပါကြောင်း၊ ပထမဦးဆုံး UEC ၏ လုပ်ငန်းတာဝန်အရ လုပ်ငန်းများကို ပြီးအောင်လုပ်ပြီးနောက် မည်သည့်အဖွဲ့အစည်း၊ မည်သည့် ပြည်သူလူထုကိုမှ အထူးဝိသေသအနေနှင့် ထားမည်မဟုတ်ဘဲ တစ်ကမ္ဘာလုံးလာကြည့်နိုင်အောင် ထားမှာဖြစ်ကြောင်း၊ သက်သေအထောက်အထားနှင့် ပြမှာဖြစ်ကြောင်း၊ ယခု သတင်းစာရှင်းလင်းပွဲပြီးပါကလည်း မီဒီယာများအနေနှင့် စစ်ဆေးပြီးသည်များကို ကြည့်ရှုနိုင်ပါကြောင်း၊ ဒါ့ထက်ပိုသေချာတာ မရှိတော့ကြောင်း၊ ဟိုကို ဖိတ်ခေါ်၊ ဒီကိုဖိတ်ခေါ်ပြီး ပြသနေစရာမလိုဘဲ ကြည့်လိုလျှင် လာရောက်ကြည့်ရှုနိုင်ကြောင်း၊ UEC အဖွဲ့ဝင်ဖြစ်သည့် ဦးခင်မောင်ဦးလည်း ပြောထားပြီးဖြစ်ကြောင်း၊ စာရင်းပြုစုနေဆဲ၊ လုပ်နေဆဲဖြစ်ကြောင်း၊ မြို့နယ်အဆင့်အထိ ပြီးစီးလျှင် မြို့နယ်အဆင့်အထိ ချပြမှာဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာစွာ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**One News သတင်းဌာနမှ သတင်းထောက် ဦးမင်းဇင်ထက်**က သက်ဆိုင်ရာမြို့နယ်များ၌ ရပ်ကွက်တစ်ရပ်ကွက်ကို နှစ်ဦး၊ ဆယ်ရပ်ကွက်လျှင် ၂၀ ဦး၊ မြို့နယ်အလိုက် မဲစာရင်းများကပ်ပြီး ရပ်ကွက်နေပြည်သူများမှ မေးမြန်းပိုင်ခွင့် ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မေးမြန်းပိုင်ခွင့်မဟုတ်ဘဲ အကုန်သိခွင့်ရှိပါကြောင်း၊ စိတ်ပါဝင်စားလျှင် လာရောက်နိုင်ပါကြောင်း၊ စစ်ပြီးသမျှကို ရှင်းပြနိုင်ပါကြောင်း၊ လုပ်ငန်းစဉ်များပြီးဆုံးသွားပါက တစ်နိုင်ငံလုံးရှိ ပြည်သူများ လာရောက်မေးမြန်းနိုင်ပါကြောင်း၊ အစစ်မခံနိုင်ဘဲ ယခုကဲ့သို့ ခင်းကျင်းပြသထားစရာအကြောင်း မရှိကြောင်း၊ ယခုမေးသည့် မေးခွန်းသည် ပြည်သူလူထုထဲသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနိုင်ရန် စေတနာထားပြီး မေးမြန်းသည့်မေးခွန်းဖြစ်သည်ကို သိရှိပါကြောင်း၊ အလေးအနက်လည်းထားပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးခွင့်ရရှိစေရပါမည်ဟု ပြောလိုပါကြောင်း၊ Printed Media များ၊ Broadcast Media များမှတစ်ဆင့် မိမိတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်တွေ့မြေပြင်တွင် တွေ့ရှိ စစ်ဆေးနိုင်အောင်လည်း ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ နိုင်ဆွေဦး**က တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပတ်သက်ခြင်းဖြစ်ပြီး မတ်လ ၉ ၊ ၁၀ ရက်မှာ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတွင်ရှိသည့် တပ်ဌာနချုပ် တချို့ ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် ပစ်ခံရတာရှိကြောင်း၊ ယနေ့ နံနက်ပိုင်းတွင်လည်း တပ်မတော်စခန်းတစ်ခု တိုက်ခိုက်ခံရတယ်ဆိုပြီး မြေပြင်သတင်းတချို့ တွေ့ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်တိုးတက်မှုနောက်ဆုံးအခြေအနေဖြစ်သည့်အတွက် ထိုအရာကို သိလိုပါကြောင်း၊ ၁၀၇ မမ ရှော့တိုက်ဒုံးဆိုသည်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့မှာလည်း လက်နက်စက်ရုံတွေရှိကြောင်း၊ သို့သော် ထိုဒုံးသီးများထုတ်လုပ်ရန် နည်းပညာ ရှိချင်မှရှိပါလိမ့်မည်၊ မိမိတို့သိရသလောက် နိုင်ငံကြီးတချို့မှ ရရှိတယ်လို့ သိရှိရကြောင်း၊ ထိုအရာနှင့်ပတ်သက်ပြီး တရုတ်သမ္မတ၏ခရီးစဉ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့တွင် မှောင်ခိုဈေးကွက်ရနိုင်သည့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်က Standard Issued – Rifle ၏ Export Version များတွေ့ရတယ်လို့ ပြောထားသည်များရှိကြောင်း၊ ထို့အရာနှင့်ပတ်သက်ပြီး တရုတ်သမ္မတကလည်း အရေးယူဆောင်ရွက်သွားမယ်လို့ ပြောခဲ့သည်များရှိပြီး ထိုအရာနှင့်ပတ်သက်ပြီး နောက်ဆုံးအခြေအနေကို သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က တချို့ပြောသည့် သတင်းများမှာ ကြားသည့်သတင်း မှားနေလိမ့်မည်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်သမ္မတနှင့် တွေ့သည့်အချိန်တွင် မေးခွန်းတွင်ပြောခဲ့သည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ထုတ်သည့် Version ဖြစ်သည်ဟု ပြောဆိုခဲ့ခြင်း မရှိကြောင်း၊ ထိုလက်နက်တွေသည်လည်း PLA အနေဖြင့် ဆက်လက်ထုတ်လုပ်နေသည့် လက်နက်မဟုတ်ကြောင်း၊ တခြားနိုင်ငံများတွင်လည်း ဆက်လက်ထုတ်လုပ်နေသည့် လက်နက်တွေလည်း မဟုတ်ကြောင်း၊ သို့သော် ယခင်အဟောင်းများရှိနိုင်ပြီး မှောင်ခိုဈေးကွက်က နည်းလမ်းတစ်ခုကနေ ရရှိလာသည့် အရာတွေဖြစ်ကြောင်း၊ ထို့အရာနှင့်ပတ်သက်၍ တပ်တွေအဝေးမှ ပစ်ခတ်ခံရခြင်းများရှိပြီး အဆောက်အဦသာ အနည်းငယ်ပျက်စီးခြင်းရှိကြောင်း၊ သတင်းဆက်စပ်မှုများအရ ဘယ်သူတွေလုပ်သည်ကို ပြောနိုင်ကြောင်း၊ သို့သော် ပြောရန်မသင့်သေးသည့်အတွက် မပြောသေးခြင်းဖြစ်ပြီး ဘယ်သူတွေလုပ်တယ်၊ ဘာရည်ရွယ်ချက်နှင့် လုပ်သည်ကို သိကြောင်း၊ သို့သော် မိမိပြောလိုသည်မှာ ထိုအရာများနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် အချိန်မီ၊ အရှိန်မီထိန်းသိမ်းသွားနိုင်ပါလိမ့်မည်၊ စိုးရိမ်ဖွယ်မရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး **သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ နိုင်ဆွေဦး**က ၁၉၈၈ ခုနှစ် တပ်မတော်မှ တာဝန်ယူသည့်အချိန်တွင် နိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပြည်ပမှ နိုင်ငံတကာမှ ရုံးစိုက်သည့် စစ်သံများကို ပုံမှန်သတင်းစာရှင်းလင်းခြင်းကို လေ့လာတွေ့ရှိရကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံခြားရေးဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆက်ဆံရေးဝန်ကြီး နှစ်ဦးက သံတမန်များကို ရှင်းလင်းခဲ့သည်ကို တွေ့ရကြောင်း၊ ပုံမှန်သတင်းစာရှင်းလင်းပွဲများ၊ သံတမန်များအတွက် လုပ်ဆောင်ရန်အစီအစဉ် ရှိ၊ မရှိ စစ်သံတွေမှ မိမိတို့အား မကြာခဏဆိုသလို အစိုးရ၏ သဘောထား၊ တပ်မတော်၏ သဘောထားဆိုပြီး လာမေးလေ့ရှိကြောင်း၊ မိမိအနေဖြင့် အစိုးရ၊ တပ်မတော် ကိုယ်စားပြုသည့်သူ မဟုတ်သည့်အတွက် မိမိမှာ ဖြေခွင့်မရှိသည့်အတွက် မေးမြန်းခြင်းဖြစ်ကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မိမိတို့ ဆောင်ရွက်ပေးမည်ဖြစ်ပြီး အဓိကအနေဖြင့် နိုင်ငံခြားသံရုံးများ၊ မြန်မာနိုင်ငံအခြေစိုက်သည့် စစ်သံရုံးများကို နေ့စဉ် Information Sheet ပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးတွင်ဖြစ်ခဲ့သည့် သတင်းများနှင့်ပတ်သက်ပြီး နေ့စဉ်ပေးလျက်ရှိကြောင်း၊ ၎င်းတို့ ပို၍ကိုးကား၍ရစေရန် သတင်းစာရှင်းလင်းပွဲလုပ်မှုမဟုတ်ဘဲ နေ့စဉ်ပေးလျက်ရှိပြီး အနည်းဆုံး Information sheet သည် စာမျက်နှာ ၂၀ ကျော်ကျော်ခန့် ရှိကြောင်း၊ ထိုအထဲတွင် တစ်နိုင်ငံလုံးတွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများ၊ ဘာလုပ်နေတယ်ဆိုသည့် အကြောင်းအရာများ အားလုံးပါဝင်ကြောင်း၊ သို့သော် လိုအပ်လာပါက သတင်းစာရှင်းလင်းပွဲများတွင် ဖိတ်ခေါ်ခြင်းများ၊ ပြန်ကြားခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ နိုင်ဆွေဦး**က ICC ကိစ္စအပါအဝင် ရခိုင်အရေးအခင်းနှင့်ပတ်သက်ပြီး လက်ရှိအစိုးရ၏ နောက်ဆုံးဖြေရှင်းလုပ်ဆောင်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ICJ ကိစ္စနှင့် ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့နေချုပ်ရုံးအနေဖြင့် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို အကုန်လုံးပြင်ဆင်လုပ်ဆောင်ထားသည်များရှိပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနအနေဖြင့် မည်သည့် Information ထပ်မံပေးနိုင်မည်ကို မေးမြန်းပြောကြားသည်။

*စာမျက်နှာ ၁၈ သို့*

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၁၇**

COVID-19 ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာ ပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်နေ့မှ စတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၇**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို COVID-19ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နှင့် လောက်ကိုင်မြို့အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ အေးသာယာမြို့၊ ဟိုပုံးမြို့၊ ကလောမြို့၊ အောင်ပန်းမြို့၊ ပင်လောင်းမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့၊ ဘန်းယဉ်မြို့၊ ကွန်ဟိန်းမြို့၊ လင်းခေးမြို့၊ နမ့်စန်မြို့၊ လွိုင်လင်မြို့၊ မောက်မယ်မြို့၊ မိုးနဲမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဘောလခဲမြို့နယ်နှင့် ဖရူဆိုမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို




သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ တာချီလိတ်မြို့နှင့် မိုင်းဆတ်မြို့များအတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် သန်လျင်မြို့နယ်များအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ ဖျာပုံခရိုင်၊ မအူပင်ခရိုင်နှင့် လပွတ္တာခရိုင်များအတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် မန္တလေးမြို့တော် စည်ပင်မြို့သာယာရေးကော်မတီမှ ဌာနဆိုင်ရာဝန်ထမ်းများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၃-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ ပါ သတင်းအညွှန်း၏ ကော်လံ ၄၊ ဒုတိယအပိုဒ်၊ စာကြောင်းရေ ၇ တွင် ပါရှိသော ဒေါက်တာသက်နှင်းဦး **(အစား)** ဒေါက်တာသန့်မြင့်ဦးဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

*စာမျက်နှာ ၁၇ မှ*

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဒေါ်မာလာသန်းထိုက်** က ICC ကို မြန်မာနိုင်ငံမှ အသိအမှတ်ပြုထားခြင်းမရှိကြောင်း၊ ICJ နှင့် ပတ်သက်၍ အစီရင်ခံစာတင်မည့်အချိန်တွင် တင်ထားပြီးဖြစ်ကြောင်း ဖြည့်စွက် ဖြေကြားသည်။

**သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ နိုင်ဆွေဦး**က မိမိတို့နိုင်ငံ ကျင့်သုံးနေသည့်စနစ်က အမြဲတမ်းတပ်မတော်တစ်ခုပဲရှိပြီး အရန်တပ်ဖွဲ့ဆိုပြီး မရှိသေးပါဘူး၊ စစ်မှုထမ်းဟောင်း အဖွဲ့ဆိုသည်မှာလည်း အရန်အင်အားအဖြစ် သတ်မှတ်ထားသော်လည်း တပ်ဖွဲ့တစ်ခုအနေဖြင့် သတ်မှတ်ထားခြင်းမရှိကြောင်း၊ အကယ်၍ ယင်းတိုင်းပြည်တွင် Civil Unrest ဖြစ်လာခဲ့သည့်အချိန်မျိုးတွင် စစ်မှုထမ်းဟောင်းအဖွဲ့ကို လက်နက်ပြန်လည်တပ်ဆင်ပေးပြီး သက်ဆိုင်ရာဒေသ လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းတာဝန်ယူရန် သင့်တယ်လို့ အကြံပြုလိုကြောင်း၊ မိမိတို့က အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးအား ကာလအတန်ကြာ ပျက်ပြားခဲ့ခြင်းများရှိပြီး Civil Relation က မကောင်းခဲ့ဘူး။ ယခုအချိန်မှာ ပြန်လည်တည်ဆောက်ရမည့်အနေအထားဖြစ်ပြီး မိမိတို့က တည်ငြိမ်သွားသည့် အချိန်ကာလတစ်ခုမှာ ပြည်သူလူထုကို Army Open House Day တို့၊ Navy Open House Day တို့ ဒါမျိုး ပြုလုပ်ပေးပြီးတော့ဖြစ်စေ၊ တစ်ဖက် Exhibation တွေပြုလုပ်ပြီးဖြစ်စေ နောက်ဆုံး တပ်မတော်၏ ပူးပေါင်းလေ့ကျင့်ရေး လေ့ကျင့်ခန်းတွေမှာ သတင်းမီဒီယာများသာမက ရွေးချယ်သတ်မှတ်ထားသည့် ပြည်သူလူထုကို ဖိတ်ခေါ်ပြသ၍ Select Military Relationship ပြန်ကောင်းလာအောင် လုပ်ဆောင်သင့်တယ်လို့ အကြံပြုလိုကြောင်း ပြောကြားသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် မကြာသေးခင်က ကောင်စီအစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း၊ အခြေအနေငြိမ်းချမ်းလာသည့် အချိန်တွင် မြန်မာနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးဖို့ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုအရာမှာ လက်ရှိအခြေအနေ မဟုတ်ကြောင်း၊ အခြေအနေအေးချမ်းသွားမှဖြစ်ကြောင်း၊ မိမိတို့မြင်သည်မှာ ထိုအရာသည် လုပ်သင့်သည့် လုပ်ငန်းတစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံ၏ မဟာဗျူဟာ ပထဝီအနေအထားအရလည်းကောင်း၊ ဘေးမှာဝန်းရံနေသည့် အိမ်နီးချင်းနိုင်ငံများနှင့် ပတ်သက်ပြီးလည်းကောင်း၊ လုပ်ဆောင်သင့်ကြောင်း၊ အိမ်နီးချင်း ၅ နိုင်ငံထဲမှာ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး တစ်ဝက်တစ်ပျက် ကျင့်သုံးနေသည့် နိုင်ငံရှိကြောင်း၊ ထိုင်းနိုင်ငံတစ်ဝက်တစ်ပျက်၊ လာအိုနိုင်ငံ အပြည့်အဝကျင့်သုံးနေကြောင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်က မကျင့်သုံးပါကြောင်း၊ တရုတ်သည်လည်း လူဦးရေအရ ပြဋ္ဌာန်းထားပြီး အခြားမကျင့်သုံးသည့် နိုင်ငံတွေရှိကြောင်း၊ နှိုင်းယှဉ်ပြီးကြည့်ရမည်ဆိုလျှင် နိုင်ငံငယ်များ မိမိတို့နှင့်တန်းတူရှိသည့် နိုင်ငံများ ကျင့်သုံးနေပြီဖြစ်ကြောင်း၊ အရပ်ဘက် စစ်ဘက်ဆက်ဆံရေး၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်လျှင် အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး ပိုပြီးတော့ အထောက်အကူပြုနိုင်မည်ဟု ထင်ကြောင်း၊ ထိုအရာများမှာ ရှေ့ဆက်ပြီး ဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်ပြီး အကြံပြုချက်များကိုလည်း ကျေးဇူးအများကြီးတင်ရှိကြောင်း ပြောကြားသည်။

**ပူးပေါင်းကူညီဆောင်ရွက်သွားရန် မေတ္တာရပ်ခံ**

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်အတိုင်း ရှေ့ဆက်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်၊ ပြည်သူလူထု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်အတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းကူညီပါဝင်ဆောင်ရွက်သွားရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။ ။






လယ်ဝေးမြို့နယ် အမှတ် (၄၇) စက်မှုလယ်ယာစခန်းမှ ကွင်းအမှတ် ၁၈၃၆ ရေအိုးစဉ်ကွင်း မြွေရိုးကြီးရွာ တောင်သူဦးစိုးထွန်း၏ နွေစပါးစိုက်ခင်း၌ မတ် ၁၆ ရက်က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို စက်မှုလယ်ယာဦးစီးဌာန တိုင်းရုံးမှ တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။ မောင်မွေး




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၃ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅ | ကျပ် | ၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅ | ကျပ် | ၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅ | ကျပ် | ၉၈၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၁၀ | ၁၀၃၄၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၆၄၀ | ၅၅၉၅၇၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၉၁ | ၇၆၄၄၀၀ |
| FPB | – | – | – | – |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၃၃၀၀ | ၃၃၀၀ | ၂ | ၆၆၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကြည်နူးဖြတ်သန်း နိုင်ငံ့ဝန်ထမ်းဘဝ

## စွန်ရဲ

**စာရေးသူမှာ အငြိမ်းစားဝန်ထမ်းဟောင်းတစ်ဦးဖြစ်သည်။ အသက် ၁၈ နှစ်အရွယ် အကူစာရေးဘဝမှ စတင်အလုပ်ဝင်ရောက်ခဲ့ပြီး အဆင့်ဆင့်ရာထူးတိုးမြှင့်ခြင်းခံရကာ ဦးစီးအရာရှိဖြစ်ပြီးနောက် လုပ်သက် ၃၀ ပြည့်သောအခါ အငြိမ်းစားယူခဲ့သည်။ ဘဝတစ်လျှောက်လုံး နိုင်ငံ့ဝန်ထမ်းဖြစ်ခဲ့သဖြင့် ချမ်းသာခြင်းမရှိခဲ့။ ပြင်ပစီးပွားရေးလုပ်ကိုင်ရန်လည်း အရင်းအနှီးတတ်နိုင်ခြင်း မရှိသဖြင့် သားသမီးများကိုလည်း နိုင်ငံ့ဝန်ထမ်းအဖြစ်သာ လုပ်ကိုင်စေခဲ့ရသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်ခွင့်ရရန်မှာလည်း လွယ်ကူသည်တော့ မဟုတ်။ ဌာနမှ သတ်မှတ်ထားသော ပညာအရည်အချင်းကို ပြည့်မီရသည်။ သတ်မှတ်ပညာအရည်အချင်းပြည့်မီရုံနှင့် လွယ်လင့်တကူရနိုင်သည်တော့ မဟုတ်သေး။ မိမိနှင့်အတူ အပြိုင်လျှောက်ထားသူများနှင့် အရည်အချင်းစစ်စာမေးပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်ရသေးသည်။ သူတို့ထက်သာမှ နိုင်ငံ့ဝန်ထမ်းဘဝကို ရယူပိုင်ဆိုင်နိုင်ခြင်း ဖြစ်သည်။**

**"နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ သစ္စာခံရသည် မဟုတ်ပေ။ နိုင်ငံတော်ကိုသာ သစ္စာခံယူရန်ဖြစ်သည်။ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းက အစိုးရဖွဲ့ဖွဲ့၊ တက်လာသောအစိုးရအဖွဲ့မှ ချမှတ်ပေးသော လုပ်ငန်းစဉ်များကို နိုင်ငံ့ဝန်ထမ်းများပီပီ ဆောင်ရွက်ပေးကြရသူများဖြစ်ကြ"**

စာရေးသူ ရာထူးဝန်အဖွဲ့တွင် အရာရှိငယ်အဖြစ် လျှောက်ထားခဲ့ရာတွင် လျှောက်ထားသူ ၃၀၀၀ ကျော်ရှိခဲ့သည်။ ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့ရပြီး ရေးဖြေအောင်မြင်သူ ၃၀၀ ကျော်အား လူတွေ့ နှုတ်ဖြေစစ်ဆေးပြီး ယင်းတို့အနက် ၈၁ ဦးကိုသာ ရွေးချယ်ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ ဆိုရလျှင် လျှောက်ထားသူများအနက်မှ ၂ ဒသမ ၇ ရာခိုင်နှုန်းခန့်ကိုသာ ရွေးချယ်ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ စာရေးသူတို့ လုပ်ငန်းခွင်ဝင်ရောက်ခဲ့သည့် အချိန်ကာလမှာ ၁၉၇၄ ခုနှစ်က ဖြစ်သည်။ ယခုဆိုလျှင် ဘွဲ့ရပညာတတ်တွေ ပေါများခဲ့ပြီးဖြစ်ရာ အလုပ်တစ်နေရာ ရရှိရေးအတွက် လျှောက်ထားသူတွေ မည်မျှလောက် များပြားနေပြီလဲဆိုသည်ကို မှန်းဆကြည့်နိုင်သည်။ နိုင်ငံ့ဝန်ထမ်းအလုပ်တစ်နေရာရဖို့ဆိုသည်မှာ လွယ်ကူသည်တော့မဟုတ်။ ယှဉ်ပြိုင်မှုတွေ အများကြီးရှိသည်။ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ ယှဉ်ပြိုင်မှုတွေ၊ အခက်အခဲတွေကြားမှ ရယူခဲ့ရခြင်းဖြစ်သည် ဆိုခြင်းကို နိုင်ငံ့ဝန်ထမ်း လုပ်ကိုင်နေသူများသာသိသည်။ အထူးသဖြင့် အဆက်အသွယ်ကောင်းများ မရှိဘဲ နိုင်ငံ့ဝန်ထမ်းဘဝကို ကျားကုတ်ကျားခဲ ရယူနိုင်ခဲ့သူများသာ သိသည်။

### စိတ်ပျော်ရွှင် ကျေနပ်

ဝန်ထမ်းအဖြစ် အလုပ်ဝင်ပြီး ပထမဆုံးရသောလစာဖြင့် အမိအဖတို့အား ကန်တော့သောအခါ အမိအဖတို့၏ ပီတိဖြာဝေသော အပြုံးမျက်နှာများကို ယနေ့တိုင် မြင်ယောင်မိသေးသည်။ မိမိရသောလစာထက်ဝက်ကို အမိအဖတို့အား ဆယ်နှစ်ခန့်လစဉ် ကန်တော့နိုင်ခဲ့သည်။ အိမ်ထောင်ကျပြီးတော့လည်း မိမိတို့ အိမ်ထောင်ကို မိမိရသောလစာဖြင့် ပျော်ပျော်ရွှင်ရွှင် ရပ်တည်နိုင်ခဲ့သည်။ သားသမီးများကိုလည်း ပညာသင်ပေးနိုင်ခဲ့သည်။ ဝန်ထမ်းဘဝဖြင့် ချမ်းသာခြင်းကား မရှိခဲ့။ ရရစားစားဘဝဖြင့် ဖြတ်သန်းခဲ့ရသည်။ သို့သော် စိတ်ပျော်ရွှင် ကျေနပ်မှုရှိခဲ့သည်။ အငယ်တန်းဝန်ထမ်းဘဝမှ အဆင့်ဆင့်ရာထူးတိုးမြှင့်ခြင်းခံခဲ့ရပြီး အရာရှိဖြစ်လာခဲ့သည်။ မြို့နယ်ဦးစီးမှူးတာဝန်အထိ ထမ်းဆောင်ခဲ့ရသည်။

စာရေးသူဝန်ထမ်းအဖြစ် စတင်ဝင်ရောက်ခဲ့သည့်နှစ်မှာ ၁၉၆၁ ခုနှစ်ဖြစ်သည်။ ပထစအစိုးရခေတ်ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီအစိုးရခေတ်။ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုခဲ့ပြီး လမ်းစဉ်ပါတီ အစိုးရခေတ်ကို ဖြတ်သန်းခဲ့ရသည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ။ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတစ်ဝန်း ဆူပူအုံကြွမှုများ ဖြစ်ခဲ့သည်။ အကြမ်းဖက်မှုဖြစ်စဉ်များ အတော မသတ်ဖြစ်ခဲ့သည်။ စက်ရုံအလုပ်ရုံများ ဖျက်ဆီးခြင်း ခံရသည်။ မထင်လျှင် မထင်သလို စွပ်စွဲမှုများဖြင့် ခေါင်းဖြတ် လူသတ်သည်အထိ ဖြစ်ခဲ့သည်။ ထိုစဉ်က အုပ်ချုပ်နေသည့် မြို့နယ်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့အစည်း အဖွဲ့ဝင်များ ဘေးလွတ်ရာသို့ ရှောင်တိမ်းခိုလှုံခဲ့ကြရသည်။ ရုံးဌာနများ ဖျက်ဆီးခံခဲ့ရသည်။ ဂိုဒေါင်တွေ အဖောက်ခံခဲ့ရသည်။ ယခုကဲ့သို့ပင် အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် ရုံးဝန်ထမ်းများ ရုံးမတက်နိုင်ခဲ့ကြ။

### အနာဂတ်ပျက်ပြားဆုံးရှုံး

ထိုစဉ်က စာရေးသူမှာ မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းရှိ မြို့နယ် တစ်မြို့နယ်တွင် မြို့နယ်ဦးစီးဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်နေခဲ့သည်။ ရုံးသို့ နေ့စဉ်မပျက် တက်ရောက်နေသော်လည်း အထက် အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များ၊ အဆက်အသွယ်များ မရတော့။ ဆန္ဒပြသူများကလည်း စာရေးသူတို့အား ဆန္ဒပြအဖွဲ့တွင် မပါရကောင်းလားဟု မျက်စောင်းထိုးလာကြသည်။ ရုံးဆိုင်းဘုတ်ကို ဖြုတ်ယူသွားကြသည်။ ရုံးမှ စာကူးစက်ကိုလာ၍ အတင်းယူသွားကြသည်။ စက်တင်ဘာ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ရယူလိုက်သည်။ စာရေးသူမှာ ရုံးအကြီးအကဲတစ်ဦး အနေဖြင့် စက်တင်ဘာ ၁၆ ရက်နေ့က ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ပေးခဲ့သည်။ မိမိတို့မှာ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြောင်း၊ မည်သည့် အစိုးရတက်တက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြရသူများဖြစ်ကြောင်း၊ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းကိုမှ ထောက်ခံခြင်းမရှိပါကြောင်း၊ အထူးသဖြင့် မိမိတို့တာဝန်ယူထားရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် အစိုးရတစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား အုပ်ချုပ်ရေးယန္တရား လည်ပတ်နိုင်စေရန် ကြားခံဆောင်ရွက်ရသည့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုဖြစ်ရာ မည်သည့်ပါတီ အာဏာရသည်ဖြစ်စေ တက်လာသည့် အစိုးရအဖွဲ့၏ မူဝါဒကို လိုက်နာဆောင်ရွက်သွားမည့်သူများသာဖြစ်ကြောင်း အချက်များပါရှိခဲ့သည်။ တစ်ဆက်တည်းမှာ ထိုစဉ်က မဖြစ်မနေပါဝင်ခဲ့ရသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှလည်း နုတ်ထွက်ကြောင်း ဖော်ပြခဲ့သည်။ ထိုသို့ ထုတ်ပြန်အပြီး ဆန္ဒပြသူများအနေဖြင့် မိမိတို့ဌာနနှင့် ဝန်ထမ်းများအား အနှောင့်မယှက် မပြုကြတော့။ သို့ရာတွင် ဌာနအချို့မှာ မလွဲမရှောင်သာ ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ကြသည်ကို တွေ့ရသည်။ ထိုသူများ၏ အနာဂတ်မှာလည်း ပျက်ပြားဆုံးရှုံးခဲ့ကြရရှာသည်။

### CDM ဝန်ထမ်းတွေ ဒုက္ခတွေ့နေ

ယခုအခါ နိုင်ငံ့ဝန်ထမ်းများအား " ရုံးမတက်နဲ့ ရုန်းထွက်"ဆိုသည့် CDM လှုပ်ရှားမှုများတွင် ပါဝင်ရန် စည်းရုံးလှုံ့ဆော်နေသူများကြောင့် ရောယောင်လိုက်ပါသူများ ရှိနေခဲ့သည်။ ရေရေရာရာမရှိ၊ မိမိတို့ကိုယ်တိုင်က ဂရမ်းပြေးဘဝဖြင့် ပုန်းလျှိုး၊ ကွယ်လျှိုး နေထိုင်သူများက CDM လုပ်သူများအား မနစ်နာစေရ၊ ကူညီထောက်ပံ့ပေးမည်ဆိုသည့် စကားများကို ယုံကြည်သူများကလည်း ယုံကြည်ကြသည်။ လက်တွေ့တွင် ဘာမျှဖြစ်မလာ။ လောလောဆယ်တွင်ပင် CDM ဝန်ထမ်းများ ဒုက္ခရောက်နေကြရပြီ။ နိုင်ငံ့ဝန်ထမ်းဘဝဖြင့် နေထိုင်ခဲ့ရသော နေအိမ်တိုက်ခန်းများမှ ဖယ်ရှားပေးလိုက်ရသည်။ လစာဝင်ငွေတွေ မရှိတော့။ မိုးတစ်လုံး လေတစ်လုံး ပြောကြားသူများကိုလည်း ရှာမတွေ့ရတော့။ သူတို့ ထောက်ပံ့မည်ဆိုသည်များကိုလည်း ဘယ်နေရာက သွား၍ တောင်းရမှန်းမသိတော့။ CDM ဝန်ထမ်းတွေ ဒုက္ခတွေ့နေကြရပြီ ဖြစ်သည်။

နိုင်ငံဝန်ထမ်းဆိုသည်မှာ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ သစ္စာခံရသည် မဟုတ်ပေ။ နိုင်ငံတော်ကိုသာ သစ္စာခံယူရန်ဖြစ်သည်။ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းက အစိုးရဖွဲ့ဖွဲ့၊ တက်လာသော အစိုးရအဖွဲ့မှ ချမှတ်ပေးသော လုပ်ငန်းစဉ်များကို နိုင်ငံ့ဝန်ထမ်းများ ပီပီ ဆောင်ရွက်ပေးကြရသူများ ဖြစ်ကြသည်။ နိုင်ငံ့ဝန်ထမ်းများအား အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများက လစာ၊ စရိတ်ချီးမြှင့်ငွေများ ပေးနေခြင်း မဟုတ်ပေ။ နိုင်ငံတော်ဘဏ္ဍာမှ ကျခံပေးဆောင် ချီးမြှင့်နေခြင်းဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများ သစ္စာခံရန်မှာ နိုင်ငံတော်ကိုသာ ဖြစ်သည်။

စာရေးသူသည် ၁၉၇၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ(ထိုစဉ်က) ဖဟိုပြည်သူ့ဝန်ထမ်းကျောင်း၌ ရှစ်လတာကြာမြင့်အောင် သင်တန်းသားအဖြစ် တက်ရောက်ခဲ့ရသူဖြစ်သည်။ သင်တန်းကာလ တစ်လျှောက်လုံး နံနက်၊ ညစာ ထမင်းစားရာ၌ ထမင်းစားသစ္စာကို ဆိုခဲ့ကြရသည်ကို အမှတ်ရနေမိသည်။

" ကျွန်ုပ်တို့သည် နိုင်ငံတော်မှ ကျွေးမွေးသော ထမင်းကိုစားရ၍ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါမည်"။ ။




## သောက်သုံးရေအခက်ကြုံနေသည့် ဘုန်းတော်ကြီးကျောင်းအတွက် ရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်း

ညောင်ဦး မတ် ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဥ့်ကူတိုက်နယ် ဂျိုးကန်ကျေးရွာ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော်နှင့် ကျောင်းသား ကျောင်းသူများ သောက်သုံးရေအခက်ကြုံတွေ့နေကြောင်း သိရ၍ မတ် ၁၅ ရက်က စဥ့်ကူနယ်မြေမီးသတ်စခန်းမှ တာဝန်ခံမီးသတ်ဦးစီးမှူး တပ်ကြပ်ကြီးရဲမြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဌာနပိုင်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်းပေးသည်။

ညောင်ဦးမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ မိုးနည်းရပ်ဝန်းတွင် တည်ရှိသည့်အတွက် နှစ်စဉ် ပွင့်လင်းရာသီကာလများတွင် အညာကျေးလက်ဒေသများတွင် ဒေသခံပြည်သူများ သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရလေ့ရှိကာ ယခုနှစ်တွင်လည်း မိုးရွာသွန်းမှုလျော့နည်းသဖြင့် သောက်သုံးရေအတွက် မှီခိုအားထားရသော မြေသားရေလှောင်ကန်များတွင် ရေဝင်ရောက်မှုလျော့နည်းပြီး ဆောလျင်စွာ ရေခန်းခြောက်မှုများ ဖြစ်ပေါ်ကြောင်း သိရသည်။ ညောင်ဦးမြို့နယ် စဥ့်ကူနယ်မြေမီးသတ် စခန်းမှ တာဝန်ခံမီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေ အလှူရှင် ဦးထွန်းထွန်း မိသားစုက လှူဒါန်းသော ရေဂါလန် ၁၆၀၀ ကို ဂျိုးကန်ကျေးရွာ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်နှင့် သာမဏေများ၊ ကျောင်းသား ကျောင်းသူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ဘုန်းတော်ကြီးကျောင်းရှိ ရေလှောင်ကန်အတွင်း စနစ်တကျဖြည့်တင်းလှူဒါန်းပေးကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)



## ပဲခူး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ပဲခူး မတ် ၁၇

**ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ် ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ယမန်နေ့က တိုင်းဒေသကြီး စီမံအုပ်ချုပ် ရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။**

တိုင်းဒေသကြီး စီမံအုပ်ချုပ် ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း က သာသနာတော်ဆိုင်ရာ ဘွဲ့ တံဆိပ်တော်များအား မတ် ၂၇ ရက်တွင် ကျင်းပနိုင်ရေး ကြိုတင် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း၊ တိုင်း ဒေသကြီးအဆင့် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်ဆက်ကပ် မည့် အခမ်းအနားဖြစ်သည့် အတွက် ဘက်ပေါင်းစုံမှ ပြည့်စုံ အောင် ဆောင်ရွက်ထားရမည် ဖြစ်ကြောင်း၊ ကြွရောက်လာ ကြမည့် ဆရာတော်များနှင့် သီလရှင်များအတွက် ခေတ္တ သီတင်းသုံးမည့် နေရာများ သန့်ရှင်းသပ်ရပ်စေရေးနှင့် ကျန်း မာရေးစောင့်ရှောက်မှု ပြင်ဆင် ထားရန်လိုအပ်ကြောင်း၊ အခမ်း အနား အောင်မြင်စွာကျင်းပနိုင် ရေးအတွက် ဆပ်ကော်မတီများ အနေဖြင့် ပူးပေါင်းဆောင်ရွက် သွားရန်နှင့် အခမ်းအနားအား ကိုဗစ်-၁၉ စည်းကမ်းချက်နှင့် အညီ ကျင်းပဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆပ် ကော်မတီ၊ အခမ်းအနားပြင်ဆင် ရေး ဆပ်ကော်မတီ၊ သံဃာတော် များ ကြိုဆိုပင့်ဆောင်ရေးဆပ် ကော်မတီ၊ ဖိတ်ကြားရေး၊ ဆွမ်း ဆက်ကပ်ရေး၊ ဧည့်ခံရေးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီ နှင့် တည်းခိုနေထိုင်ရေး ဆပ် ကော်မတီများမှ တာဝန်ရှိသူ များက လုပ်ငန်းကြိုတင်စီစဉ် ဆောင်ရွက်နေမှု အခြေအနေ များကို တင်ပြခဲ့မှုအပေါ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ကောင်စီဝင်(၄)က ဖြည့်စွက် ရှင်းလင်းတင်ပြရာ တိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များ ဖြည့်စွက် မှာကြားကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မကွေးမြို့၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး မတ် ၁၇**

၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းပွဲ အခမ်းအနား အောင်မြင် စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မကွေးတိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး အောက်ထပ်အစည်း အဝေးခန်းမ၌ မတ် ၁၅ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် တိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကား ပြောကြားပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီး ကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် (၄) ဦးစိုးပိုင်မြင့်က သာသနာ တော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အောင်မြင် စွာကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် အခမ်းအနား ကျင်းပရေးလုပ်ငန်း ဆပ် ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများ က မိမိတို့ ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက် ၍ တင်ပြဆွေးနွေးကြပြီး တင်ပြ ဆွေးနွေးမှုများအပေါ် တိုင်းဒေသ ကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကို မတ် ၂၇ ရက်တွင် မကွေးမြို့ မြသလွန်စေတီ ရင်ပြင်တော်ရှိ မဟာဝိဇယရုံသီ တန်ဆောင်း တော်၌ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းမှ ဘွဲ့ တံဆိပ်တော်ရ ဆရာတော် ၃၈ပါး၊ သီလရှင် လေးပါးနှင့် လူပုဂ္ဂိုလ် တစ်ဦးတို့ကို သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းမည်ဖြစ် ကြောင်း သိရသည်။

**၁၄၃**



ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး
အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## ဟိုစဲ့ကျေးရွာတွင်းလမ်းကို မြေသားလမ်းမှ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ရေပြွန်တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မယ်စဲ့ မတ် ၁၇**

ကယားပြည်နယ် မယ်စဲ့မြို့နယ် တွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေများ ဖြင့် ဟိုစဲ့ကျေးရွာတွင်းလမ်းကို မြေသားလမ်းမှ ကတ္တရာလမ်းခင်း ခြင်းလုပ်ငန်းနှင့် ရေပြွန်တံတား နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။



ဟိုစဲ့ကျေးရွာနေပြည်သူများ သွားလာမှု အဆင်ပြေချောမွေ့စေ ရေးအတွက် ဟိုစဲ့အမှတ်(၂) ရွာတွင်းလမ်း အရှည် (၁/၅ ဒသမ ၆၇)မိုင်ကို မြေသားလမ်းမှ ကတ္တရာ လမ်းခင်းခြင်းလုပ်ငန်းကို ပြည် နယ်ရန်ပုံငွေကျပ် ၃၃၁ ဒသမ ၄၉၈ သန်းဖြင့် လည်း ကောင်း၊ ဟိုစဲ့အမှတ်(၂) ရွာတွင်းလမ်းပေါ်ရှိ ရေပြွန် တံတားနှစ်စင်း အရှည် ၂၁ ပေ၊ အကျယ် ၄ ပေ တည်ဆောက် ခြင်းလုပ်ငန်းကို ပြည်နယ်ရန်ပုံငွေ ကျပ် ၃ ဒသမ ၄၉၂ သန်းဖြင့် လည်းကောင်း တင်ဒါအောင်မြင် သည့် ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

အဆိုပါ လုပ်ငန်းများမှာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ယခုလကုန်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးအောင် အပြီး သတ် ဆောင်ရွက်နိုင်မည်ဖြစ် ကြောင်း ယင်းကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာထံမှ သိရ သည်။

**ဝတ်ရည်**
**(ပြန်/ဆက်)**

## ကျိုက်ဝိုင်းဆံတော်ရှင် စေတီမြတ် (၁၅၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ရန်ကုန် မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းတွင် တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင် အပရာဇိတ ကျိုက်ဝိုင်းဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကို မတ် ၁၂ ရက်က ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီး များ၊ ဘုန်းတော်ကြီးကျောင်း ၃၄ ကျောင်းမှ ဦးစီးပဓာနနာယက ဆရာတော်/ သံဃာတော် အရှင်သူမြတ် ၃၄ ပါးတို့အား ပင့်ဖိတ်ကာ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျိုက်ဝိုင်း ဆံတော်ရှင်စေတီတော် မြတ်ကြီး၏(၁၅၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို မတ် ၁၂ ရက် (၁၃၈၂ ခုနှစ် တပို့တွဲလကွယ်)သောကြာနေ့ နံနက် ၅ နာရီ အရုဏ်တက်ချိန်၌ ဆွမ်းဆက်ကပ်လှူဒါန်း၍ ဗုဒ္ဓါဘိသေက အနေက ဇာတင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖွင့်လှစ်သည်။

အဆိုပါ အခမ်းအနားတွင် ပရိသတ်များက ဩဝါဒါစရိယ ဖြူးကျောင်းဆရာတော် ဘဒ္ဒန္တအရိယ မဟာထေရ်မြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်၍ ဂေါပကအဖွဲ့ဝင်များက ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီးနောက် ဩဝါဒါစရိယ ဖြူးကျောင်း ဆရာတော်က အနုမောဒနာနှင့် ရေစက်သွန်း တရားတော်ဟောကြား ချီးမြှင့်တော်မူကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဖယ်ခုံမြို့နယ် တောင်ပေါ်ဒေသကျေးရွာ ၂၀ စုပေါင်းသောက်သုံးရေရရှိရေးစီမံကိန်း

ကိုဝင်း (ကျေးလက်)

**ရေသည် သက်ရှိသတ္တဝါတို့အတွက် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်သော်လည်း ရေရရှိနိုင်မှုအရင်းအမြစ်များမှာ အကန့်အသတ်ဖြင့် တည်ရှိလျက်ရှိသည်။ သို့ဖြစ်၍ အကန့်အသတ်ဖြင့် ရရှိနိုင်သော ရေအရင်းအမြစ်များမှ ရေများကို သက်ရှိသတ္တဝါတို့အတွက် စနစ်တကျရယူသုံးစွဲရန် လိုအပ်သကဲ့သို့ ရေအရင်းအမြစ်များ ရေရှည်တည်တံ့အောင် စနစ်တကျထိန်းသိမ်းရန်လည်း လိုအပ်ပါသည်။ သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ လူသားတို့၏ စီမံခန့်ခွဲမှုအမှားများကြောင့်လည်းကောင်း၊ ရေအရင်းအမြစ်များ လျော့နည်းဆုတ်ယုတ်ခြင်း၊ ခန်းခြောက်ပျောက်ကွယ်ခြင်းများ ကြုံတွေ့လာနေရသည်။**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာများ၏ သောက်သုံးရေရရှိရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်ဒေသများ၏ သောက်သုံးရေရရှိရေးလုပ်ငန်းကို တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်းများ တူးဖော်ခြင်း၊ စိမ့်စမ်းရေများ သွယ်တန်းခြင်း၊ မြေသားရေလှောင်ကန်များ တူးဖော်ဆောင်ရွက်ခြင်း၊ မြစ်ချောင်းရေများ အမြင့်တင်စနစ်ဖြင့် ဆောင်ရွက်ခြင်းအပြင် အခြားရေရရှိရေးနည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

**စုဆောင်းထားသည့် မိုးရေ အဓိကသုံးစွဲ**

ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် ရီနွဲ့ကျေးရွာအုပ်စုအတွင်း အိမ်ခြေ ၁၆၆၅ အိမ်၊ လူဦးရေ ၈၃၈၄ ဦးရှိ ကယန်းတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာပေါင်း ၂၀ မှာ နွေရာသီ၌ ရေရှားပါးပြတ်လပ်မှုဒဏ်ကို နှစ်ပေါင်းကြာရှည်စွာ ခံစားခဲ့ရသည်။ နှစ်စဉ် မိုးရွာသွန်းမှု အများဆုံး လေးလခန့်သာ မိုးရေကို ဖူလုံစွာ သုံးစွဲနိုင်ပြီး ကျန်လများတွင် မိုးကာလ စုဆောင်းထားသည့် ရေကိုသာ အဓိကထား၍ မှီခိုသုံးစွဲခဲ့ကြရသည်။

အဆိုပါဒေသများ ရေရရှိရေးအတွက် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ ကျေးရွာသူ ကျေးရွာသားများနှင့်အတူ ရေအရင်းအမြစ် ရရှိနိုင်မှုအခြေအနေကို ကျေးရွာအလိုက် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ ကျေးရွာတစ်ရွာချင်း၏ မြေအောက်ရေအခြေအနေကို သိရှိနိုင်ရေးအတွက် ဌာနပိုင် (Geophysical Survey) ဘူမိရူပတိုင်းတာသည့်စက်ဖြင့် တိုင်းတာဆောင်ရွက်ခဲ့သော်လည်း မြေအောက်ရေရရှိနိုင်မှု မရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ ကျေးရွာများအတွက် စိမ့်စမ်းရေထွက် ပင်ရင်းရှိရာ နေရာများကို ဆက်လက်ကွင်းဆင်းရှာဖွေခဲ့ရာ အဆိုပါကျေးရွာများအနက် ပါဝင်သည့် စလောင်းကျေးရွာ၏ အနောက်ဘက် အကွာအဝေး ၃ မိုင်ခန့်၊ အနိမ့်အမြင့် ကွာခြားချက် ပေ ၈၀၀ ခန့်ရှိသည့် နေရာ၌ ရာသီမရွေး စီးဆင်းနေသည့် စိမ့်စမ်းချောင်းငယ်ကို တွေ့ရှိခဲ့ကြသည်။

> **“ကယန်းတိုင်းရင်းသားများ နေထိုင်ရာ ကျေးရွာပေါင်း ၂၀ မှာ နွေရာသီ၌ ရေရှားပါးပြတ်လပ်မှုဒဏ်ကို နှစ်ပေါင်းကြာရှည်စွာ ခံစားခဲ့ရပါသည်။ နှစ်စဉ် မိုးရွာသွန်းမှု အများဆုံး လေးလခန့်သာ မိုးရေကို ဖူလုံစွာ သုံးစွဲနိုင်ပြီး ကျန်လများတွင် မိုးကာလ စုဆောင်းထားသည့် ရေကိုသာ အဓိကထား၍ မှီခိုသုံးစွဲခဲ့ကြ”**

ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အင်ဂျင်နီယာများ စုဖွဲ့၍ ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်းကာ အဆိုပါ ရေထွက်၏ ရေထွက်နှုန်း တိုင်းတာခြင်း၊ နွေရာသီရေထွက်အခြေအနေကို လေ့လာခြင်း၊ ရေအရည်အသွေးစမ်းသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရေအရင်းအမြစ်မှ ကျေးရွာ ၂၀ လုံး ရေရရှိရေးအတွက် ဖြစ်နိုင်ခြေဆန်းစစ်မှုကို ကွင်းဆင်းခဲ့ရာတွင် ပင်မရေအရင်းအမြစ်နှင့် ကျေးရွာအသီးသီး၏ Level အနိမ့်အမြင့်တိုင်းတာခြင်း၊ အကွာအဝေးများ တိုင်းတာခြင်း၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းအူကြောင်းနေရာများရှာဖွေခြင်း၊ လမ်းဖောက်လုပ်ရန် တိုင်းတာခြင်း၊ လမ်းမြေနေရာများအတွက် ညှိနှိုင်းခြင်း၊ ရေစက်ရုံနှင့် ရေစုကန်တည်ဆောက်မည့်နေရာတို့၏ အနိမ့်အမြင့်နှင့် အကွာအဝေးများကို တိုင်းတာခြင်း၊ ကျေးရွာတစ်ရွာချင်းစီ၏ အိမ်ခြေ၊ လူဦးရေတို့ကို စာရင်းကောက်ယူခြင်း၊ နောင်ကာလအသီးသီး၌ တိုးပွားလာမည့် လူဦးရေကို ခန့်မှန်းတွက်ချက်ခြင်း၊ ကျေးရွာအလိုက်သုံးစွဲကြမည့်ရေလိုအပ်ချက်များကို တွက်ချက်ခြင်း၊ တည်ဆောက်ရေး လုပ်ငန်းပါ အဆောက်အအုံများ၊ စက်ယန္တရားများ၊ ရေပိုက်လိုင်းများ၊ ရေစုကန်များ၏ အရွယ်အစား၊ အမျိုးအစားနှင့် အတိုင်းအတာများကို သတ်မှတ်ခြင်း၊ သတ်မှတ်ချက်များမှန်ကန်မှု ရှိ/ မရှိ စစ်ဆေးခြင်း၊ ဒေသပေါက်ဈေးနှုန်းများဖြင့် တန်ဖိုးသင့်တွက်ချက်ခြင်း၊ ရေရယူသုံးစွဲရာတွင် ကုန်ကျမည့် ရေခကုန်ကျစရိတ်များကို ခန့်မှန်းတွက်ချက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**လိုအပ်သော မြေနေရာရရှိရေး တင်ပြဆောင်ရွက်**

အနီးစပ်ဆုံး ခန့်မှန်းတွက်ချက်မှုများကို ကျေးရွာများသို့ ချပြရှင်းလင်းခြင်း၊ စီမံကိန်းဆောင်ရွက်ပါက တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော မြေနေရာများရရှိရေး၊ တည်ဆောက်ရေးပိုက်လိုင်းများ ဖြတ်သန်းသွားမည့် လယ်ယာမြေများအတွက် သက်ဆိုင်ရာ ပိုင်ရှင်များ၏ သဘောတူညီမှု ရယူရေးတို့ကို အသေးစိတ်စိစစ်မှုပြုကာ ဦးစီးဌာနရုံးချုပ်နှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများသို့ တင်ပြဆောင်ရွက်ခဲ့ကြသည်။

ဖြစ်နိုင်ခြေဆန်းစစ်မှုအစီရင်ခံစာကို အတည်ပြုပြီးနောက် အဆိုပါကျေးရွာ ၂၀ ၏ ရေပေးရေးလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်လုပ်ကိုင်နိုင်ရန် စီမံကိန်းရေးဆွဲ၍ စီမံကိန်းလုပ်ငန်းအသုံးစရိတ်များအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြပြီး ပြည်ထောင်စုဘတ်ဂျက်တွင် ငွေကျပ် ၆၃၉ သန်း၊ ပြည်နယ်ဘတ်ဂျက်တွင် ငွေကျပ် ၃၆၃ သန်း စုစုပေါင်း ငွေကျပ် ၁၀၀၂ သန်းဖြင့် လျာထားဆောင်ရွက်ခဲ့သည်။ ဘတ်ဂျက်ရရှိနိုင်မှုအခြေအနေအရ ကျေးရွာ ၂၀ တွင်ပါဝင်သည့် သက်ဆိုင်ရာကျေးရွာတစ်ရွာချင်းစီအတွက် တည်ဆောက်ပေးမည့် ရေစုကန်များ အရောက်သာ ရေရရှိနိုင်ရန် စတင်ဆောင်ရွက်ခဲ့သည်။

စီမံကိန်းလုပ်ငန်းပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော အမာခံမြေသားလမ်း ၂ မိုင် ၇ ဖာလုံ ဖောက်လုပ်ခြင်း၊ ရေစက်ရုံ နှစ်ရုံ ဆောက်လုပ်ခြင်း၊ လိုအပ်သော စက်ယန္တရားများ ဝယ်ယူတပ်ဆင်ခြင်း၊ ရေစုကန် ၂၃ လုံး တည်ဆောက်ခြင်း၊ ရေတင်ပိုက်များ၊ ဖြန့်ဝေပိုက်များ မိုင် ၂၀ ကျော် သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းများ ကို တင်ဒါခေါ်ယူ၍ တင်ဒါရ ကုမ္ပဏီ ၁၁ ခုက (၂/၂၀၂၀)လအတွင်း စတင်ဆောင်ရွက်ခဲ့ရာ (၉/၂၀၂၀)လကုန်တွင် ပြီးစီးခဲ့သည်။

ဆက်လက်၍ လက်ရှိဘဏ္ဍာနှစ်အတွင်း ရေစက်မောင်းအိမ်ရာ နှစ်လုံး၊ စတို နှစ်လုံးကို ပြည်ထောင်စုဘတ်ဂျက် ငွေကျပ် ၂၈ သန်းဖြင့် လည်းကောင်း၊ ကျေးရွာအလိုက် ရေစုကန်များအတွက် ရေမီတာ ၂၃ လုံးနှင့် အများသုံးရေတိုင် ၃၂ တိုင်တို့ကို ပြည်နယ်ဘတ်ဂျက် ငွေကျပ် ၂၃ သန်းဖြင့် လည်းကောင်း၊ ကျေးရွာကိုးရွာ၌ အိမ်တိုင်ရာရောက် ဖြန့်ဝေပိုက်လိုင်းများအတွက် ပြည်ထောင်စု VDP ရန်ပုံငွေကျပ်သန်း ၉၀ အပြင် ပြည်သူ့လုပ်အား ပါဝင်မှုများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။

တည်ဆောက်ရေးကာလအတွင်း မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်အဆင့် ဖွဲ့စည်းထားသည့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ၊ Quality Control နှင့် Work Done စစ်ဆေးရေးအဖွဲ့များ၊ ရုံးချုပ်ရေပေးရေးအင်ဂျင်နီယာဌာန၏ တာဝန်ရှိသူများ၏ ကြီးကြပ်မှုများဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

အဆိုပါကျေးရွာများတွင် လက်ရှိမဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရသေးဘဲ ဒီဇယ်ဆီသုံး ဂျင်နရေတာများ မောင်းနှင်ရသဖြင့် စက်သုံးဆီဖိုးနှင့် လည်ပတ်ပြုပြင်ထိန်းသိမ်းစရိတ်ကို ရေခအဖြစ်ကောက်ခံ၍ လည်ပတ်သွားရမည်ဖြစ်သည်။ ရေတင်စက်များ၊ ရေပိုက်လိုင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဌာနမှ အင်ဂျင်နီယာနှစ်ဦး တာဝန်ပေးခြင်း ၊ စက်မောင်းနှစ်ဦးနှင့် ပိုက်လိုင်းစစ်ဆေးရေး တစ်ဦးတို့အတွက် ဒေသခံပုတ်ပြတ် ဝန်ထမ်းသုံးဦးတို့ကိုလည်း ခန့်ထားပေးပြီး ဖြစ်သည်။

**ရေရယူသုံးစွဲခြင်း ပညာပေး**

ရေစက်မောင်းများ၊ ရေလိုင်းစစ်ဆေးရေးဝန်ထမ်းများအား သင်တန်းပေးခြင်း ၊ ရေကော်မတီများအား ရေမီတာဖတ်ခြင်း၊ ရေခကောက်ခံခြင်း၊ ငွေစာရင်းထိန်းသိမ်းမှု သင်တန်းများပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးရွာသူ ကျေးရွာသားများသို့လည်း ရေရယူသုံးစွဲခြင်း၊ ကိုယ်ပိုင်ရေမီတာတပ်ဆင်ခြင်း၊ ရေခပေးဆောင်ခြင်းတို့အတွက် အသိပညာပေးလျက်ရှိသည်။

လက်ရှိရေပေးဝေမှုနည်းစနစ်ဖြင့် စိမ့်စမ်းရေထွက်မှ ရေကို ရေစစ်ကန်၊ အနည်ထိုင်ကန်၊ ရေစုကန်မှတစ်ဆင့် (50) KVA Genarator ၊ (20) HP မော်တာနှင့် ၂ "Piston pump လေးလုံးဖြင့် အမြင့်ပေ ၆၀၀ အကွာအဝေးပေ ၃၃၀၀ ရှိ ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်သို့ လည်းကောင်း၊ ယင်းရေစုကန်မှ (60) KVA Genarator၊ (20) HP မော်တာနှင့် ၂ "Piston pump လေးလုံးတို့ဖြင့် အမြင့်ပေ ၈၀၀ အကွာအဝေး ၄၉၂၁ ပေရှိ ဂါလန် ၅၀၀၀၀ ဆံ့ ရေစုကန်သို့ တင်ပို့သည်။ ယင်းဂါလန် ၅၀၀၀၀ ဆံ့ ရေစုကန်မှ စလောင်း၊ ကုန်းငူ၊ စလင်းမိုးငံလိုင်းရှိ ကျေးရွာ ၁၁ ရွာသို့ လည်းကောင်း၊ လအိကာဟန့်လိုင်းရှိ ကျေးရွာ ကိုးရွာသို့ လည်းကောင်း၊ Gravity Flow System ဖြင့် လည်းကောင်း ပေးဝေလျက်ရှိသည်။ လက်ရှိ စမ်းသပ်မောင်းနှင်ဆဲကာလတွင် ၁ နာရီ ရေတင်နှုန်းဂါလန် ၄၅၀၀ နှုန်းဖြင့် တစ်ရက်လျှင် ၁၀ နာရီနှုန်းဖြင့် စုစုပေါင်းဂါလန် ၄၅၀၀၀ ကို လိုင်းအလိုက်၊ ရက်အလိုက် သတ်မှတ်၍ အလှည့်ကျပေးဝေလျက်ရှိသည်။ ကုန်ကျသည့်စက်သုံးဆီဖိုးနှင့် အခြားလုပ်အားခများပေါ် မူတည်၍ ရေခနှုန်းထားကို သင့်တင့်သည့် နှုန်းထားသတ်မှတ်ရေးအတွက်ကိုလည်း ဌာနတာဝန်ရှိသူများနှင့် ကျေးရွာရေကော်မတီများမှ မူလကြိုတင်ညှိနှိုင်းသတ်မှတ်ထားသည့် ပမာဏနှုန်းထက် သက်သာစွာဖြင့် စနစ်တကျ သုံးစွဲနိုင်ရေး ညှိနှိုင်းစိစစ်ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၂၃ သို့*

# သီပေါမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အိမ်တိုင်ရာရောက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**သီပေါ မတ် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စံဖိတ်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် အိမ်တိုင်ရာရောက်ရေရရှိရေးလုပ်ငန်းကို ဇန်နဝါရီလဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



စံဖိတ်ကျေးရွာ ရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ်သိန်း ၁၄၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၈ သိန်း တို့ဖြင့် အကုန်အကျခံကာ ကျေးရွာနှင့် တစ်မိုင်အကွာရှိ နတ်စင်ရေထွက်မှ ၂၅ ကောင် အင်ဂျင်၊ ၆ ထပ်ပန့်ဖြင့် ကျေးရွာရှိ ဂါလန် ၅၀၀၀ အုတ်ရေကန်သို့ တွန်းတင်ခဲ့ကြောင်း၊ အဆိုပါ အုတ်ရေကန်မှ ကျေးရွာအတွင်း အိမ်တိုင်ရာရောက် ရေရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါ လုပ်ငန်းကို ဇန်နဝါရီဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်နန်းက ပြောသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလင်းထွန်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးတို့က ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

သီပေါမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နှစ်စဉ်လိုလို သောက်သုံးရေရှားပါး၍ ရေပေးဝေခဲ့ရသည့် ကျေးရွာများ၊ ယခင်နှစ်ကရေပေးဝေခဲ့ရသည့် ကျေးရွာများနှင့် အခြားရေရှားပါးပြတ်လပ်နိုင်သည့် ကျေးရွာများဖြစ်သော ကျေးရွာ ၁၂ ရွာကို ဦးစားပေးကာ စက်ရေတွင်းရှစ်တွင်း တူးဖော်ခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း သုံးခုတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၅၉၈ သန်း၊ ပြည်နယ် ရန်ပုံငွေကျပ် ၈၈ ဒသမ ၄၅၄ သန်း စုစုပေါင်းငွေကျပ် ၁၃၈ ဒသမ ၀၅၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# မိုင်းယောင်း၌ မသန်စွမ်းသူများနှင့်ပတ်သက်သည့် အသိပညာပေး ဆွေးနွေး

**မိုင်းယောင်း မတ် ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် မသန်စွမ်းသူများနှင့် ပတ်သက်သည့် အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပ သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ပြည်သူကို ဗဟိုပြုပြီး အသိပညာပေးလုပ်ငန်းများကို ကျေးရွာအရောက် ကွင်းဆင်းပြီး စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိရာမှ လတ်တလော ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ အခြေအနေများကြောင့် ယခုလို အသိပညာပေး ဆွေးနွေးပွဲများကို ကျင်းပပြီး ပြည်သူများ သိရှိနိုင်ရေး အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မသန်စွမ်းသူဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယအမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည် ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ချို့ယွင်း အားနည်းချက်များကို ရေရှည်ခံစားနေရသူများကို ဆိုလိုကြောင်း၊ မသန်စွမ်းသူများ ခံစားခွင့်ရှိသည့် အခြေခံအခွင့်အရေးများအကြောင်း၊ နှစ်စဉ် ဒီဇင်ဘာ ၃ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးကို အလေးပေးဆောင်ရွက်နိုင်ကြစေရန် ကမ္ဘာတစ်လွှား အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို သတ်မှတ်ကျင်းပလျက်ရှိကြောင်း စသည့် မသန်စွမ်းသူများဆိုင်ရာ အသိပညာပေး ဆွေးနွေးကြကြောင်း သိရသည်။

**အားချာ**

# သုံးခွမြို့ အမှတ်(၈)ရပ်ကွက်ရှိ ဥက္ကံဘုရားကြီးမဏ္ဍိုင် ပရိယတ္တိစာသင်တိုက်တွင် မဟာအတုလရတနာ့ဂုဏ်ရည် သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်လျက်ရှိ

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၈) ရပ်ကွက်ရှိ ဥက္ကံဘုရားကြီးမဏ္ဍိုင် ပရိယတ္တိစာသင်တိုက်တွင် ဗုဒ္ဓသာသနာတော်ကြီး အစွန့်ရှည်တည်တံ့စေရေး ပရိယတ္တိစာပေများ သင်ကြားရာတွင်လည်းကောင်း၊ ဘာသာရေး၊ သာသနာရေး၊ ဝိနယဓမ္မစာတော်ပြန်ပွဲအခမ်းအနားများ ကျင်းပရာတွင်လည်းကောင်း၊ လွယ်ကူအဆင်ပြေစေရန်ရည်ရွယ်၍ နှစ်(၁၀၀) ပြည့် ဝိနယဓမ္မစာတော်ပြန်ပူဇော်ပွဲကြီး အထိမ်းအမှတ်အဖြစ် မဟာအတုလရတနာ့ဂုဏ်ရည်သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ဘဒ္ဒန္တဆေကိန္ဒက ငွေကျပ်သိန်း ၁၀၀ မတည်လှူဒါန်းခဲ့ပြီး ကျောင်းတိုက်ကြီး ၏ဦးစီးပဓာနနာယက ဆရာတော် သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ တိုင်းသံဃနာယကဝန်ဆောင်၊ ရွှေကျင်နိကာယ၊ ဂိုဏ်းလုံးဝန်ဆောင်နာယက၊ ဂဏာမိပ-ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတသီဟ ဆရာတော်ကြီး၏ စီမံမှုဖြင့် အကျိုးတော်ဆောင်အဖွဲ့က ကြီးကြပ်ကာ တည်ဆောက်လျက်ရှိကြောင်းသိရသည်။

အလျားပေ ၁၂၀ အနံ ၆၂ ပေ အာစီနှစ်ထပ်ခွဲတိုက် အဆောက်အအုံဖြစ်ကြောင်းသိရပြီး အဆိုပါအဆောက်အအုံကြီး ပြီးစီးနိုင်စေရေးအတွက် စေတနာအလှူရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းလိုပါက သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး အကျိုးတော်ဆောင်အဖွဲ့ဝင် ဦးကြာနု ဖုန်း ၀၉-၇၉၉၃၇၂၆၇၁၊ ဦးဖိုးထောင်(ခ)ဦးခင်မောင်ဝင်း ၀၉-၂၅၀၅၁၇၄၁၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကျော်ဆန်း**

*စာမျက်နှာ ၂၂ မှ*

ကျေးရွာများသို့ မဟာဓာတ်အားလိုင်း လျှပ်စစ်မီးမှာလည်း မကြာသောကာလတွင် ရောက်ရှိလာနိုင်မည်ဖြစ်၍ ရေတင်စက်များကို ဒီဇယ်အင်ဂျင်များအစား လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်နိုင်ရေး ပြုပြင်လဲလှယ်တပ်ဆင်နိုင်မည်ဆိုပါက လက်ရှိရေရယူသုံးစွဲနိုင်မှု ရေပမာဏထက် တစ်ဆကျော် ပိုမိုရေဖြန့်ဝေပေးနိုင်မည်ဖြစ်ပြီး ရေခကုန်ကျစရိတ်မှာလည်း ထက်ဝက်ကျော်ခန့် ထပ်မံကျဆင်းသွားမည် ဖြစ်သည်။

ဤစီမံကိန်းကြောင့် ရွာသူ/ရွာသားများအနေဖြင့် သောက်သုံးရေကြောင့် အချိန်ကုန်၊ ငွေကြေးကုန် လူပင်ပန်းဖြစ်ရခြင်းမှ လျော့နည်းကင်းဝေးပြီး ရေကြောင့် အချိန်မကုန်တော့ခြင်း၊ ငွေကြေးကုန်ကျမှု သက်သာခြင်း၊ ရေကြောင့် ပင်ပန်းဆင်းရဲမှု မဖြစ်တော့ခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများကို ပိုမိုလုပ်ကိုင်နိုင်ခြင်းဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးရွာများအားလုံး၏ ရေရရှိရေးဆိုင်ရာ အခြေခံအချက်အလက် (RWS MIS) များအား ကွင်းဆင်းကောက်ခံလျက်ရှိပြီး လက်ရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်တွင် ကျန်ကျေးရွာများအားလုံး၏ ရေရရှိရေးဆိုင်ရာ အချက်အလက်များကို အပြီးကောက်ခံသွားမည်ဖြစ်သည်။ ကောက်ခံရရှိသော အချက်အလက်များပေါ် မူတည်၍ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ (၁၀) နှစ် စီမံချက် အသေးစိတ်ရေးဆွဲကာ ကျေးလက်ရေရရှိရေးအတွက် ရည်မှန်းထားသည့် သန့်ရှင်း၍ ဘေးကင်းလုံခြုံစိတ်ချရသော သောက်သုံးရေရရှိရေး၊ မိမိနေထိုင်ရာ အဝန်းအဝိုင်းအတွင်းအထိ ရေရရှိရေး၊ အချိန်အကန့်အသတ်မရှိဘဲ ရရှိရေးဟူသည့် ရည်မှန်းချက်များနှင့်အညီ ကြိုးစားဆောင်ရွက်သွားမည် ဖြစ်သည်။

နိုင်ငံတော်နှင့်ဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော ရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရန်မှာ အသုံးပြုသူ ကျေးရွာသူ/ရွာသားများနှင့် ကြီးကြပ်ထိန်းသိမ်းသူ ကျေးရွာကော်မတီတို့၏ အဓိကတာဝန်လည်းဖြစ်သည်။ ရေရှည်တည်တံ့ ခိုင်မြဲအောင် ထိန်းသိမ်းရေးသင်တန်းများကိုလည်း ကျေးရွာရေကော်မတီများ၊ ကျေးရွာသူ/ကျေးရွာသားများသို့ မဖြစ်မနေ ပို့ချပေးရန်လည်း လိုအပ်မည်ဖြစ်သည်။

ကျေးလက်နေပြည်သူများအတွက် မရှိမဖြစ်လိုအပ်သော သောက်သုံးရေရရှိအောင် ရန်ပုံငွေခွင့်ပြုပေးခဲ့ကြသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရေရရှိရေး အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့ကြသောသူများအားလုံး ရေအကျိုး ၁၀ ပါးဖြစ်သည့် “အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးမားခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ရောဂါဘယကင်းဝေးခြင်း၊ အခြွေအရံပေါများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းဝေးခြင်း၊ လျင်မြန်ဖျတ်လတ်ခြင်း” စသည့် အကျိုးကျေးဇူးများကို ရရှိကြမည်မှာ အမှန်မလွဲဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# သီပေါမြို့နယ်မှ ရှေးဟောင်းသမိုင်းဝင် ထူးခြားအံ့ဖွယ် ပေါ်ကြိုဘုရားကြီး

**ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်သည် ရှေးဟောင်းဘုရားပုထိုးစေတီ အများအပြားတည်ထားကိုးကွယ်သည့် ဒေသဖြစ်သကဲ့သို့ နိုင်ငံကျော် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးပေါ်ကြိုဘုရားကြီးလည်း သီပေါမြို့၏အနောက်ဘက်ခြမ်း မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီးနှင့် မီးရထားလမ်းအကြား ဒုဋ္ဌဝတီမြစ် မြောက်ဘက်အရပ်တွင် တည်ရှိသည်။**



ပေါ်ကြိုဘုရားကြီးတွင် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များပေါင်း၍ ပေါ်ကြိုဘုရားဟု အများပြည်သူတို့သိရှိကြသော်လည်း စေတီတော်၏ ဒါယကာနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၏ ဒါယကာများမှာ တစ်ဦးစီဖြစ်ကြပြီး တည်ထားကိုးကွယ် ထုလုပ်လှူဒါန်းခဲ့ကြသော နှစ်များမှာလည်း ကွာခြားလျက်ရှိသည်။ ပေါ်ကြိုဘုရား (မုဋ္ဌောစေတီတော်)၏ ဒါယကာမှာ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း(၂၃၄)နှစ် ကြာသောအခါ ပါဋ္ဌလိပုတ်ပြည်ကြီးနှင့် ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို အစိုးရတော်မူသော သီရိဓမ္မာသောကမင်းကြီး ဖြစ်ပေသည်။

တတိယသင်္ဂါယနာတင်ပြီးကာလ သာသနာသက္ကရာဇ် ၂၀၀နှင့် ၃၀၀ အကြား မုဋ္ဌောစေတီတော်အား တည်ထားခဲ့ခြင်းဖြစ်ပေရာ တိုင်းရင်းသားလူမျိုးများ၏ လုပ်အားဒါနဖြင့် တည်ထားကိုးကွယ်ခဲ့ပြီး စေတီတော်၏ဘွဲ့တော်မှာ မုဋ္ဌောစေတီတော်ဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီးသည် စေတီတော်ကို ရေကန်၏အလယ်တွင် ရွှေ၊ ငွေ၊ ကြေး အုတ်ရိုးတို့ဖြင့် မြေစိုက်ပန္နက်တော်တင်၍ မွေတော်စစ်ကို ဌာပနာလျက် တည်ဆောက်ခဲ့ပြီး ဘွဲ့တော်ကိုလည်း မုဋ္ဌောစေတီတော်ဟု သမုတ်ခဲ့ပေသည်။

ပေါ်ကြိုဘုရားကြီးစေတီတော်အား တည်ထားရာနေရာသည် ဘုရားလောင်းနုစဉ်ဘဝ ဝက်ဖြူမင်းဖြစ်စဉ် ရေအိုင်နေရာ၌ စေတီတော်အား တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ဘုရား၏မုခ်လေးမုခ်တွင် ကိုးကွယ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်ဆင်းတုတော်လေးဆူ၏ ဘုရားဒါယကာမှာ ခရစ်နှစ်(၅၃၆) ခုနှစ်၌ ပုဂံပြည့်ရှင် မင်းယဉ် နရသိင်္ခ၏ညီတော် နရသူ၏သားတော် နရပတိစည်သူမင်းကြီး ဖြစ်ပေသည်။

ပေါ်ကြိုဘုရားကြီး၏ မုခ်လေးမုခ်တွင် တိုင်းရင်းသားပြည်သူများ ကိုးကွယ်ရန်အလို့ငှာ ရှမ်းပြည်နယ်တစ်ခွင်သို့ နရပတိစည်သူမင်းကြီးက ဗုဒ္ဓလက်ဆောင်အဖြစ် သာသနာထွန်းကား ပြန့်ပွားစေရန် ရည်သန်လျက် စံကားကိုးပိုင်း ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်လှူဒါန်းခဲ့ပေသည်။

ပုဂံပြည့်ရှင် နရပတိစည်သူမင်း စံကားသားကိုးပိုင်းကို ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်လှူဒါန်းခဲ့သော ရှမ်းပြည်နယ်အတွင်းရှိ ရုပ်ပွားတော်များမှာ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုဒေသ၌ လေးဆူ၊ ကျောက်မဲမြို့နယ် မင်းတုန်းဒေသ၊ နောင်ချိုမြို့နယ်မိုင်းပန်ဒေသနှင့် သိန်းနီမြို့နယ် ဟိုမိုန်းဒေသတို့၌ တစ်ဆူစီ၊ ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီးမန်စံကျိုင်းလင်းဒေသနှင့် မိုင်းကိုင်မြို့နယ် ဒေသတို့တွင် တစ်ဆူစီ ဖြစ်သည်။

ပေါ်ကြိုဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ရှေးလွန်ခဲ့သည့် နှစ်ပေါင်း တစ်ရာကျော်ကတည်းက တပေါင်းလဆန်း ၁၀ရက်နေ့မှ တပေါင်းလပြည့်ကျော် ၁ ရက် နေ့အထိ ကျင်းပခဲ့ရာ ယနေ့ထိတိုင်အောင် ဖြစ်သည်။

ပေါ်ကြိုဘုရားကြီး၏ ပရိဝုဏ်အတွင်း အနောက်မြောက်ထောင့်၌ ပေါက်လျက်ရှိသော စံကားပင်မှာ ဘုရား စေတီ၊ အုတ်၊ ပြာသာဒ်၊ ထီးတော်၏ အမြင့်ထက်သို့မည်သည့်အခါမျှ မြင့်တက်မသွားခြင်း၊ ဘုရားကြီး၏ အနောက်တောင်ထောင့်အရပ်တွင် စေတီတော်၏ အောက်မှရေစီးဆင်းနေပြီး ဆယ့်နှစ်လရာသီ ခန်းခြောက်မှုမရှိခြင်း၊ မုခ်များတွင်သာ အစဉ်အမြဲ ကိန်းဝပ်စံပယ်သော ရုပ်ပွားတော်များသည် သီတင်းသုံးသည့် မုခ်များတွင်သာ အစဉ်အမြဲ ကိန်းဝပ်စံပယ်စေရခြင်း၊ ပင့်ဆောင်သည့်အခါတွင်လည်း ရှေ့နောက်ဘွဲ့စဉ်များအတိုင်း ပင့်ဆောင်ရခြင်း၊ မုခ်လေးမုခ်တွင် ဘုရားအား မျက်နှာမူ၍ စောင့်ရှောက်နေသော ဘီလူးရုပ်တု ငါးရုပ်ရှိခြင်း၊ မြတ်ဗုဒ္ဓ၏ ခြေတော်ရာအစစ်ရှိခြင်း၊ ရှေးဟောင်း ဦးခေါင်းသုံးလုံးနှင့် ဧရာဝဏ်ဆင်ရုပ်နှင့် ကြေးရုပ်တုရှိခြင်း စသည့်ထူးခြားဖွယ်ရာများ အများအပြား ရှိသည်။

ယခုအခါ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ရိုးရာအစဉ်အလာမပျက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ၁၃၈၂ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့အထိ ကျင်းပမည်ဖြစ်၍ ပေါ်ကြို ဘုရားကြီးဂေါပကအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပေါ်ကြိုဘုရားကြီး အထွေထွေပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် ရွှေပြား၊ ရွှေသင်္ကန်း၊ လျှပ်စစ်မီးနှင့် အလှူငွေများ လှူဒါန်းလိုကြသော ရဟန်းရှင်လူပါရမီရှင်၊ စေတနာရှင်များ စိတ်ချမ်းမြေ့စွာ ကုသိုလ်ယူလှူဒါန်းနိုင်ရေးအတွက် ပေါ်ကြိုဘုရားကြီး ရင်ပြင်တော်ပေါ်တွင် အလှူခံဌာနများ ဖွင့်လှစ်စီစဉ်ထားရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ဗုဒ္ဓနွယ်ဝင် တိုင်းရင်းသားပြည်သူများအနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်သို့ ကြွရောက် ကြည်ညိုနိုင်ကြကြောင်း နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်အပ်ပါသတည်း။ ။

စိုင်းသာလှိုင်(လိမ္မော်မြေ)

ဓာတ်ပုံ-စိုင်း(သီပေါ)

---

# ငဖဲမြို့နယ် ဆင်ချည်တိုင်ကျေးရွာ၌ တွန်ဂလာ ၆၉၂ ငရုတ်မျိုး စိုက်ပျိုးပြီး ဈေးကောင်းရရန်မျှော်လင့်

**ငဖဲ မတ် ၁၇**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဆင်ချည်တိုင် ကျေးရွာမှ တောင်သူများအနေဖြင့် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်လျက်ရှိရာ ကျေးရွာ၏ မြောက်ဘက်ရှိ လယ်မြေတွင် မြေအောက်ရေကို အသုံးပြုပြီး တွန်ဂလာ ၆၉၂ ငရုတ်မျိုးကို စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိသည်။

တွန်ဂလာ ၆၉၂ ငရုတ်မျိုးစေ့များကို မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ W7 သီးနှံမျိုးစုံ ရောင်းဝယ်ရေးကုမ္ပဏီမှ တစ်ထုပ်လျှင် ငွေကျပ် ၆၀၀၀ ဖြင့် ဝယ်ယူရရှိကြောင်း၊ အပင်ပေါက်ပျိုးရန်အတွက် ပျိုးဗန်းမှာ မြေဩဇာထည့်သွင်း ပျိုးရကြောင်း၊ ပျိုးပင်များ ၂၅ ရက်နှင့် ၄၅ ရက်သားကြားမှာ စိုက်ပျိုးရန်၊ ပြုလုပ်ပြီးသားပေါင်မှာ မြေချစိုက်ပျိုးပြီး တစ်ပတ်တစ်ကြိမ် ရေသွင်းပေးရကြောင်း၊ ပိုးသတ်ဆေး ဓာတုဆေးများ လုံးဝမသုံးစွဲဘဲ မိမိကိုယ်တိုင် ပြုလုပ်သည့် သဘာဝအားဆေးအဖြစ် လျှော်ဖြူစေး ၁ ကီလိုဂရမ်၊ ဆားခါး ၂၅ ကျပ်သား၊ ကြက်ဥခွံမှုန့် ၁၀၀ ကီလိုဂရမ် ၊ ရေညှိ ၆၅ ကျပ်သား၊ ဆန်ဆေးရည် အချဉ်ဖောက် ၁၃လီတာ၊ သကာရည် တစ်လီတာနှင့် ဆားကြမ်း ၆၀ ကျပ်သားတို့ဖြင့်ပြုလုပ်ပြီးသား အားဆေးရည်ကို ပိုးရှောင်ခွာဆေးနှင့်အတူ အပင်ရက်သား ခုနစ်ရက်မှ တစ်လသားအတွင်း သုံးကြိမ်ဖျန်းပေးပြီး သဘာဝမှိုဆေးကို တစ်လတစ်ကြိမ် ပက်ဖျန်းပေးရကြောင်း၊ အပင်ရက်သား နှစ်လခွဲတွင် ငရုတ်သီးများကို စတင်ဆွတ်ခူး ရောင်းချရမည်ဖြစ်ကြောင်း၊ ငရုတ်ပင်များကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးခဲ့ပြီး ယခုမတ်လဆန်းတွင် ရင့်မှည့်စပြုနေပြီဖြစ်၍ ရင့်မှည့်သော ငရုတ်သီးများကို W7 ကုမ္ပဏီသို့ချိတ်ဆက်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ခန့် ပေါက်ဈေးဖြတ်၍ တင်ပို့ရောင်းချရမည်ဖြစ်ပြီး ယခုဈေးထက် ပိုမိုရရှိရန် မျှော်လင့်ကြောင်း၊ လယ်မြေတစ်ကေခွဲမှာ ငရုတ်ပင်ပေါင်း တစ်သောင်းကျော် စိုက်ပျိုးထားရာ အရင်းအားဖြင့် ငွေကျပ် ခုနစ်သိန်းခွဲခန့် ကုန်ကျကြောင်း ဆင်ချည်တိုင်ကျေးရွာမှ ငရုတ်စိုက်တောင်သူ ဦးမင်းမင်းထံမှ သိရသည်။



ငဖဲမြို့နယ်တွင် တွန်ဂလာ ၆၉၂ ငရုတ်မျိုးများကို စိုက်ပျိုးရောင်းချကြသည့် တောင်သူများအနေဖြင့် အရင်းနည်းပြီး အမြတ်များများ ကျန်ရှိသည့်အတွက် အခြား တောင်သူများကလည်း စိတ်ပါဝင်စားစွာ စမ်းသပ်စိုက်ပျိုးလာကြသည်ဖြစ်ရာ ယခုအခါ ငရုတ်စိုက် တောင်သူ ၇၈ ဦး နှင့် ငရုတ်စိုက်ဧက ၂၁၀ ခန့် ရှိကြောင်း သိရသည်။

မယု(ငဖဲ)

---

## လှိုင်းဘွဲမြို့နယ်၌ အထက်တန်းနှင့်အလယ်တန်း ကျောင်းအုပ်ကြီးများအား စွမ်းရည်မြှင့်သင်တန်းပို့ချ

**လှိုင်းဘွဲ မတ် ၁၇**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် အထက်တန်းနှင့် အလယ်တန်း ကျောင်းအုပ်ကြီးများအား စွမ်းရည်မြှင့် မွမ်းမံသင်တန်းပို့ချခြင်းကို ယနေ့နံနက်က အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ပညာ့ပန်းဝတ်မှုန်ခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ သင်တန်းတွင် ကျောင်းလုပ်ငန်းနှင့် ပတ်သက်၍ စီမံခန့်ခွဲမှု၊ ပညာရေးလုပ်ငန်းနှင့် ဘဏ္ဍာရေးလုပ်ငန်းများကို မတ် ၁၇ ရက်မှ ၁၉ ရက်အထိ သင်ကြား ပို့ချပေးမည်ဖြစ်ပြီး အထက်တန်းနှင့် အလယ်တန်း ကျောင်းအုပ် ၅၅ ဦး တက်ရောက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# မြိတ်မြို့၌ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

မြိတ် မတ် ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပြည်သူ့ဆေးရုံ၌ ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးကို မတ် ၁၇ ရက်မှ စတင်ကာ ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်- ၁၉ ကာကွယ်ဆေးကို မြိတ်မြို့၌ စုစုပေါင်း ၅၀၀၀ ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ပထမဦးစွာ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများနှင့် မိသားစုဝင်များအား ထိုးနှံပေးလျက်ရှိပြီး သာသနာ့ဝန်ထမ်းဆရာတော်၊ သံဃာတော်၊ သီလရှင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများနှင့်မိသားစုများ၊ ပုဂ္ဂလိကဆေးရုံများမှ ဝန်ထမ်းများအား ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

မြိတ်မြို့ရှိ နိုင်ငံ့ဝန်ထမ်းများမှ စတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ တစ်နေ့လျှင် လူဦးရေ စုစုပေါင်း ၄၀၀ အား ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မိုင်းယုမြို့ ပြည်သူ့ဆေးရုံကို တစ်ပတ်လျှင် နှစ်ရက်ဖွင့်လှစ်၍ ဆေးကုသပေးလျက်ရှိ

မိုင်းယု မတ် ၁၇

ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဒေသ မိုင်းယုမြို့ ပြည်သူ့ဆေးရုံတွင် ယခုကာလအတွင်း တာဝန်ခံဆရာဝန်နှင့် သူနာပြုဆရာမများ မရှိသဖြင့် ပြည်သူ့ဆေးရုံကို လတ်တလောတွင် ခေတ္တဆရာဝန်တစ်ဦးနှင့် ကျန်းမာရေးဝန်ထမ်း ခြောက်ဦးတို့ဖြင့် ပြည်သူများ အဆင်ပြေစေရန် တစ်ပတ်လျှင် နှစ်ရက်သာ ဖွင့်လှစ်ပေး၍ ဆေးကုသပေးလျက်ရှိသည်။

အဆိုပါ ပြည်သူ့ဆေးရုံသည် ယခုကာလတွင် CDM ပြုလုပ်သည့် တာဝန်ခံဆရာဝန်နှင့် သူနာပြုဆရာ ဆရာမများ ရှိသဖြင့် ဆေးရုံကို ယာယီပိတ်ထားခဲ့ရပြီး မတ် ၁၅ ရက်မှစ၍ ဒေသခံပြည်သူများ ကျန်းမာရေးပြဿနာများ အခက်အခဲမရှိ အဆင်ပြေစေရန်အတွက် ခေတ္တဆရာဝန်တစ်ဦးနှင့် CDM တွင် မပါဝင်သည့် သူနာပြုဆရာ ဆရာမ သုံးဦး၊ အထွေထွေလုပ်သား နှစ်ဦးတို့ဖြင့် ရက်သတ္တတစ်ပတ်လျှင် တနင်္လာနှင့် သောကြာ နှစ်ရက်သာ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ပြည်သူ့ဆေးရုံကို ပြန်လည်ဖွင့်လှစ်၍ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရေးပေါ်လူနာများရှိလာပါက မိုင်းယောင်းမြို့နယ်ရှိ ပြည်သူ့ဆေးရုံသို့ စေလွှတ်ကုသပေးလျက်ရှိကြောင်းနှင့် CDM တွင် မပါဝင်သည့် ကျန်းမာရေး ဆရာမတစ်ဦးမှာ မိမိတာဝန်ကျရာ ကျေးရွာအုပ်စုအတွင်းတွင် ဆေးခန်းဖွင့်လှစ်၍ နေ့စဉ်ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လင်းလတ်

# CDM လှုပ်ရှားမှု မြန်မြန်အဆုံးသတ်မှ နိုင်ငံလည်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍပေါင်းစုံ နာလန်ပြန်ထူလာမယ်လို့မြင်တယ်

ဦးမြင့်ဦး

## အင်တာဗျူး – မြင့်မိုရ်

**ရန်ကုန် မတ် ၁၇**

လတ်တလော နိုင်ငံတစ်ဝန်း CDM ( Civil Disobedience Movement) လှုပ်ရှားမှု၊ ဆူပူအကြမ်းဖက်မှု အခြေအနေများနှင့် ပတ်သက်၍ ပြည်သူများအကြားသာမက ဝန်ထမ်းများအကြားပါ သွေးကွဲမှုများ ဖြစ်လာနေသည်။ CDM လှုပ်ရှားမှုသည် ဒီမိုကရေစီလမ်းစဉ်ကို ဆန့်ကျင်နေပြီး အဖျက်အမှောင့်လုပ်ရပ်များကိုသာ ဦးတည်နေသည်။ တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို မလိုလားသော လူတချို့က နိုင်ငံရေး အမြတ်ထုတ်၍ နိုင်ငံ့ဝန်ထမ်းများအား မက်လုံးပေး သွေးထိုးနေသည့် လုပ်ရပ်များကြောင့် နိုင်ငံတစ်ဝန်း အလုပ်လက်မဲ့နှုန်း မြင့်သထက် ပိုမိုမြင့်လာတော့မည်။ CDM လှုပ်ရှားမှုကို အကြောင်းပြုကာ ဝန်ထမ်းထု အကြား ဖြစ်ပေါ်ကြုံတွေ့နေမှုများအား ပြန်လည်မျှဝေရေးသား ဖော်ပြလိုက်ပါသည်။

### နွေးနွေးထွေးထွေးကြိုဆို

" ဟုတ်ကဲ့ ကျွန်မ ရုံးပြန်တက်နေတာ တစ်ပတ်ရှိပါပြီ။ CDM လှုပ်ရှားမှုမှာ ရောယောင်ပါသွားပြီး ရုံးပြန်တက်ရင် ရုံးက အရာရှိတွေနဲ့ သူငယ်ချင်း လုပ်ဖော်ကိုင်ဖက်တွေက နောက်ပြောင်ကြမယ် ထင်ခဲ့တာ။ တကယ်တော့ ဆရာတွေကရော၊ လက်ဖော်ကိုင်ဖက်တွေကပါ နွေးနွေးထွေးထွေးကြိုဆို ဆက်ဆံကြပါတယ်။ ကျွန်မဘဝမှာ နောင်တအကြီးကြီး ရရတော့မလို့။ တော်သေးတာပေါ့ ဝန်ထမ်းအစ်ကို တစ်ယောက်ကရော၊ အမေကပါ နင်တန်ဖိုးထားဖြစ်ချင်ခဲ့တဲ့ ဝန်ထမ်း အလုပ်ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီလားလို့ ကျွန်မကို မေးကြတယ်လေ။ သူတို့ အဲဒီလိုခဏခဏမေးလို့ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစား ကြည့်လိုက်မှ ဘာမှမဟုတ်ဘဲ ရောယောင်ပြီး သူများ CDM ဆို လိုက် CDM လိုက်တဲ့ ကျွန်မကိုကျွန်မ ပြန်တွေးမိတယ်။ တကယ်တော့ အွန်လိုင်းပေါ်မှာရော၊ လုပ်ဖော်ကိုင်ဖက် အချို့ရော၊ သူငယ်ချင်းတွေ ကပါ ဖုန်းတွေနဲ့ဆက်ပြီး CDM မလုပ်ဘူးလားဆိုပြီး ပြောကြလွန်းလို့ သာ CDM လှုပ်ရှားမှုထဲ ပါသွားခဲ့တာ။ ကျွန်မက ဘယ်ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမှ လည်း မရှိပါဘူး။

" အခု CDM လှုပ်ရှားမှုမှာ ပါဝင်သွားတဲ့ သူငယ်ချင်းအချို့ကတော့ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတွေ ရှိကြတယ်။ သူတို့ခံယူချက်နဲ့သူတို့ပါ။ ကျွန်မ ကျတော့ အဲဒီလောက်ကြီးအထိ အစွန်းမရောက်ဘူး။ ပြီးတော့ ခုကျွန်မ ဖြစ်တည်နေတဲ့ ဝန်ထမ်းဘဝကိုလည်း အတိုင်းအတာတစ်ခုအထိ ကျေနပ်ပါတယ်။ တချို့ CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့ ဝန်ထမ်းအချို့ဆို လုပ်သက်လည်းများ၊ အထိုက်အလျောက်လည်း လုပ်ငန်းကျွမ်းကျင်ကြတဲ့ အတွေ့အကြုံရင့်၊ ဝါရင့် ဝန်ထမ်းကြီးတွေပါကြတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်မကတော့ CDM လှုပ်ရှားမှုထဲ ပါဝင်သွားတဲ့ လုပ်ဖော်ကိုင်ဖက်တွေကို အလုပ်မဖြုတ်ခင် ကျွန်မလို ရုံးအမြန်ပြန်တက်စေချင်ပါတယ်" ဟု CDM လှုပ်ရှားမှုတွင် ပါဝင်ပြီး အမြင်မှန်ရကာ လုပ်ငန်းခွင် ပြန်လည် ဝင်ရောက်လာသော ဌာနတစ်ခုမှ ဒုကြီးကြပ်ရေးမှူး တာဝန် ထမ်းဆောင်နေသော ဒေါ်နီနီလှိုင် (အမည်လွှဲ) က ပြောသည်။

ယခုရက်ပိုင်းအတွင်း ဝန်ကြီးဌာနများမှ CDM လှုပ်ရှားမှုထဲ ပါဝင်သွားသော နိုင်ငံဝန်ထမ်းများမှာ နိုင်ငံရေးခံယူချက်၊ ပုဂ္ဂိုလ်စွဲ၊ ပါတီ အစွဲများကြောင့် စိတ်ခံစားမှုကို ရှေ့တန်းတင်ကာ နိုင်ငံရေးဆူပူ အုံကြွမှု ထဲပါဝင်သွားသူများရှိသကဲ့သို့ ဌာနတွင်း မကျေနပ်မှုများကြောင့်လည်း CDM လှုပ်ရှားမှုထဲ ပါဝင်သွားသူများရှိသည်။ ရောယောင်ကာ CDM လှုပ်ရှားမှုအတွင်း ပါဝင်သွားသူ ဝန်ထမ်းအချို့ ယခုအခါ ဌာနဆိုင် များတွင် ပြန်လည်အလုပ်ဝင်ရောက် လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

### ရုံးကယူထားတဲ့ ချေးငွေတွေကို ပြန်ဆပ်ကြရ

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ရုံးတစ်ခု တွင် ရုံးအုပ်တာဝန်ထမ်းဆောင်နေသော ဦးမြင့်ဦး (အမည်လွှဲ) ကလည်း "ခုရက်ပိုင်းအတွင်း ဦးတို့ရုံးမှာတော့ အထက်က CDM လှုပ်ရှားမှု မှာပါဝင်တဲ့သူတွေကို လစာထုတ်ပေးမပေးနဲ့၊ သူတို့အနေနဲ့ ဌာနအတွင်း ချေးယူထားတဲ့ ငွေတွေ ရှိ မရှိ တင်ပြရတာတွေ ရှိပါတယ်။ အထက်က ဘယ်လိုဆောင်ရွက်လဲတော့ မသိသေးဘူး။ တချို့ CDM လှုပ်ရှားမှုမှာ ပါဝင်သွားတဲ့ ဝန်ထမ်းအချို့က ငွေစု၊ ငွေချေး ကိစ္စရပ်တွေ ရှိနေသေး တယ်။ ပြီးတော့ နိုင်ငံတော်က ထုတ်ချေးထားတဲ့ နှစ်လစာ ချေးငွေ တွေလည်း ရှိနေတော့လည်း ဘယ်လိုဆုံးဖြတ်ကြမလဲတော့ မသိ သေးဘူး။ နေပြည်တော် ရုံးချုပ်ကနေ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ ညွှန်ကြားမှာပါ။ CDM လှုပ်ရှားမှုထဲ ပါဝင်တဲ့ ဝန်ထမ်းတွေရဲ့ စာရင်း ကတော့ တင်ထားပြီးပါပြီ။ CDM လှုပ်ရှားမှုမှာ ပါဝင်ကြတဲ့ ဝန်ထမ်း အချို့ဆို ရုံးက ငွေစုငွေချေးလည်းယူထား၊ ပြင်ပပုဂ္ဂလိက ဘဏ်တွေ ကလည်း ချေးငွေတွေယူထားကြတာတွေ ရှိတယ်။ အဲဒီအပေါ် မှာတော့ တချို့ရုံးတွေက CDM လှုပ်ရှားမှုပဲ ဆက်လုပ်သွားမယ်ဆို ရုံးကယူထားတဲ့ ချေးငွေတွေကို ပြန်ဆပ်ကြရတယ်ကြားတယ်။ ကျွန်တော်တို့ ရုံးကတော့ ဘယ်လိုမျိုး ညွှန်ကြားချက်တွေပေးမလဲ မသိသေး ပါဘူး။

"ကျွန်တော့်အမြင်ပြောရရင် ဒီ CDM လှုပ်ရှားမှုက ဌာနဆိုင်ရာ ဝန်ထမ်းတွေ အတော်လေးကို နစ်နာမှုတွေ များကြတယ်။ အထူးသဖြင့် CDM လှုပ်ရှားမှုမှာ ပါဝင်ကြတဲ့သူတွေပေါ့။ တချို့ CDM လှုပ်ရှားမှု လုပ်ကြတဲ့ သူငယ်ချင်းတွေ တစ်ဖက်က ထောက်ပံ့ငွေရကြတယ်။ တချို့ကျတော့လည်း မရကြဘူး။ မရတဲ့သူတွေဆို ရုံးဘက်ကလည်း လစာလာမထုတ်ရဲဘူးဆိုရင် သူတို့တစ်တွေ နှစ်ဖက်စလုံးမရကြတော့ အတော်လေးကို အခက်အခဲဖြစ်ကြတာ တွေ့ရတယ်။ အခုဆို ချေးငွေ တွေနဲ့ပတ်သက်ပြီး ကျွန်တော် ထောက်ခံပေးထားတဲ့ ဝန်ထမ်းနှစ်ဦး ရှိတယ်။ သူတို့နှစ်ဦးစလုံးက CDM လှုပ်ရှားမှုထဲ ပါသွားကြတော့ ဘယ်လိုတွေတောင် ဖြစ်မလဲမသိသေးဘူး။ ကျွန်တော် စိုက်လျော် ရမယ်ဆိုရင်လည်း ခုရတဲ့လစာနဲ့ မိသားစု တစ်လတစ်လ အလျဉ်မီ အောင် လုပ်နေရတာ။

### ဂိမ်းတွေဆော့နေကြတာထက် စာတွေများများဖတ်စေချင်တယ်

"အခုအချိန်က ပိုဆိုးတာပေါ့။ အခုဆို တိုင်းပြည်မငြိမ်မသက် ဖြစ်တာနဲ့ အလုပ်အကိုင်တွေကလည်း မရှိကြ။ ဒီကြားထဲ ဘဏ်တွေ ကလည်း ပိတ်ထားတော့ ပိုဆိုးကုန်တာပေါ့။ အခုဆို ကုန်ဈေးနှုန်း တွေကလည်း တက်လာတော့ အတော်လေးကို အခြေအနေက ယိမ်းယိုင်လာတယ်။ ဒီအချိန်မှာ လမ်းထွက်အော်နေတဲ့ ကလေးတွေ ကြည့်ပြီး နိုင်ငံအတွက် ပိုရင်လေးမိတယ်။ တိုင်းပြည်အနာဂတ်က တကယ်တော့ သူတို့လက်ထဲမှာလေ။ သူတို့တွေ အခုလို လမ်းပေါ်ထွက် ဆူပူဆန္ဒပြနေတာက ဘာအကျိုးမှ ထူးလာမှာမဟုတ်ဘူး။ ပြည်ပ နိုင်ငံရေး အမြတ်ထုတ်သူတွေက မြှောက်ပေးနေကြတာကို ဒီကမသိ နားမလည်တဲ့ လူငယ်တွေက အဟုတ်ထင်နေကြတာ။ အသက်ပေးလိုက် ရတာက ကလေးအရွယ်တွေ။ ကျွန်တော်ကတော့ လူငယ်တွေကို ဂိမ်းတွေဆော့နေကြတာထက် စာတွေများများ ဖတ်စေချင်တယ်။ ကျွန်တော့် အမြင်ပြောရရင် ဒီ CDM လှုပ်ရှားမှု မြန်မြန်အဆုံးသတ်မှ နိုင်ငံလည်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍပေါင်းစုံ နာလန် ပြန်ထူလာမယ်လို့မြင်တယ်" ဟု CDM လှုပ်ရှားမှုနှင့်ပတ်သက်၍ သူ၏ အမြင်ကို ဖွင့်ဟခဲ့သည်။

နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုကို အကြောင်းပြုကာ ဌာနအတွင်း ရပ်တည်ချက် ခိုင်မာမှုရှိသော ဝန်ထမ်းများရှိသလို၊ ဝေခွဲမရဖြစ် နေသည့် ဝန်ထမ်းများလည်း ရှိနေသည်ကို မြင်တွေ့နေရသည်။ တချို့ ဝန်ထမ်းများ CDM လှုပ်ရှားမှုထဲသို့ အပြီးဝင်ရောက်သွားသူများ ရှိသကဲ့သို့ အမြင်မှန်ရကာ ဌာနတွင်း ပြန်လည်ဝင်ရောက်လုပ်ကိုင် နေသူများလည်း ရှိနေသည်။ လူအမျိုးမျိုး စိတ်အဖုံဖုံ လွတ်လပ်စွာ ကွဲလွဲပိုင်ခွင့်ရှိသော်လည်း အမှားနှင့်အမှန် ဝေဖန်ခွဲခြားနိုင်သူများသာ ဘဝအေးချမ်းမှုကို ပိုင်ဆိုင်နိုင်ကြကြောင်း ရေးသားဖော်ပြလိုက် ရပါသည်။

---

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အတားအဆီးများရှင်းလင်းဖယ်ရှားစဉ် လူစုလူဝေးက ရန်ပြုအကြမ်းဖက်သဖြင့် ဖြိုခွဲထိန်းသိမ်းရာ အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် မတ် ၁၇**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူ လူစုလူဝေးများ အနေဖြင့် လမ်းများအား အကြောင်းမဲ့ပိတ်ဆို့တားဆီးခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လမ်းကြောင်းရှင်းလင်းရေး ဆောင်ရွက်စဉ်တွင် ရန်ပြုမှုများအား နေရာအနှံ့အပြားတွင် တွေ့ရှိလာရသည်။

၂၀၂၁ ခုနှစ် မတ် ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် ကလေးမြို့ တောင်ဖီလာရပ်ကွက် ကျန်စစ်သားလမ်းနှင့် တောင်ဖီလာလမ်းထောင့်တွင် အကြမ်းဖက်လူစုလူဝေး အင်အား ၃၀ ကျော်ခန့်သည် ကားလမ်းပေါ်တွင် အတား အဆီးများ ပြုလုပ်ခြင်းနှင့် ကားတာယာကွင်းများ အား အင်ဂျင်ဝိုင်လောင်း၍မီးရှို့ကာ အော်ဟစ်ဆူပူ ဆန္ဒပြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လူစုခွဲရန် အကြိမ်ကြိမ်သတိပေးသော်လည်း လိုက်နာမှုမရှိဘဲ ဆူပူအကြမ်းဖက်သူများအနေဖြင့် စိတ်ကြွ မူးယစ်ဆေးဝါးများ သုံးစွဲထားသူများ၏ ပုံသဏ္ဍာန်ကဲ့သို့ အဆင်အခြင်မဲ့စွာ ဆက်လက်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိ ရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့်အညီ တားမြစ်မှုများကို လိုက်နာမှုမရှိသဖြင့် အဓိကရုဏ်း နှိမ်နင်းရေးလက်နက်များအသုံးပြု လူစုခွဲရေးဆောင်ရွက် ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် လူစုကွဲသွားခဲ့သည်။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်ဆန္ဒပြသူ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရ သေဆုံးခဲ့ကြောင်း သိရှိရပြီး သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ သေမှုသေခင်းရေးဖွင့်ကာ လိုအပ်သည့် ရဲလုပ်ငန်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

---

## မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းသို့ မီးကွင်းပစ်ခတ်၍ အဆောက်အအုံ တစ်လုံး မီးလောင်ဆုံးရှုံး

**နေပြည်တော် မတ် ၁၇**

၂၀၂၁ ခုနှစ်၊ မတ် ၁၇ ရက် ညနေ ၄ နာရီကျော်ခန့်တွင် မြင်းခြံမြို့ အမှတ် (၁၃) ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ကျိုက်ထီးရိုး လမ်းထောင့်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်းမှ ဝါးကပ်မိုး၊ ထရံကာ အလျားပေ ၄၀၊ အနံ ၁၅ ပေ အကျယ်အဝန်းရှိသည့် အဆောက်အအုံ တစ်လုံး မီးလောင်နေကြောင်း သိရှိရသဖြင့် မီးသတ်ယာဉ် ၆ စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ရွာလူထုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးငြိမ်းသတ်ရာ ညနေ ၄ နာရီ ၅၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖော်ပြပါဖြစ်စဉ်အား စိစစ်ခဲ့ရာ မီးမလောင်မီအချိန်တွင် ဆိုင်ကယ်တစ်စီးနှင့် လူနှစ်ဦးသည် ၎င်းစာသင်ကျောင်း၏ အနီးပတ်ဝန်းကျင်သို့ ရောက်ရှိလာပြီး ၎င်းတို့လက်တွင် ကိုင်ဆောင်လာသော မီးကွင်းနှင့် ဓာတ်ဆီပုံးများအား မီးရှို့၍ ကျောင်းဝင်းအတွင်းသို့ ပစ်ခတ်ခဲ့ပြီး ဆိုင်ကယ် မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဝေးမှခြောက်လှန့်ပစ်ခတ် ခဲ့သည်။

အကြမ်းဖက်လုပ်ရပ်ကို လုပ်ဆောင်နေသူများအနေဖြင့် မီးကွင်းပစ်ခတ်၍ မီးရှို့ခြင်း၊ အဖျက် အမှောင့်လုပ်ရပ်များကို ပြည်သူလူထုအား မထောက်ထားမညှာတာဘဲ လုပ်ဆောင်နေမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးသတိပြုကာ ထိရောက်စွာတားဆီးထိန်းသိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# မြို့နယ်များရှိ အတားအဆီးများကို သွားလာရေးအဆင်ပြေရန်အတွက် ရှင်းလင်းဆောင်ရွက်

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အင်းစိန်လမ်းမပေါ်၌ နှောင့်ယှက်လိုသူများက ပိတ်ဆို့တားဆီးထားသော အတားအဆီးများကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများပါဝင်သော ပူးပေါင်းအင်အားဖြင့် ရှင်းလင်းနေမှုအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် ဒေါက်တာ ဇော်ဝင်းနှင့် ဦးအောင်နိုင်တို့ သွားရောက်ကြည့်ရှုသည်။

ထိုသို့ရှင်းလင်းရာတွင် လှိုင်မြို့နယ် အင်းစိန်လမ်းမကြီး (သီရိရတနာဈေးရှေ့မှ သုခလမ်းအထိ) အတားအဆီးများနှင့် လမ်းသွယ်များမှ အတားအဆီးများကို ရှင်းလင်းဖယ်ရှားပြီး တာဝန်ထမ်းဆောင်နေသူများအား ရပ်ကွက်နေအလှူရှင်ပြည်သူများမှ ရေသန့်၊ အချိုရည်၊ မုန့်နှင့်အသီးအနှံများ စေတနာထက်သန်စွာ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အလားတူ ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဗိုလ်မြတ်ထွန်းလမ်းနှင့် သိမ်ဖြူလမ်းကြား)၊ ဗိုလ်မြတ်ထွန်းလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းကြား) ရှိ အတားအဆီး (၅) ခုကို Loader (၁)စီး၊ Tipper ယာဉ် (၂) စီးဖြင့် သိမ်းဆည်း၍ ရန်ကုန်မြစ်ကမ်းဘေးသို့လည်းကောင်း၊ တာမွေမြို့နယ် ဗညားဒလလမ်း၊ ကျိုက္ကဆံလမ်း Y တံတားရှိ အတား အဆီးများကို Tipper ယာဉ် (၂) စီးဖြင့် သိမ်းဆည်း၍ ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ စွန့်ပစ်အမှိုက်ပုံသို့လည်းကောင်း၊ အလုံမြို့နယ် အလုံလမ်း (အောက်ကြည့်မြင်တိုင်လမ်းနှင့် ငုဝါလမ်းကြား) ရှိ အတားအဆီးများကို Loader (၁) စီး၊ Tipper (၂) စီးဖြင့် သိမ်းဆည်း၍ မင်းရဲကျော်စွာလမ်း အမှိုက်ပုံသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း (မင်းဓမ္မလမ်းနှင့် အင်းစိန်လမ်းကြား) ရှိ အတားအဆီးများကို Dozer (၁) စီး၊ မော်တော်ယာဉ် (၃) စီးဖြင့် သိမ်းဆည်း၍ ကျိုက်ဝိုင်းဘုရား ဘောလုံးကွင်းသို့လည်းကောင်း၊ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း၊ အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် အရှေ့ရွှေဂုံတိုင်လမ်း (သာသနာ့ရိပ်သာလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းကြား) ရှိ အတားအဆီးများကို ယာဉ် (၅) စီးဖြင့် သိမ်းဆည်း၍ သာသနာ့ရိပ်သာလမ်း အမှိုက်ကန်သို့လည်းကောင်း၊ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (ဗိုလ်အောင်ကျော်လမ်းနှင့် ပန်းဆိုးတန်းလမ်းကြား)၊ ဗိုလ်အောင်ကျော်လမ်းထိပ်၊ ၃၉ လမ်းထိပ်၊ ၃၈ လမ်းထိပ်၊ ၃၇ လမ်းထိပ် ပိတ်ဆို့



ထားသော အတားအဆီးများကို ယာဉ်(၅) စီးဖြင့် သိမ်းဆည်း၍လည်းကောင်း စွန့်ပစ်ခဲ့သည်။

ထို့ပြင် ရန်ကင်းမြို့နယ် ရန်ကင်းလမ်း၊ ရန်ရှင်းလမ်း၊ မိုးကောင်းလမ်း (သစ္စာလမ်းနှင့် အောင်ဇေယျလမ်းကြား)၊ ကမ္ဘာအေးဘုရားလမ်း၊ ပါရမီလမ်း၊ မြောက်မြင်းပြိုင်ကွင်းလမ်း၊ စက်မှု (၁) လမ်း (ဗဟိုဘဏ်)ရှေ့ရှိ သံဆူးကြိုးဂိတ်များ၊ သဲအိတ်များ၊ မြေကြီး အိတ်များ၊ အုတ်ခဲကျိုးများ၊ သစ်တိုသစ်စ၊ ကျောက်ခဲများ၊ ကားတာယာအဟောင်းများ၊ ဝါးကပ်များ၊ ဝါးလုံးများ၊ မဆလာဖျော်စက်အဟောင်းများ၊ သွပ်ပြားများ၊ သံဖရိန်တန်းများဖြင့် စုစုပေါင်း (၄၁) နေရာတွင် ပိတ်ဆို့ထားရာ ပူးပေါင်းရှင်းလင်းအဖွဲ့မှ ရှင်းလင်းဆောင်ရွက်ခဲ့သဖြင့် မော်တော်ယာဉ်များနှင့် လမ်းအသုံးပြုသူ ပြည်သူများသွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၂၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၇**

တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၂၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးပမာဏအများအပြား သယ်ဆောင်ရောင်းဝယ်မည်ဖြစ်ကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် မတ် ၁၆ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ဟုတ်ကျေးရွာအနီးတွင် မော်ဖြိုး (ခ) ကိုဖြိုး (၄၄)နှစ် မောင်းနှင်လာသည့် Mark II မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ငွေကျပ် သိန်း ၂၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ၅၀၀,၀၀၀ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ပိုင်ရှင် အိုက်မန်း နေထိုင်သည့် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်၊ ဝမ်လုံ ကျေးရွာရှိ နေအိမ်ကို ညနေ ၅ နာရီခွဲတွင် ပူးပေါင်းအဖွဲ့မှ ဝင်ရောက်ရှာဖွေရာ အိုက်မန်း (၃၇) နှစ်မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကောလင်းမြို့နယ် ခံသာနယ်မြေရဲစခန်းကို လူစုလူဝေးများက အကြမ်းဖက်ဝင်ရောက်စီးနင်းတိုက်ခိုက်

**နေပြည်တော် မတ် ၁၇**

ကောလင်းမြို့နယ် ခံသာနယ်မြေရဲစခန်းကို လူစုလူဝေးများက အကြမ်းဖက် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်အရ ကောလင်းမြို့နယ်၊ ညောင်ပင်သာ၊ ရှမ်းကုန်းနှင့် ကည္ဍွတ်အင်းကျေးရွာတို့မှ ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၁၀၀ ခန့်သည် ယမန်နေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် တုတ်၊ ဓား၊ တူမီး သေနတ်များ ကိုင်ဆောင်ကာ ခံသာရဲကင်း စခန်းအား လာရောက်ရန်ပြု အကြမ်းဖက်တိုက်ခိုက်ခဲ့ကြကြောင်း။

**ပြန်လည်ပစ်ခတ်မှုမရှိ**

ထိုသို့ လာရောက်ရန်ပြု အကြမ်းဖက် တိုက်ခိုက်ချိန်တွင် ရဲကင်းစခန်း၌ တပ်ဖွဲ့ဝင်အင်အား နည်းပါးသော်လည်း ကိုယ်စီ တပ်ဆင်ပေးထားသော မောင်းပြန်ရိုင်ဖယ်များဖြင့် ပြန်လည်ခုခံပစ်ခတ်ပါက မလိုလားအပ်သော ထိခိုက်သေကျေ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်စေနိုင်သည့် အတွက် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်မှုမရှိဘဲ လက်နက်ခဲယမ်းအချို့ကို လုံခြုံသောနေရာတွင် သိမ်းဆည်းထားရှိခဲ့ပြီး အကြမ်းဖက်လူအုပ်စုနှင့် ကင်းလွတ်ရာသို့ တိမ်းရှောင်ခဲ့ရကြောင်း။

ရဲကင်းစခန်းကို အကြမ်းဖက် တိုက်ခိုက်ခံရသည်ကို သတင်းရရှိချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေကို ထိန်းသိမ်းနိုင်ရန် အတွက် သွားရောက်ခဲ့ရာ ည ၁၂ နာရီ ၅၅ မိနစ်ခန့်တွင် ရဲကင်းစခန်းသို့ ရောက်ရှိခဲ့ပြီး တပ်ဖွဲ့ဝင် ၂ ဦးကို ရှာဖွေတွေ့ရှိရကာ တစ်ဦးတွင် ဦးခေါင်းထိပ်၊ ယာပုခုံး၊ လက်ခွကြား ပြတ်ရှဒဏ်ရာများ ရရှိထား၍ ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ရဲကင်းစခန်းအကြမ်းဖက် တိုက်ခိုက်ခံရမှု ဖြစ်စဉ်တွင် တပ်ဖွဲ့ဝင်များ သိမ်းဆည်းထားရှိခဲ့သည့် လက်နက် ခဲယမ်းများအနက် သေနတ် ၁ လက်နှင့် ဆက်စပ်ခဲယမ်း အချို့ပျောက်ဆုံးလျက်ရှိသဖြင့် ဆက်လက်ရှာဖွေလျက်ရှိကြောင်း။

**ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်**

ဖြစ်စဉ်၌ ရဲကင်းစခန်းကို အကြမ်းဖက် ရန်ပြုတိုက်ခိုက်ရာတွင် ဦးဆောင်ပြုလုပ်ခဲ့သူ ကျောက်ပုထိုးကျေးရွာနေ သာရိန်၊ ဖိုးဇော်နှင့် ခံသာကျေးရွာနေ ဝင်းဗိုလ်တို့ ၃ ဦးကို ဖမ်းဆီးရမိခဲ့ကာ ပူးပေါင်းပါဝင်သူများအား ဖော်ထုတ်အရေးယူနိုင်ရေး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ယနေ့ နံနက် ၉ နာရီတွင် ခံသာရဲကင်းစခန်း၌ လုံခြုံရေးဖြည့်တင်း ဆောင်ရွက်နိုင်ရန်အတွက် ထွက်ခွာလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို သွားရောက်ခေါ်ဆောင်သည့် ဒုရဲမှူးဦးစီး လုံခြုံရေးအဖွဲ့ဝင်များသည် ကောလင်းမြို့နယ်၊ ခံသာကျေးရွာနှင့် ကျောက်တန်းကျေးရွာ လမ်းဆုံအရောက်၌ ခံသာကျေးရွာဘက်မှ ကျောက်တန်းကျေးရွာဘက်သို့ သိန်းဇော် (၄၇) နှစ် (ဘ) ဦးအောင်ဒင်နှင့် ညိုလင်း (၃၉) နှစ် (ဘ) ဦးမောင်ငွေ တို့သည် ဓားရှည်ကိုယ်စီ လွယ်လျက် ဆိုင်ကယ် မောင်းနှင်လာသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော စုံစမ်းမေးမြန်းမှုများ ဆောင်ရွက်နိုင်ရန်အတွက် တားဆီးစဉ် ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

စီမံဆောင်ရွက်ပေးသည်။ ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၃၄၂၆ ဦး၊ အသေးစားခွဲစိတ် ကုသရန်လိုအပ်သူ ၁၈၂၅ ဦး စုစုပေါင်း ၅၂၅၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံ အသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၉၁၁ ဦးကိုခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၉၃၇ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၄၈၄၈ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကိုသက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံ တက်ရောက်ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မီလန်အိမ်ကွင်းမှာ ရလဒ်ကောင်းပိုင်ဆိုင်ပြီး မန်ယူအသင်း နောက်တစ်ဆင့် တက်လှမ်းသွားမလား

■ မိုးဇက် - စုစည်းသည်



ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးမှာ ယူရိုပါလိဂ် ၁၆ သင်း အဆင့် ဒုတိယအကျော့ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါအဆင့်မှာ နာမည်ကြီး အသင်းများ ဖြစ်တဲ့ မန်ယူ၊ စပါး၊ ရိုးမား၊ အေစီမီလန်၊ အာဆင်နယ်၊ အိုင်းယက်စသည့် အသင်းများ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ်ကောင်းပါတယ်။ ဒါကြောင့် ဘယ်အသင်းက ဒုတိယအကျော့မှာ ရလဒ်ကောင်းပိုင်ဆိုင်ပြီး နောက်တစ်ဆင့်တက်ရောက်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### အေစီမီလန် VS မန်ယူ

ပ_ကျော့ရလဒ် မန်ယူ ၁-၁ အေစီမီလန်

ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် အေစီမီလန်အသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်ကို မတ် ၁၉ ရက် နံနက် ၂ နာရီခွဲမှာ မီလန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့မှာ ပြတ်သားတဲ့ရလဒ် ထွက်ပေါ်ထားခြင်းမရှိတာကြောင့် ယခုဒုတိယအကျော့ပွဲစဉ်က အဆုံးအဖြတ်ပွဲစဉ်ဖြစ်လာမှာပါ။ မီလန်အသင်းက ပြီးခဲ့တဲ့ နာပိုလီအသင်းနဲ့ပွဲစဉ်မှာ ရှုံးနိမ့်ထားပါတယ်။ မန်ယူအသင်းက ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိထားပါတယ်။ မည်သို့ပင်ဆိုစေ ယနေ့ပွဲစဉ်မှာ နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရောက်နိုင်ရေးအတွက် အားစိုက်ကစားလာမှာ သေချာပါတယ်။ အေစီနဲ့ မန်ယူအသင်းတို့တွေ့ဆုံတိုင်း အပြန်အလှန် သွင်းဂိုးတွေမြင်တွေ့ရတတ်လေ့ရှိပါတယ်။ မန်ယူတို့တက်နိုင်ပါတယ်။

### အာဆင်နယ် VS အိုလံပီယာကော့စ်

ပ_ကျော့ရလဒ် အိုလံပီယာကော့စ် ၁-၃ အာဆင်နယ်

အာဆင်နယ်အသင်းနဲ့ အိုလံပီယာကော့စ်တို့ပွဲစဉ်ကို မတ် ၁၉ ရက် နံနက်အစောပိုင်းမှာ အိုလံပီယာကော့စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းက ပြီးခဲ့တဲ့နှစ်ပွဲမှာ နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းထက်မြက်နေပါတယ်။ အိုလံပီယာကော့စ်အသင်းက ပြီးခဲ့တဲ့နှစ်ပွဲမှာ တစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းတည်ငြိမ်မှုမရှိပါဘူး။ ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့ အိုလံပီယာကော့စ်အိမ်ကွင်းမှာ အာဆင်နယ်အသင်းက ဂိုးပြတ်အနိုင်ရရှိထားတာကြောင့် နောက်တစ်ဆင့်တက်ဖို့ အခြေအနေကောင်းပိုင်ဆိုင်ထားပါတယ်။ ဒါ့အပြင် ယခုပွဲစဉ်ကလည်း အာဆင်နယ်အိမ်ကွင်းမှာဖြစ်တာကြောင့် အိုလံပီယာကော့စ် အသင်းအနေနဲ့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်နည်းသွားပါပြီ။

### ဒိုင်နမိုဇာဂရက် VS စပါး

ပ_ကျော့ရလဒ် စပါး ၂-၀ ဒိုင်နမိုဇာဂရက်

ဒိုင်နမိုဇာဂရက်အသင်းက ယူရိုပါလိဂ် ပထမအကျော့မှာ စပါးအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ထားပေမယ့် ပြီးခဲ့တဲ့ ခရိုအေးရှားလိဂ်မှာ ဗာရက်ဒင်အသင်းကို ငါးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားတာ တွေ့ရပါတယ်။ စပါးအသင်းက ပြီးခဲ့တဲ့ အာဆင်နယ်အသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ ယခုပွဲစဉ်က ဒိုင်နမိုဇာဂရက် အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် စပါးအသင်းအနေနဲ့ အခက်တွေ့ဖွယ်ရှိပါတယ်။ ဇာဂရက်အသင်းက ပြီးခဲ့တဲ့ အိမ်ကွင်း လေးပွဲမှာ လေးပွဲစလုံးအနိုင်ရရှိထားပါတယ်။ စပါးအသင်းကလည်း ဟယ်ရီကိန်း၊ ဘေးလ်တို့ ခြေစွမ်းပြနေတာကြောင့် နောက်တစ်ဆင့် တက်ရောက်နိုင်ရေးအတွက် အားစိုက်ကစားမှာပါ။ ဒိုင်နမိုဇာဂရက် အသင်းအနေနဲ့ နိုင်ဖွယ်ရာရှိပေမယ့် စပါးအသင်း တက်မယ်။

### ယန်းဘွိုင်းစ် VS အိုင်းယက်စ်

ပ_ကျော့ရလဒ် အိုင်းယက်စ် ၃-၀ ယန်းဘွိုင်းစ်

ယန်းဘွိုင်းစ်အသင်းနဲ့ အိုင်းယက်စ်အသင်းတို့ပွဲစဉ်ကို မတ် ၁၉ ရက် နံနက်အစောပိုင်းမှာ ယန်းဘွိုင်းစ်အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ယန်းဘွိုင်းစ်အသင်းက ပြီးခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲရှုံးနိမ့်ပြီး လေးပွဲ သရေကျထားတာကြောင့် ခြေစွမ်းက အားရစရာမရှိပါဘူး။ အိုင်းယက်စ်အသင်းက ပြီးခဲ့တဲ့ ၂၁ ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ၁၈ ပွဲအထိ နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းထက်မြက်နေပါတယ်။ ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့ အိုင်းယက်စ်အိမ်ကွင်းမှာ အိုင်းယက်စ်အသင်းက သုံးဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိထားတာကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ အခြေအနေကောင်းတစ်ခုပိုင်ဆိုင်ထားတာဖြစ်ပါတယ်။ ယန်းဘွိုင်းစ်အသင်းက လက်ရှိမှာ ခြေစွမ်းကျဆင်းနေတာကြောင့် အိုင်းယက်စ်အသင်း တက်မယ်။

### ရိန်းဂျား VS ပရော့ဂ်

ပ_ကျော့ရလဒ် ပရော့ဂ် ၁-၁ ရိန်းဂျား

ရိန်းဂျားနဲ့ ပရော့ဂ်အသင်းတို့ပွဲစဉ်ကို မတ် ၁၉ ရက် နံနက် ၂နာရီခွဲမှာ ရိန်းဂျားအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဂျရတ်တာဝန်ယူကိုင်တွယ်နေတဲ့ ရိန်းဂျားအသင်းက စကော့တလန်လိဂ် ၃၂ ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ အမှတ်ပေးဇယားကို ပူပူနွေးနွေးဆွတ်ခူးထားတဲ့အသင်းဖြစ်ပါတယ်။ ပထမအကျော့ ပရော့ဂ်အိမ်ကွင်းမှာ တစ်ဖက်တစ်ဂိုးစီ သရေကျထားပေမယ့် ရိန်းဂျားအသင်းက အဝေးဂိုး တစ်ဂိုးရရှိထားပါတယ်။ ပရော့ဂ်အသင်းက ယနေ့ပွဲစဉ်မတိုင်မီ လိဂ်ပွဲတစ်ပွဲကစားထားရတာကြောင့် ပွဲပန်းနေနိုင်ပါတယ်။ ရိန်းဂျားအသင်းက ကြားပွဲကစားထားရခြင်းမရှိတာကြောင့် ပရော့ဂ်အသင်းထက် နားရက်ပိုရထားပါတယ်။ ဂျရတ်ရဲ့ ရိန်းဂျားအသင်း နောက်တစ်ဆင့်တက်မယ်။

### ရှက်တာဒိုးနက် VS ရိုးမား

ပ_ကျော့ရလဒ် ရိုးမား ၃-၀ ရှက်တာဒိုးနက်

ရှက်တာဒိုးနက်နဲ့ ရိုးမားအသင်းတို့ပွဲစဉ်ကို မတ် ၁၉ ရက် နံနက်အစောပိုင်းမှာ ရှက်တာဒိုးနက်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ရှက်တာဒိုးနက်အသင်းရဲ့ ခြေစွမ်းက ပြီးခဲ့တဲ့ နှစ်ပွဲမှာ တစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ထားတာကြောင့် ပုံမှန်မရှိပါဘူး။ ရိုးမားအသင်းကလည်း ပြီးခဲ့တဲ့နှစ်ပွဲမှာ တစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ထားတာကြောင့် ပုံမှန်မရှိပါဘူး။ ဒါပေမယ့် ဒီနှစ်သင်းဆုံတွေ့ခဲ့တဲ့ ပထမအကျော့ ရိုးမားအိမ်ကွင်းမှာ ရိုးမားအသင်းက သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားတာကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ အားသာနေပါတယ်။ ယခုပွဲစဉ်က ရှက်တာဒိုးနက်အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် ရိုးမားအသင်းကို နိုင်ဖွယ်ရာရှိသော်လည်း နောက်တစ်ဆင့်ကို ရိုးမားအသင်း တက်မယ်။

## နောက်ဆုံးရ သတင်းတိုများ

- ■ အသက် (၃၆နှစ်) အရွယ် ပေါ်တူဂီတိုက်စစ်မှူး စီရော်နယ်ဒိုသည် ယခုနှစ်နွေရာသီတွင် ဂျူဗင်တပ်စ်အသင်းမှ ထွက်ခွာဖြစ်ခဲ့ပါက ရီးရဲမက်ဒရစ်အသင်းထက် မန်ယူအသင်းသို့သာ ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိကြောင်း အီတလီသတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။ စီရော်နယ်ဒိုသည် ယခုနှစ်ရာသီ စီးရီးအေတွင် ၂၃ ပွဲကစားပြီး ၂၃ ဂိုးသွင်းယူပေးထားသည်။

- ■ ဂျူဗင်တပ်စ်အသင်းသည် အသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား ဒိုင်ဘာလာကို ဘာစီလိုနာအသင်းမှ ဂရစ်မန်းနှင့် အလဲအထပ်ပြုလုပ်ဖွယ်ရှိကြောင်း သိရသည်။

- ■ မန်ယူအသင်းသည် အသက် (၂၃နှစ်) အရွယ် ဖီအိုရင်တီးနားအသင်းမှ နီကိုလာ မီလန်ကိုဗစ်ကို ခေါ်ယူရန်အတွက် အဆိုပါကစားသမား၏ အေးဂျင့်နှင့် ဆက်သွယ်မှုပြုလုပ်လိုက်ကြောင်း အီတလီအခြေစိုက်သတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။




- ■ အဲဗာတန်နှင့် အင်္ဂလန်ဂိုးသမား ဂျော်ဒန်ပစ်ဖို့သည် ယခုလအတွင်း ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ သုံးပွဲကို ဒဏ်ရာကြောင့် လွဲချော်ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

- ■ ဘာစီလိုနာအသင်းသည် မန်ယူအသင်းက ခေါ်ယူရန် ချိတ်ဆက်ခြင်းခံနေရသော ဒမ်ဘီလီ (၂၃နှစ်) ကို စာချုပ်သစ်နှင့် ပတ်သက်ပြီး ကမ်းလှမ်းရန် အဆင်သင့်ဖြစ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

- ■ ဆောက်သမ်တန်အသင်းမှ ချီအဒမ်စ်ကို ယခုလတွင် ကျင်းပမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အတွက် စကော့တလန် ကစားသမားစာရင်းတွင် နည်းပြ စတိဗ် ကလာကီက ခေါ်ယူခဲ့ကြောင်း သိရသည်။

# ဆူပူအော်ဟစ်ဆန္ဒပြမှုနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ဖြိုခွဲထိန်းသိမ်း



**နေပြည်တော် မတ် ၁၇**

နိုင်ငံတော်အတွင်း လူစုလူဝေးများအနေဖြင့် သာမန်ဆန္ဒပြမှုမှ ဆူပူဆန္ဒပြခြင်း၊ ဆူပူဆန္ဒပြရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုခြင်း၊ လူပုဂ္ဂိုလ်ဆိုင်ရာအငြိုးအတေးများကို အခြေခံ ၍ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ စက်ရုံအလုပ်ရုံများ၊ လုံခြုံရေးစခန်းများအား မီးကွင်းပစ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ပစ္စည်းများ လုယူခြင်းနှင့် ရဲကင်းစခန်းများအား အသိဉာဏ်ဆင်ခြင်တုံ တရားကင်းမဲ့စွာ ဝင်ရောက်စီးနင်းရန် ကြံစည်အားထုတ်နေမှုများကို တွေ့ရှိနေရသည်။

ယနေ့တွင် မြို့နယ်အချို့၌ ဆူပူအော်ဟစ် ဆန္ဒပြမှုနှင့် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲထိန်းသိမ်းခဲ့ရပြီး ဖြစ်စဉ်များတွင် ပါဝင်သူ အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ၅ ဦး၊ စုစုပေါင်း ၄၈ ဦးတို့ကို ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

ဖော်ပြပါကဲ့သို့ ဆူပူအကြမ်းဖက်မှု ပုံသဏ္ဌာန်ဖြင့် ဆောင်ရွက်နေမှုများသည် လူငယ်ထုကို ဇဟိုပြုမြှောက်ပင့် ဆောင်ရွက်နေကြပြီး နောက်ကွယ်မှ စေခိုင်းသူများအနေဖြင့် အန္တရာယ်လွတ်ကင်းသောနေရာတွင် ပုန်းခိုကာ အခြားသော အထောက်အပံ့များကို အေးချမ်းသာယာစွာ ခံစားနေထိုင်နေကြသည်ကို တွေ့မြင်ကြားသိနေရသဖြင့် အချို့သော လူငယ်ထုအနေဖြင့် ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် ယခင်ကထက်ပါဝင်လာမှု လျော့နည်း လာသည်ဟု နိုင်ငံအရေးလေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူအကြမ်းဖက်ဆန္ဒပြ လူစုလူဝေးများက လမ်းမများပေါ်တွင် ပိတ်ဆို့ထားသော အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်း

**နေပြည်တော် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူအကြမ်းဖက် ဆန္ဒပြလူစုလူဝေးများက လမ်းမများပေါ်တွင် ပိတ်ဆို့ထားသော အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းခဲ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း စမ်းချောင်းမြို့နယ်၊ မြေနီကုန်း တောင်ရပ်ကွက်၊ ဗားကရာလမ်းနှင့် ဒဂုံစင်တာရှေ့၊ ကြည့်မြင်တိုင်နှင့် လှိုင်သာယာ အနောက်မြို့နယ်များအတွင်းရှိ လမ်းမများပေါ်တွင် ဆူပူအကြမ်းဖက် လူစုလူဝေးများမှ အများပြည်သူသွားလာ၍ မရစေရန်၊ မီးဘေးအန္တရာယ်အတွက် မီးငြိမ်းသတ်ရန် သွားရောက်မည့် မီးသတ်ယာဉ်များ သွားလာ၍မရစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့များ အလွယ်တကူ သွားလာ၍ မရစေရန် စသည့် ရည်ရွယ်ချက်အမျိုးမျိုး ဖြင့် လမ်းမများပေါ်တွင် တာယာကွင်းများ၊ သဲအိတ်များ၊ သစ်ကိုင်းများ၊ အုတ်ခဲကျိုးများ၊ သံချောင်းများ အစရှိသည့် ပစ္စည်းမျိုးစုံကို အသုံးပြုကာ လမ်းပိတ်ဆို့ထားရှိမှုများကို ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ဖော်ပြပါကဲ့သို့ ဆောင်ရွက်နေမှုများသည် စည်ပင်သာယာရေး ဥပဒေအရသော်လည်းကောင်း၊ ရာဇသတ်ကြီးဥပဒေအရသော်လည်းကောင်း ဥပဒေနှင့် ငြိစွန်းလျက်ရှိနေကြသည်ကို ဂရုမပြုဘဲ "အများနှင့် လုပ်ဆောင်ပါက အရေးယူ၍မရနိုင်" ဆိုသည့် အတွေးအခေါ် အယူအဆ အမှားများကို သွေးထိုးလှုံ့ဆော်ရိုက်သွင်းကာ နိုင်ငံတော်ဆန့်ကျင်ရေးကို ဆောင်ရွက်နေကြကြောင်း။

ထိုကဲ့သို့ လမ်းပိတ်ဆို့ထားသည့် အတားအဆီးများရှိနေခြင်းအား လက်မခံနိုင်သည့် လုံခြုံတည်ငြိမ်အေးချမ်းသာယာရေးကို လိုလားကြသည့် ပြည်သူလူထုများ၏ တောင်းဆိုမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ အချို့သောနေရာများတွင် ပြည်သူလူထုအချို့က ၎င်းတို့၏ သဘောဆန္ဒဖြင့် ပူးပေါင်းပါဝင်ကာ လမ်းပိတ်ဆို့ထားသည့် အတားအဆီးများကို ယာဉ်/ယန္တရားများဖြင့် ရှင်းလင်းခြင်းကို ယနေ့တွင် စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၇**

နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိသည်။

**မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ရှိ ကျောက်ရစ်ရဲကင်းစခန်းအား မသမာသူတချို့က မီးကွင်းပစ် ကျွန်းလှ-ကောလင်း ကားလမ်းပေါ်ရှိ ဒေါင်းမြူးချောင်းကူးတံတားကို မီးရှို့ဖျက်ဆီး

**နေပြည်တော် မတ် ၁၇**

ပြည်သူလူထု၏ အေးချမ်းသာယာစွာ နေထိုင်စားသောက်မှုကို မလိုလားသည့် မသမာသူတို့အနေဖြင့် နောက်ကွယ်မှ သွေးထိုးစည်းရုံးလှုံ့ဆော်မှုများဖြင့် လမ်းမပေါ်သို့ လူအုပ်စုများ ရောက်ရှိအောင် ဆူပူအကြမ်းဖက်မှုများ မဖြစ်ဖြစ်အောင်ဆောင်ရွက်ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရန်ပြု၍ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုများနှင့် ရဲတပ်ဖွဲ့စခန်းများသို့ စီးနင်းဝင်ရောက် အကြမ်းဖက်ရန်ပြုခြင်း၊ မီးရှို့ခြင်းများကို တစ်နေ့တခြား ပိုမိုတိုးမြှင့်လုပ်ဆောင်လာသည်ကို တွေ့ရှိရသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ မတ် ၁၆ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်ရစ်နယ်မြေရဲကင်းစခန်းကို အကြမ်းဖက်သူတစ်ဦးက ခြံစည်းရိုးအပြင်ဘက်မှ ဓာတ်ဆီဆွတ်ထားသည့် မီးကွင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့သည်။ ထိုသို့လုပ်ဆောင်လာသူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရော်ဘာကျည်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ မီးကွင်းလာရောက်ပစ်ခတ်သူ ကျောက်ရစ်ကျေးရွာနေ မြင့်ဇော်ဦး (၃၉ နှစ်) (ဘ) ဦးငွေဌေး အား ဖမ်းဆီးရမိခဲ့ပြီး တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့ နံနက် ၁ နာရီခန့်တွင်လည်း ကျွန်းလှမြို့နယ် ကျွန်းလှ-ကောလင်း ကားလမ်း မိုင်တိုင် အမှတ် ၃၄ နှင့် ၃၅ ကြားရှိ ဒေါင်းမြူးချောင်း သစ်သားဘေလီတံတားကို တုတ်၊ ဓားများကိုင်ဆောင်ထားသော မသမာသူလူတစ်စုက ကားတာယာများ၊ အမှိုက်များဖြင့် စုပုံမီးရှို့ဖျက်ဆီးခဲ့ကြောင်း။ **(အောက်ပုံ)** ထိုသို့ မီးရှို့မှုကြောင့် တံတားကြမ်းခင်းနှင့် သစ်သားဘောင်များ မီးလောင်ပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရနိုင်တော့သဖြင့် ကန့်ဘလူခရိုင်လမ်းဦးစီးဌာနမှ အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းကြောင်းများကို ပိတ်ဆို့စေရေး၊ ဆက်သွယ်မှုပြတ်တောက်အောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ် ကျူးလွန်သူများကို ဥပဒေနှင့်အညီ စိစစ်ဖော်ထုတ် အမှုဖွင့်လှစ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# အောင်မြေသာစံမြို့နယ်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက အပြစ်မဲ့ပြည်သူများကို ဝိုင်းဝန်းရိုက်နှက်

**နေပြည်တော် မတ် ၁၇**

မြန်မာနိုင်ငံအတွင်း အချို့မြို့ကြီးများတွင် ဆန္ဒပြမှုများဖြစ်ပွားလျက်ရှိပြီး ၎င်းဆန္ဒပြသူများအနက် အချို့သောလူပုဂ္ဂိုလ်များသည် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှုနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လုံခြုံမှုကို ထိခိုက်စေရန်ရည်ရွယ်၍ ၎င်းတို့ကို ထောက်ခံဝန်းရံခြင်းမရှိသူများကို သတင်းပေးများအဖြစ် စွပ်စွဲခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေသည်အထိ တရားမဲ့ပြုကျင့်ခြင်း၊ နေအိမ်အဆောက်အဦနှင့် ယာဉ်များအား ဖျက်ဆီးခြင်းတို့ကို အုပ်စုဖွဲ့ ၍ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ မတ် ၁၆ ရက် ည ၁၁ နာရီခွဲခန့်တွင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ် ၈၉ လမ်း၊ ၁၁ လမ်းနှင့် ၁၂ လမ်းကြားနေ ဦးဆန်းမော် (၆၀) နှစ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းပေးဟုစွပ်စွဲကာ ဆူပူအကြမ်းဖက်သူအင်အား ၁၀၀ ခန့်က နေအိမ်ကို ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ လေးခွများ၊ ကုံးသီးများဖြင့် ပစ်ခတ်ခြင်း၊ အိမ်နံရံကျောက်ပြားများ ကွဲကြေအောင် ထုရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် ၎င်းပိုင်ဆိုင်သည့် INSIGHT အမျိုးအစား မော်တော်ယာဉ်၏ မှန်များနှင့်ကိုယ်ထည်များ ရိုက်ခွဲဖျက်ဆီးခဲ့သည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသဖြင့် အိမ်နီးချင်းဖြစ်သည့် ဦးမိုးခိုင်က ဝင်ရောက်တောင်းပန်ဖျန်ဖြေခဲ့သော်လည်း ဆူပူအကြမ်းဖက်ဆန္ဒပြသူများက ၎င်းအား ကြိုးတုပ်ခေါ်ဆောင်သွားခဲ့သည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်နေကြောင်း သိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဆူပူအကြမ်းဖက်သူများ အနက်မှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူများ၏ လုပ်ရပ်ကြောင့် ဦးဆန်းမော်တွင် ဦးခေါင်း ပေါက်ပြဲဒဏ်ရာ (၁)ချက်၊ ဇနီးဖြစ်သူ ဒေါ်သန္တာ၏ ဝဲဘက်ခြေထောက်နာကျင် ဒဏ်ရာ(၁)ချက်၊ ဒေါ်သန္တာ၏ တူမဝမ်းကွဲတော်စပ်သူ မသန်းသန်းကြွယ်၏ အပေါ်သွားကျိုး ဒဏ်ရာ (၁) ချက်နှင့် ဦးမိုးခိုင်ဦးခေါင်းတွင် ဓားခုတ်ဒဏ်ရာ ၁ ချက်၊ ဝဲဘက်ကျောတွင် ဂျင်ကလိစိုက်ဝင်ဒဏ်ရာ ၃ ချက်စသည့် ဒဏ်ရာများရရှိခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိစစ်သည်အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များ အလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်း၊ အရုဏ်ဆွမ်း ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နှင့် ကလေးမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ စုစုပေါင်း ၅ ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ COVID- 19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နှင့် ကလေးမြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန် မြို့နယ်တို့ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၁၂ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းနှင့် အရုဏ်ဆွမ်းများ ကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများ က သွားရောက်၍ ဆက်ကပ် လှူဒါန်းကြသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ မြို့သစ်ရပ်ကွက်ရှိ ကြည်သာအေးမြ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တကောသလ္လအမှူးပြုသော သံဃာတော်များအား မတ် ၁၆ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များက အဆိုပါကျောင်းတိုက်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



၎င်းအပြင် မွန်ပြည်နယ် မော်လမြိုင်မြို့ မြဆည်းဆာဘိုးဘွားရိပ်သာနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်များရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဘိုးဘွားများအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ်မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆေးရုံများ၌ တပ်မတော် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်


## စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် ခရိုင်ကြီးကြပ်ရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်အတွင်း ခွဲဝေထားရှိသော အရေးပေါ်ရိက္ခာစားအုန်းဆီ 18 Liter စားအုန်းဆီပုံး (၉.၈ ပိဿာ)ဆံ့ (၄၁၇၀)ပုံးနှင့် 2.9Liter စားအုန်းဆီ (၉.၈ပိဿာ) ဆံ့(၃၃၂၅)ဂျပ်ဖာအား ပြည်သူများလက်ဝယ်သို့ သင့်တင့်မျှတသောဈေးဖြင့် ရောင်းချနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်၍ စားအုန်းဆီဝယ်လိုသည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်-

စစ်ကိုင်းခရိုင်- (၄၁၇၀) ပုံး(18 Liter စားအုန်းဆီပုံး) (၉.၈ပိဿာ)

- (၃၃၂၅)ဂျပ်ဖာ (2x9 Liter စားအုန်းဆီပုံး) (၉.၈ ပိဿာ)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၂၂-၃-၂၀၂၁)ရက် နံနက် ၉:၃၀နာရီတွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့် တင်ဒါများကို (၅-၄-၂၀၂၁)ရက် ညနေ ၄နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာမှာ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး၊ စစ်ကိုင်း မြို့ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၂-၂၁၁၇၉၊ ၀၇၂-၂၁၀၆၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်ခရိုင်၊ ငွေဆောင်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ဇီးဖြူကွင်းကျေးရွာနေ ဦးအောင်ထွန်းခင်- နော်သပလေးဖောတို့၏သမီး နော်ဂျတ်စမင်ရို(စ်) ၁၄/ငဆန(နိုင်) ၀၁၄၆၂၂သည် နေအိမ်မှ ထွက်ခွာသွားသည်မှာ ရက်ပေါင်းကြာမြင့်နေပါသည်။ သို့ပါ၍ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်ရောက်ရှိလာခြင်းမရှိပါက သမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ပြီး ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

ဦးအောင်ထွန်းခင် ၁၄/ပသန(နိုင်) ၁၂၄၁၀၁
နော်သပလေးဖော ၁၄/ပသန(နိုင်) ၀၁၉၈၂၈

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ မြင်းကန်ကျေးရွာနေ ကျွန်တော် ဦးမောင်မောင်လွင် ၉/မထလ(နိုင်)၁၅၈၆၀၂ ပိုင်ဆိုင်သော ကျွဲတလင်းအုပ်စု၊ ကွင်းအမှတ် -၈၃၉၊ မယ်ဇလီပင်ကွင်း၊ ဦးပိုင်အမှတ် (၃၄)၊ ၂ဒသမ၆၇ ဧကရှိသည့် လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇)မှာ ပျောက်ဆုံးနေပြီး သက်ဆိုင်ရာတွင် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးမောင်မောင်လွင်၊ ဖုန်း-၀၉-၄၂၅၄၇၈၃၁၆

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/မြို့မရပ်)၊ ဦးပိုင်အမှတ် (၆၀၀/၆၈၅)၊ မြေဧရိယာ(၀ဒသမ၀၆)ဧကရှိ အစိုးရ(မြို့မြေ)ကွက်အား ဒေါ်နန်းမအောင် (ဘ) ဦးဘမြင့် ၁၃/လရန(နိုင်) ၀၃၃၀၂၃မှ အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ဦးမျိုးလှိုင်(ခ)ဦးလွမ်းဝေလွင် ၁၄/ညတန(နိုင်) ၀၈၈၀၃၅သည် ကမ္ဘောဇရတနာဘဏ်(ညောင်တုန်းဘဏ်ခွဲ)တွင် ငွေကျပ် ၈၅၉၂၁၇၀၆.၄၉/-စု ဆောင်းထားရှိပါသည်။ ၎င်းသည် ၂၃-၁-၂၀၂၁ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။

ဦးမျိုးလှိုင် (ခ) ဦးလွမ်းဝေလွင် ကွယ်လွန်သွားသဖြင့် ၎င်း၏အစ်ကိုအရင်းဖြစ်သူ ဦးကိုကိုလှိုင် ၁၂/မရက(နိုင်) ၀၁၀၂၆၈ က ညီဖြစ်သူ စုဆောင်းထားသော အဆိုပါငွေများကို ကမ္ဘောဇရတနာဘဏ်မှ ထုတ်ယူမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကိုကိုလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်စပါယ်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၇၇)
အမှတ်(၁၁၉)၊ တတိယထပ်၊ (၁၅၇)လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၂၅၂၀၇၈၄၈၇၊ ၀၉-၄၂၂၄၇၆၃၇၃

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ် (၄)၊ ဦးပိုင်အမှတ် (၁၈၉/ခ)၊ မြေဧရိယာ ၀ဒသမ၀၇၆ ဧက ရှိမြေကွက်ကို မူလက ဦးနွန်ပြန်း အမည်ဖြင့် ၂-၄-၂၀၁၈ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ၆-၁၂-၂၀၁၂ရက်တွင် ဦးနွန်ပြန်းနှင့် ဦးနွန်ပြန်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးထွန်းထွန်းဦးတို့ထံမှ ဒေါ်လုမိုင်က နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ် ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်လုမိုင် ၅/အတန(နိုင်)၀၆၉၅၀၀ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၃-၉-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၁၀၈၂/၂၀၂၀)ကို ၄-၉-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၅၃၉/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့


# နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၁၇**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအား ဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

ဥတုရာသီ၊ တောကိုမှီ၏

## ဘုရား၊ ရဟန်း ဒါယကာကြီး
# ဗိုလ်ကြီး စိုးသိန်း(ငြိမ်း)
## ကြည်း-၈၃၉၉ (OTS 24)
## ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု (၁)ဝန်ကြီးဌာန
## အသက် (၉၁)နှစ်

အုတ်ဖိုမြို့နေ (ဦးစိန်-ဒေါ်ကြည်)တို့၏သား၊ (ဦးကံကြီးမောင်-ဒေါ်ကျောက်)တို့၏သားသမက်၊ အမှတ် (၅၃)၊ မာလာ မြိုင် (၃)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ခင်မေဝင်း၏ခင်ပွန်း၊ (ဦးညွန့်သိန်း)-ဒေါ်ညွန့်ညွန့်သန်း(MFTB-ငြိမ်း)တို့၏အစ်ကို၊ ဦးကျော်ကျော်မိုး-ဒေါ်စိုးစိမ့်ခိုင် (စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်း)၊ ဦးသန့်ဇင် (C/E Maersk)-ဒေါ်စိုးစိမ့်လတ်၊ (ဦးအောင်အောင်ကြည်)-ဒေါ်စိုးစိမ့်အိ(လက်ထောက်အတွင်းဝန်၊ စီမံကိန်းဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)၊ ဗိုလ်ကြီးစိုးလူလ(ငြိမ်း)တို့၏ ဖခင်ကြီး၊ ကိုစည်သူထက် (AYA ဘဏ်)၊ ကိုလင်းထက်အောင်၊ ကိုသီဟကျော်ဇင်တို့၏အဘိုးသည် ၁၆-၃-၂၀၂၁ ရက် နံနက် ၄:၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၂၁ ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အမှတ် (၅၃)၊ မာလာမြိုင် (၃)လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်ခင်မမ
## မူ/ပြ(ငြိမ်း)
## အထက(၁)ဒဂုံ
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းသွယ်၊ အမှတ် 84/C R.(301)၊ Golden Royal Sanyarsan ကွန်ဒိုနေ (ဦးကြည်-ဒေါ်အေးရင်)တို့၏သမီး၊ (ဒေါ်ရဲမာလွင်)(အထက-၁၊ ဒဂုံ-ငြိမ်း)၊ ဒေါ်အေးမာလွင်(အလက-၂၊ ဒဂုံ-ငြိမ်း)၊ ဦးကွန်းမော်ကြည် (မြန်မာ့အမျိုးသားလေကြောင်း-ငြိမ်း)-ဒေါ်စန်းစန်းဦး(အထက-၂၊ လသာ)၊ ဒေါက်တာဦးညွန့်နိုင်(အထွေထွေရောဂါအထူးကုသမားတော်ကြီး)-ဒေါ်ဝါဝါမော်ခင်တို့၏မိခင်၊ မောင်ဗညားကွန်းမော်(MMC, Raffles Shipping Company Ltd)၊ မောင်သူရိန်ကွန်းမော်(MMC, Lizstar Shipping Company Ltd)၊ မောင်ကောင်းပြည့်နိုင်(တတိယနှစ်ဆေးတက္ကသိုလ်-၁)တို့၏အဘွားသည် ၁၇-၃-၂၀၂၁ရက် နံနက် ၆နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၂၁ရက် နံနက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၂၁ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
# အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## မော်လမြိုင်မြို့နယ်တရားရုံးတော်၌
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် - ၆၈နှင့် ဆက်နွယ်သည့်
## ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၁၀၄

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်ဝင်း | **နှင့်** | ဦးဘီရာမူတူး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မော်လမြိုင်မြို့၊ တောင်ရှမ်းစုရပ်၊ မြို့ရှောင်လမ်းနေ တရားပြိုင်ဖြစ်သော ဦးဘီရာမူတူး (ယခုနေရပ်လိပ်စာမသိ) တရားရှုံးသိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၆၈တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဖြစ်သော ဒေါ်မြင့်မြင့်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဧပြီ ၆ရက် (၁၃၈၂ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၁ ခုနှစ် မတ် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုမွန်ထွေး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မော်လမြိုင်မြို့နယ်တရားရုံး**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
## ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အိန္ဒိယသမ္မတနိုင်ငံ၏ ပဉ္စမအကြိမ် အထောက်အပံ့ရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်းရှိမြို့နယ်များတွင် အဆောက်အအုံလုပ်ငန်း(၂)ခု အကောင်အထည်ဖော်ဆောက်လုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ၁၆-၃-၂၀၂၁ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို (၁၅-၄-၂၀၂၁)ရက် ညနေ ၄:၃၀နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဂေါက်ကွင်းလမ်း၊ မြို့သစ်ရပ်ကွက်၊ ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဟားခါးမြို့ဖြစ်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်း-၀၇၀-၂၁၅၈၅သို့ ဆက်သွယ်စုံစမ်း နိုင်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

**တည်ဆောက်ရေးတင်ဒါကော်မတီ**
**ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး**
**ဟားခါးမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
# ဦးစိုးညွန့်(ခ)အရှည်ကြီး
## အားကစားခတ်ပုံသတင်းထောက်
## အသက် (၇၀)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ သိင်္ဂီ (၃)လမ်း၊ အမှတ် (၃၆၁)နေ (ဦးလှမြင့်-ဒေါ်မြသင်)တို့၏သား၊ ဒေါ်ရင်ရင်မြိုင်၏ခင်ပွန်း၊ ဒေါ်သန်းသန်းလှ၏မောင်၊ ဒေါ်ခိုင်ဝါစိုး၊ ဦးကိုကိုစိုးညွန့်-ဒေါ်ခင်သူဇာဝင်း၊ ဦးဇော်ဇော်စိုးညွန့်-ဒေါ်သီတာဝင်း၊ ဒေါ်အိဝါစိုးညွန့်၊ ဦးညီညီစိုးညွန့်တို့၏ဖခင်၊ မောင်သော်ဇင်စိုးညွန့်ဇော်၊ မယဉ်ဘုန်းသံသာ၊ မောင်စိုးညွန့်ဘုန်းသော်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၇-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၁ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈နာရီ ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၂၁ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ဒေါ်ငွေကြည်(ရန်ကင်း)
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်း၊ အမှတ်(၁၃၆/၄)နေ (ဦးချစ်ဆွေ-ဒေါ်အေးညွန့်)တို့၏သမီး၊ (ဦးခင်စန်း)၏ဇနီး၊ ဒေါ်ဂန့်ဂေါ်စန်း၊ ဦးဝင်းမော်စန်း၊ ဦးဇော်ထူးဦး-ဒေါ်သင်းမာစန်း၊ (ဦးသိုက်မင်းစန်း)၊ ဦးခင်မောင်ဝင်း-ဒေါ်နေကြာစန်း၊ ဦးသီအောင်စန်း-ဒေါ်စန္ဒာဝင်းအေး၊ ဒေါ်ခွာညိုစန်း၊ ဒေါ်နွယ်နီစန်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၇-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၂၁ရက် (အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ သီးထိုးယင်သုတေသန ဓာတ်ခွဲခန်းမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် စက်ပစ္စည်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၁၉-၃-၂၀၂၁ ရက်မှ ၁၂-၄-၂၀၂၁ ရက်အထိ (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ရုံးအမှတ် (၅၀)၊ နေပြည်တော် |
| ၄။ | **တင်ဒါလျှောက်လွှာပိတ်ရက်/ တင်ဒါဖွင့်မည့်ရက်** | - | ၂၁-၄-၂၀၂၁ ရက် (၁၃:၀၀)နာရီ |

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၁၁၂၆၊ ၀၉-၅၀၅၅၈၁၂ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်
## အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၃ခ)၊ ဦးပိုင်အမှတ် (၆၃/တ+၆၃/ခ)၊ မြေဧရိယာ ၀ဒသမ၂၂၀ ဧက ရှိမြေကွက်ကို ခလရ (၄၆) အမည်ပေါက်ဖြင့် သက်ဆိုင်ရာ မြေရာစီမံခန့်ခွဲရေးကော်မတီမှ ခွဲဝေချထားပေးခဲ့ပြီး (၂၄-၆-၁၉၉၉) ရက်တွင် မူလပိုင်ရှင် ခလရ (၄၆)မှ တပ်ရေးဗိုလ်ကြီးဗိုလ်လှမိုးမြင့်ထံမှ ဒေါ်မိမိမာက လည်းကောင်း၊ ၇-၁၂-၂၀၀၅ရက်တွင် ဒေါ်မိမိမာထံမှ ဦးခင်မောင်ကလည်းကောင်း နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးခင်မောင် အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၄-၁၂-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ် (၁၃၃၄/၂၀၂၀)ကို ၂၄-၁၂-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံ တင်အမှတ် (၇၈၉/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ၄-၂-၂၀၂၁ရက်တွင် ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာတွင်ပါရှိသည့် ဟင်္သာတမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ် (၃၂)၊ ဦးပိုင်အမှတ် (၄၀ᵃ) ဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေနှင့်ပတ်သက်၍ ကြေညာချက်မှာ မမှန်ကန်ကြောင်း ဦးမျိုးမင်းနှင့် အများ သိစေရန် ကြေညာကန့်ကွက်ခြင်း

ဟင်္သာတမြို့၊ ရုံးကြီးရပ်ကွက်၊ ဦးရွှေဒွေးလမ်း၊ အမှတ် (၂၇၁)တွင်နေထိုင်သော ဒေါ်အမာကြည် (ဘ)ဦးကြည် ၁၄/ဟသတ(နိုင်)၀၁၆၂၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါအိမ်ရာမြေသည် ကွယ်လွန်သူ ဦးမြဝင်းနှင့် ဒေါ်အမာကြည်တို့၏ မိဘများဖြစ်သော ဦးကြည်-ဒေါ်တင်ရွှေတို့ပိုင်ဆိုင်ပြီး မိဘများကွယ်လွန်သောအခါ ဦးမြဝင်းနှင့် ဒေါ်အမာကြည်မောင်နှမနှစ်ဦးက အမွေဆက်ခံပိုင်ဆိုင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဦးမြဝင်းအမည်ပေါက်ပါသည်။ ဦးမြဝင်းမကွယ်လွန်မီကတည်းက ညီမဖြစ်သူ ဒေါ်အမာကြည်အား အသိသက်သေများရှေ့မှောက်တွင် စာချုပ်စာတမ်းချုပ်ဆို၍ လက်ရောက်ပေးအပ်ခဲ့သဖြင့် ဦးမြဝင်း ကွယ်လွန်သောအခါ ညီမဖြစ်သူ ဒေါ်အမာကြည်နှင့် ဦးမြဝင်း၏ ကိတ္တိမမွေးစားသမီး မဆုပဟေမာန်တို့က အမွေဆက်ခံပိုင်ဆိုင်သော အိမ်ရာမြေဖြစ်ပါသည်။ ဦးမျိုးမင်းက မမှန်မကန်လိမ်ညာ၍ ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိသူအဖြစ် အမည်ပြောင်းလျှောက်ထားခြင်းအား ကန့်ကွက်ကြောင်း ဦးမျိုးမင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင့်ဆန်း (LL.B) (Advocate)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၆၂၈၀ (၄-၁၂-၁၉၉၅)**
**အမှတ် (၁၆၇)၊ မဟာစည်လမ်း၊ တာငါးဆယ်မြောက်၊ ဟင်္သာတမြို့၊**
**ဖုန်း-၀၉-၄၂၂၄၄၇၇၉**

## စံလွန်တော်မူခြင်း
# ဝါဆိုတောင် ဆရာတော်ကြီး အရှင်တေဇိန္ဒ(ထားဝယ်)
## သက်တော်(၁၀၀)၊ ဝါတော်(၄၀)

မှော်ဘီမြို့၊ စန္ဒကူးမြိုင်သာသနာ့ရိပ်သာ၊ နာယကဆရာတော်၊ ဝါဆိုတောင် ဆရာတော်ကြီး အရှင်တေဇိန္ဒ (ထားဝယ်) သည် ၁၅-၃-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် မင်္ဂလာဒုံ (ခုတင်-၁၀၀၀)စစ်ဆေးရုံတွင် ခန္ဓာဝန်ချတော်မူပါသည်။ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပပူဇော်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြား သိစေအပ်ပါသည်။

**တပည့် ဒါယကာ၊ ဒါယိကာမများ(ကိုယ်စား)**
**စန္ဒကူးမြိုင် သာသနာ့ရိပ်သာ ဆရာတော်**
**အရှင်ပညာဝံသ (ဒေါက်တာဖေဉာဏ်)**

# အများသိစေရန် ကန့်ကွက်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ခခ-၂/၄၇) နေ ဒေါ်နန်းခင်နှင်းဖြူ (ဘ)ဦးကျော်လှ ၁၃/မဆတ(နိုင်)၀၂၉၇၇၃ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကန့်ကွက်ကြေညာလိုက်ပါသည်။

ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ရှိ ကောင်းမူတုံရပ်ကွက်၊ နယ်မြေ (အားကစားကွင်းအနောက်ဘက်) အကွက်အမှတ်-၆၇၆/၆၇၇၊ ဦးပိုင်အမှတ် (၇၇/၁၀၄)၊ ဧရိယာ (၀ဒသမ၂၂၀)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ရှိ ကောင်းမူတုံရပ်ကွက်၊ အကွက်အမှတ်(၂၀)၊ ဦးပိုင်(၂၈)၊ မြေဧရိယာ (၀ဒသမ၀၃၃)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်တို့သည် ဦးစိုင်းထွန်းအား (ဘ)ဦးလှဦး ၁၄/ဖပန(နိုင်)၀၉၃၀၁၄ ကိုင်ဆောင်သူအမည်ဖြင့် ရရှိထားသည့် နှစ်(၃၀)ဂရန်သက်တမ်းရှိသည့် ဂရန်မြေကွက် (၂)ကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဂရန်မြေကွက်(၂)ကွက်အား ဦးစိုင်းထွန်းအေး (ဘ)ဦးလှဦး ၁၄/ဖပန(နိုင်)၀၉၃၀၁၄ ကိုင်ဆောင်သူမှ ကျွန်ုပ်တို့အမှုသည် ဒေါ်နန်းခင်နှင်းဖြူ (ဘ)ဦးကျော်လှ ၁၃/မဆတ(နိုင်)၀၂၉၇၇၃ ကိုင်ဆောင်သူထံသို့ လွှဲပြောင်းပေးခဲ့သော ဂရန်မြေကွက် (၂)ကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်(၂)ကွက်နှင့် ပတ်သက်သည့် ဂရန်စာချုပ်စာတမ်းမူရင်းများသည်လည်း ကျွန်ုပ်တို့အမှုသည် ဒေါ်နန်းခင်နှင်းဖြူ လက်ဝယ်တွင် ယနေ့အချိန်အထိ ရှိနေပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါဂရန်မြေကွက်(၂)နှင့် ပတ်သက်၍ ကျွန်ုပ်တို့အမှုသည်ဖြစ်သူ ဒေါ်နန်းခင်နှင်းဖြူ မသိရှိဘဲ ဂရန်အပျောက်လျှောက်ထားခြင်း၊ ဂရန်အမည်ပြောင်းလဲခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းများ လုံးဝခွင့်မပြုပါကြောင်း အများသိစေရန် ကန့်ကွက်ကြေညာလိုက်ပါသည်။

**အမှုသည်၏လွှဲအပ်ချက်အရ -**

| | | |
|---|---|---|
| **ဒေါ်နှောင်းနှောင်းအေး(ဥပဒေမဟာသုတေသနဘွဲ့)** | | **ဦးဉာဏ်ဝင်းအောင် (LL.B,D.I.R, D.P.S)၊** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၆၂)** | | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၃၉)** |
| **ဦးအောင်မြင့်သူ(LL.B)** | **ဦးဇင်ထွန်းအောင် (LL.B)** | **ဦးငယ်ငယ်လမင်းခန့် (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၉၁၈၀)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၁၁၇)** | **အထက်တန်းရှေ့နေ (စဉ်-၄၉၈၇၆)** |

**"ကျော်"ဥပဒေရုံးခန်း**
**ဖုန်း-၀၉-၇၇၁၇၁၃၇၈၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ဒက္ခိဏခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၀၆

| | | |
|---|---|---|
| ဆန္ဒဘုန်းပြည့်မိသားစုကုမ္ပဏီလီမိတက်(ခ) | **နှင့်** | ၁။ ဦးဇော်မင်းထွဋ် |
| ဆန္ဒဘုန်းပြည့်မြန်မာဂရုအော့ဖ်ကုမ္ပဏီလီမိတက် | | ၂။ ဒေါ်နန္ဒာဝင်း(ခ) |
| (ယင်းကုမ္ပဏီလီမိတက်ကိုယ်စား ဒေါ်မေသူအောင်၊ မန်နေဂျာ) | | ဒေါ်နန္ဒာဝင်းမောင် |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ ဒေါနဘွားရပ်၊ သစ်တောမျိုးဥယျာဉ်အနီး၊ ဆင်လမ်းမကြီး၊ အမှတ် (၄၄)၊ အခန်း (၃)၊ တိုက်အမှတ် (၁၁၂)နေ ဦးဇော်မင်းထွဋ် (ဘ)ဦးအောင်မြင့်သိန်းနှင့် ဒေါ်နန္ဒာဝင်း(ခ)ဒေါ်နန္ဒာဝင်းမောင် (ယခုနေလိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၂၁-၇-၂၀၁၇ရက်နေ့ ယုံကြည်အပ်နှံခြင်းနှစ်ဦး သဘောတူကတိစာချုပ်ပါငွေ ၁၀၈၈၀၀၀၀၀/-နှင့် ငွေနစ်နာမှုအတွက် ငွေနာကြေး ၁၀၀၀၀၀၀၀/- စုစုပေါင်းငွေ ၁၁၈၈၀၀၀၀၀/- ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် ဧပြီ ၅ရက် (၁၃၈၂ ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် မတ် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်ဝတ်မှုန်)**
**ဒုတိယခရိုင်တရားသူကြီး**
**ဒက္ခိဏခရိုင်တရားရုံး**

## (၁)မောင်ထွန်းလှိုင်ဝင်း(ဘ)ဦးကျော်ကျားရှင်း
## ၁၃/တကန(ပြု)၀၀၀၂၉၅
## (၂)မောင်သန်းထွန်း (ဘ)ဦးကျော်ကျားရှင်း
## ၁၃/တကန(ပြု)၀၀၀၂၉၆နှင့်
## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ အေးချမ်းအောင်လမ်း၊ နယ်မြေ (၁၂)၊ အမှတ် (၁၂/၆၇)နေ ဦးကျော်ကြားချွန်း (ဘ)ဦးကော်ကျိန်ဆင် ၁၃/တကန(နိုင်)၁၂၉၄၉၃၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်သည်မှာ-

ဦးကျော်ကြားချွန်းက မောင်ထွန်းလှိုင်ဝင်းနှင့် မောင်သန်းထွန်းတို့အား မိမိ၏ စီးပွားရေး/လူမှုရေးကိစ္စအဝဝတွင် လုံးဝပါဝင်ပတ်သက်စေခြင်းမရှိတော့သည့် နည်းတူအပြန်အလှန်အားဖြင့် ၎င်းတို့၏အရေးကိစ္စအဝဝကိုလည်း အသိအမှတ်မပြု တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ဥမ္မာဝင်း LL.B, LL.M (တရားလွှတ်တော်ရှေ့နေ) (စဉ်-၉၉၆၇/၂၀၁၄)**
**ဦးကောင်းထက် LL.B (အထက်တန်းရှေ့နေ) (စဉ်-၅၂၅၆၀/၂၀၂၀)**
**Cherry Legal Group Co.,Ltd. အမှတ် ၂၀၇၊ ရေထွက်ဦးလမ်း၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့**

## မွေးသက္ကရာဇ်အမှန်

ရသေ့တောင်မြို့နယ်၊ ကပ်ချောင်းကျေးရွာနေ ဦးသာဇံလှ၏သမီး မငွေးကြည် ၁၁/ရသတ(နိုင်)၀၅၅၉၉၈ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ၂၃-၂-၁၉၈၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အထက(၆) မှ မူလတန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်စဝ်စန္ဒီ ၁၃/တကန(နိုင်)၀၁၄၇၃၇ ၏ဖခင် ဦးစဝ်စိုးဝင်း (ခ) ဦးခင်စိုးဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ရွာမရပ်ကွက်နေ ဦးဘိုကြီး၏သား ဦးအောင်ဇော်လင်း၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၁၂-၁၉၇၇) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ အကွက်အမှတ် (၃၈)၊ မြို့မဈေးအကွက်၊ ဦးပိုင်အမှတ် (၁၆-ခ)၊ ဧရိယာ ၀ဒသမ၀၀၆ ဧကနှင့် ဦးပိုင်အမှတ် (၁၇-ခ)၊ ဧရိယာ ၀ဒသမ၀၀၃ဧကတို့ရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဒေါ်မိဒုံ(ခ)ဒေါ်ခိုင်စံ ဖြူဖြူဖြစ်ပြီး ၎င်း၏အမွေကို ဆက်ခံပိုင်ဆိုင်လာကာ လက်ရှိနေထိုင်သော သား၊ သမီးများက အမည်ပြောင်းလဲမှုအပေါ် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သန်းရီပါ (၇)ဦး**

## သွေးသည် အသက်

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များအား သတင်းထုတ်ပြန်ချက်

**နေပြည်တော် မတ် ၁၇**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအား ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ အဖွဲ့ဝင်(၆)ဦးဖြင့် ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း နိုင်ငံခြားငွေစာရင်း(၃)ခုသို့ ပြည်ပနိုင်ငံများမှ NGO/INGO နှင့် အသင်းအဖွဲ့များဖြစ်သော အင်္ဂလန်နိုင်ငံ RBC Trustees(UK)မှ ပေါင်စတာလင် ၉ သိန်းကျော်နှင့် ညီမျှသော အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းနှင့် တရုတ်နိုင်ငံ Yunan International Non-Government Organization (YINGOs)မှ ယွမ် ၂၂ သန်းခန့်နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းကျော်အပါအဝင် အမေရိကန်နိုင်ငံမှ Suu Foundation ၊မွန်ဂိုလီးယား၊ ချက်ရီပတ်ဗလစ်၊ အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်၊ အီတလီ၊ တူရကီ၊ စင်ကာပူ၊ အိန္ဒိယနှင့် နယူးဇီလန်နိုင်ငံများနှင့် ထိုင်ဝမ်တို့မှ ကုမ္ပဏီများ၊ ပုဂ္ဂလိက အလှူရှင်များနှင့် ပြည်တွင်းရှိ အလှူရှင်များ၏ နိုင်ငံခြားငွေများဖြင့် လှူဒါန်းငွေစုစုပေါင်း အမေရိကန်ဒေါ်လာ(၇,၉၀၀,၆၄၇.၇၁)(USD ၇ ဒသမ ၉ သန်းကျော်)ရှိပြီး ထုတ်ယူသုံးစွဲငွေအမေရိကန်ဒေါ်လာ(၆,၈၁၃,၅၈၇.၃၈)(USD ၆ ဒသမ ၈ သန်းကျော်)ဖြစ်ကာ လက်ကျန်ငွေ အမေရိကန်ဒေါ်လာ(၁,၀၈၇,၀၆၀.၃၃)(USD ၁ သန်းကျော်) ဖြစ်သည်။

အဆိုပါကာလအတွင်း မြန်မာကျပ်ငွေစာရင်း(၁၃)ခုသို့ ပြည်တွင်း/ပြည်ပရှိ ငွေကျပ်သိန်း(၁၀၀) အထက် အလှူရှင်(၅၁)ဦးအပါအဝင် အလှူရှင်များ၏လှူဒါန်းမှုငွေအဝင်စာရင်း စုစုပေါင်းမှာ ကျပ်(၃၆,၇၃၆,၃၂၈,၆၆၆.၃၃) (ကျပ် ၃၆ ဒသမ ၇ ဘီလျံကျော်) ဖြစ်ပြီး ငွေအထွက်စာရင်းစုစုပေါင်း မှာ ကျပ်(၃၀,၆၉၃,၄၂၇,၉၇၉) (ကျပ် ၃၀ ဒသမ ၆ ဘီလျံကျော်) ဖြစ်ကာ လက်ကျန်ငွေကျပ် (၆,၀၄၂,၉၀၀,၆၈၇.၃၃) (ကျပ် ၆ ဒသမ ၀၄ ဘီလျံကျော်) ဖြစ်ပါသည်။ ထို့အပြင် မြန်မာ့စီးပွားရေးဘဏ်(ကော့မှူး)၊ သမဝါယမဘဏ်(CB)၊ ရှေ့ဝတီဘဏ် (AYA)၊ ယူနိုက်တက်အမရာဘဏ်(UAB)နှင့် ကမ္ဘောဇဘဏ်(KBZ) တို့ရှိ စာရင်းရှင်အပ်ငွေ (Current Account) (၈)ခု၏ လက်ကျန်ငွေစုစုပေါင်းမှာ ငွေကျပ် (၁၇,၈၂၄,၁၈၅) (ကျပ် ၁၇ ဒသမ ၈ သန်းကျော်) ဖြစ်ကြောင်း တွေ့ရှိရသည်။

သုံးစွဲငွေများအနက်မှ နေပြည်တော်၌ လရောင်တောစိုက်ပျိုးသက်မွေးပညာ သင်တန်းကျောင်း (HTA)နှင့် အထောက်အပံ့အဆောက်အဦ (Facility Site)၏ မြေဧရိယာ (၁၀၁ ဒသမ ၃၃) ဧကနှင့် လက်တွေ့စိုက်ခင်း မြေဧရိယာ(၂၃ ဒသမ ၈၅၅)ဧက တို့၏ မြေဖိုးငွေပေးသွင်းစရိတ်များအပါအဝင် သီဟမင်းဆွေကုမ္ပဏီဖြင့် ဆောက်လုပ်ခဲ့သော အဆောက်အဦများနှင့် ဆက်စပ်လုပ်ငန်းများ (တန်ဖိုးကျပ် ၃၇,၁၇၁.၂၃ သိန်း)(ကျပ် ၃ ဒသမ ၇၁ ဘီလျံကျော်)အားသုံးစွဲခဲ့ကြောင်း တွေ့ရှိရသည်။



ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်- ၆၀ ရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရုံးချုပ်(ရန်ကုန်)ကို တွေ့ရစဉ်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရုံးချုပ်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၆၀)ရှိ မြေနှင့် အဆောက်အဦးအား တစ်လလျှင် ငွေကျပ် ၁၅ သိန်းဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက် အထိ ၅ နှစ် ငှားရမ်းဖွင့်လှစ်ခဲ့ပါသည်။ ရန်ကုန်မြို့ရှိ ဖောင်ဒေးရှင်းရုံးချုပ်မြေနှင့် အဆောက်အဦငှားရမ်းခြင်းနှင့် ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာန၏

*စာမျက်နှာ ၈ ကော်လံ ၁* ❃

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၇၅၅၈၈ ဦး၊ အတွင်းလူနာ ၄၀၆၉ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ

*စာမျက်နှာ ၂၇ ကော်လံ ၁* ❖



မန္တလေးမြို့တပ်မတော်ဆေးရုံတွင် ဒေသခံပြည်သူတစ်ဦးအား ဆေးကုသပေးနေစဉ်။

## ဥရောပဆေးဘက်ဆိုင်ရာ အာဏာပိုင်များက ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများအားလုံး၏ ဆိုးကျိုးများအားလုံးကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်

စာမျက်နှာ » ၁၃

................

## ကာကွယ်ဆေးနှင့် သွေးခဲမှုဖြစ်စဉ်အကြား ဆက်စပ်မှုမရှိဟု အက်စ်ထရာဇနီကာ ကုမ္ပဏီကပြော

စာမျက်နှာ » ၁၄